ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 10 November 2020 ၁၀၁၉၂

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း

ကိုဗစ်-၁၉ ရောဂါ ကြားထဲကနေ ရွေးကောက်ပွဲများ အောင်အောင်မြင်မြင်နဲ့ ဖြစ်မြောက်အောင်လုပ်ပေးကြတဲ့ ပြည်သူလူထုအားလုံးကို အင်မတန်မှ ကျေးဇူးတင်ပါတယ်။ အထူးပဲ ဂုဏ်ပြုပါတယ်လို့ ပြောရင်းနဲ့ စချင်ပါတယ်။ အခု ရွေးကောက်ပွဲမှာဆိုရင် ပြည်သူတွေ လုံလုံခြုံခြုံနဲ့၊ ကျန်းမာရေးဘက်က လုံလုံခြုံခြုံနဲ့ မဲပေးနိုင်ဖို့အတွက် ကျွန်မတို့အင်မတန်မှကြိုးစားခဲ့ပါတယ်။ ကြိုးစားခဲ့ရကျိုးလည်းနပ်တယ်လို့လည်း ကျွန်မတို့က မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူတွေကလည်း တက်တက်ကြွကြွနဲ့ ပါဝင်တယ်၊ မဲပေးကြတယ်။ အစီအစဉ်တွေကလည်း အင်မတန်မှ စနစ်ကျတယ်၊ အင်မတန်မှ ကျေနပ်ဖွယ်ရာကောင်းတယ်ဆိုတဲ့ အသံတွေလည်း ကြားရလို့ ကျွန်မတို့အနေနဲ့ အင်မတန်မှလည်း အားရပါတယ်။ ဒီလို ဖြစ်မြောက်ရေးအတွက်ကို ကျေးဇူးတင်ရမှာကတော့ ပထမဦးဆုံးကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ပေါ့။ နောက်ပြီးတော့ ရွေးကောက်ပွဲကော်မရှင်ကို ဝိုင်းဝန်းပံ့ပိုးပေးကြတဲ့ ဌာနအသီးသီးပေါ့။ ဒါပေမယ့် ပထမဦးဆုံးကတော့ ပြည်သူပေါ့။ အားလုံးအထက်ကတော့ပြည်သူပဲ။ ပြည်သူသာလျှင် အဓိက၊ ပြည်သူမပါဘဲနဲ့ ဘာမှအောင်မြင်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် အခုရွေးကောက်ပွဲမှာ အောင်အောင်မြင်မြင် ဖြစ်တာလည်း ပြည်သူကြောင့်ပါပဲ။

ရွေးကောက်ပွဲဆိုတော့ ရွေးကောက်ပွဲအကြောင်းပဲ အခုပြောချင်ကြတာပေါ့။ ဒါပေမယ့် ကျွန်မအနေနဲ့ ကိုဗစ်-၁၉

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။

**သိတဲ့ အတိုင်းပဲ တစ်ပတ်၊ နှစ်ပတ် အတွင်းမှာ ဆိုရင် ကိုဗစ်-၁၉ ပြန့်ပွားမှုဟာ တန့်နေတဲ့ သဘော ရှိပါတယ်။ ဒါပေမယ့် သေသေချာချာ ကျအောင်လို့ လုပ်ဖို့ဟာ အများကြီး လိုပါသေးတယ်။ ဒါလည်း အားလုံးပူးပေါင်းပြီး ဆောင်ရွက်ကြမယ်လို့ ယုံကြည်ပါတယ်။**

ကြေးမုံ ယနေ့ ဖတ်စရာ

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၄

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၈

**ရန်ကုန်တက္ကသိုလ်က အပ်နှင်းချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ**

စာမျက်နှာ » ၁၈

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## ရောဂါကာကွယ်ရေး ဆက်လက်အလေးထား

ယခုအခါ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပြီးစီးခဲ့ပေပြီ။ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အရေးကို တာဝန်ကျေပွန်စွာ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သော်လည်း တစ်နိုင်ငံလုံး၏အရေးတစ်ခုဖြစ်သည့် မပြီးဆုံးသေးသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကို အားလုံးဆက်လက်ပူးပေါင်းပါဝင်ကြိုးပမ်းအားထုတ်ကြရဦးမည် ဖြစ်သည်။

ရွေးကောက်ပွဲမတိုင်မီအကြိုကာလနှင့် အထွေထွေရွေးကောက်ပွဲများ ကျင်းပသည့်နေ့၌ နိုင်ငံတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပခဲ့သည်ဆိုသော်လည်း ရွေးကောက်ပွဲအကြိုမဲဆွယ်စည်းရုံးရေးကာလက ကျန်းမာရေးစည်းကမ်းများအား အများစုလိုက်နာမှုအားနည်းခဲ့သည်ကို တွေ့ရသည်။ အထွေထွေရွေးကောက်ပွဲနေ့တွင် များသောအားဖြင့် ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပနိုင်ခဲ့သော်လည်း မဲဆန္ဒရှင်များပြားလွန်းသော မဲရုံနယ်မြေများ၌ ကျန်းမာရေးစည်းကမ်းများ လိုက်နာမှုအားနည်းခဲ့သည်ကို တွေ့ရသည်။

ရွေးကောက်ပွဲဆိုသည်မှာ လူစုလူဝေး လူအများနှင့်ခင်းကျင်းရသောပွဲဖြစ်၍ ကျန်းမာရေးစည်းကမ်းအရ လုပ်ကိုင်ကြသည်ဆိုသော်လည်း စည်းကမ်းပိုင်း၌ အားနည်းသည်နှင့်အမျှ အခန့်မသင့်လျှင် ရောဂါဖြစ်ပွားနိုင်သည်ကို ခန့်မှန်းကြည့်နိုင်ပေသည်။ ထို့ကြောင့် နိုဝင်ဘာလ ၈ ရက်နေ့ အထွေထွေရွေးကောက်ပွဲကျင်းပပြီးသည်နှင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြန်လည်သတိမူဆင်ခြင်ကာ ရောဂါကာကွယ်ရေးနှင့် ရောဂါဖြစ်ပွားနိုင်မှု အလားအလာများကို ဆန်းစစ်ကြည့်ရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ်ရှိပါက ဆေးရုံသို့ချက်ချင်းပြသ စစ်ဆေးကြည့်ရန်လိုပြီး ရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်မှုများကို မပေါ့မဆ ဆက်လက်ဆောင်ရွက်သွားဖို့လိုပါသည်။

မြန်မာနိုင်ငံရွေးကောက်ပွဲနေ့နှင့် မရှေးမနှောင်းကျင်းပခဲ့သော အမေရိကန်နိုင်ငံရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲအကြိုကာလများက အမေရိကန်ပြည်ထောင်စုမှ ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကို ခေတ္တမေ့လျော့ပြီး ရွေးကောက်ပွဲများကို အထူးအာရုံစိုက်စိတ်ဝင်စားကာ လူထုစုဝေးလှုပ်ရှားမှုများ မြင့်မားခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် နိုဝင်ဘာလ ၄ ရက်နေ့၌ နေ့အလိုက် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၉၉၆၆၀ ရှိခဲ့ပြီး နိုဝင်ဘာလ ၅ ရက်နေ့တွင် ပိုးတွေ့သူ ၂၃၄၃၅ ဦးထပ်တိုးကာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအသစ် ၁၂၀၀၀၀ ကျော်သဖြင့် နေ့အလိုက်တစ်ရက်တည်း ဗိုင်းရပ်စ်ကူးစက်ခံရမှုတွင် အမြင့်ဆုံးစံချိန်ချိုးခဲ့သည်။ အမေရိကန်နိုင်ငံရွေးကောက်ပွဲကာလတွင် လူထုစိတ်ဝင်စားလှုပ်ရှားမှုမြင့်မားခဲ့သလို ရောဂါကူးစက်ဖြစ်ပွားမှု အမြင့်မားဆုံးဖြစ်ခဲ့သည်မှာ သင်ခန်းစာယူစရာ ဖြစ်သည်။

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားစဉ်မှ နိုဝင်ဘာလ ၅ ရက်နေ့အထိ ရောဂါဖြစ်ပွားမှုအများဆုံးနိုင်ငံ ၉၀ စာရင်းတွင် မြန်မာနိုင်ငံက ရောဂါဖြစ်ပွားသူ ခြောက်သောင်းနီးပါး၊ သေဆုံးသူ ၁၃၀၀ ကျော်ဖြင့် အဆင့် ၇၇ တွင် ရှိနေဆဲဖြစ်သော်လည်း အာဆီယံဒေသတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုစာရင်း၌ မြန်မာနိုင်ငံသည် ကူးစက်မှုအဆင့် တတိယနေရာသို့ ရောက်လာကြောင်း ကိုဗစ်စာရင်းဇယားများတွင် ဖော်ပြထားသည်။ ယခုလက်ရှိတွင် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုသည် နေ့အလိုက် လူတစ်ထောင်ဝန်းကျင်ကူးစက်ခံရပြီး လူနှစ်ဆယ်ပတ်ဝန်းကျင် သေဆုံးသဖြင့် ယင်းအခြေအနေသည် ကျရိပ်ရှိသောအခြေအနေဖြစ်သော်လည်း ရွေးကောက်ပွဲ နောက်ဆက်တွဲကာလအခြေအနေများကို အထူးသတိထားစောင့်ကြည့်ရမည် ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါသည် လူအများနှင့်အတူ ဆက်လက်ရှိနေမည်ဖြစ်ပြီး ရောဂါကာကွယ်ဆေးများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်မှသာ ရောဂါကို ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ကာကွယ်ဆေးပေါ်ထွက်ပြီး လူအများစု မသုံးစွဲနိုင်မီအချိန်အထိ ကိုဗစ်-၁၉ ကူးစက်မှု ဒုတိယလှိုင်း၏ နောက်တွင်လည်း ကူးစက်မှုလှိုင်းငယ်များ ဆက်လက်ရှိလာနိုင်သည်။ ရောဂါဖြစ်ပွားမှုကာလကြာရှည်လာသည်နှင့်အမျှ ပြည်သူများမှာ အခက်အခဲ အကျပ်အတည်းများ ရှိလာသည်မှာမှန်သော်လည်း ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်သည်အထိ စိတ်ရှည်သည်းခံ၊ စည်းကမ်းလိုက်နာကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် လျင်မြန်စွာကူးစက်ပျံ့နှံ့သော ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးကို ကြိုးပမ်းဆောင်ရွက်ရာ၌ လျင်မြန်စွာဆုံးဖြတ်ချက်ချ တုံ့ပြန်မှုသည်အရေးကြီးသဖြင့် ရောဂါဖြစ်လျှင် ချက်ချင်းပြသကုသဆောင်ရွက်ရန်နှင့် စည်းကမ်းများကို မိမိတို့၏သေရေးရှင်ရေးကဲ့သို့သဘောထားကာ တိကျစွာလိုက်နာပါက ကိုဗစ်လှိုင်းများ လျော့ပါးပြေလျော့သွားပြီး ကိုဗစ်-၁၉ ရောဂါလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များ ဖိတ်ခေါ်ခြင်း

- COVID-19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး(severe acute respiratory syndrome coronavirus 2-SARS-CoV-2)ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း (Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma)အား အသုံးပြု၍ COVID-19 ရောဂါပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။
- ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS-CoV-2) ကူးစက်ခံရပြီး (၂၈)ရက်တိတိ ပကတိပြန်လည်နေထိုင်ကောင်းလာသူများအနေဖြင့် ၎င်းတို့၏သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါပြင်းထန်စွာ ခံစားနေရသောလူနာများ၏ အသက်ကိုကယ်တင်ပေးနိုင်မည်ဖြစ်သည်။
- သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine)ကိုအသုံးပြု၍ သွေးရည်ကြည် (၄၀၀)စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂)ဦးမှ (၃)ဦး အတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှတစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည်အလှူရှင်မှာ သွေးအားလျော့နည်းသွားခြင်းမရှိပါ။
- ဤကဲ့သို့သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ်(၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည်လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ်လူနာအသက်များကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။
- သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS-CoV-2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူဖြစ်ရပါမည်။ အသက် (၁၈) နှစ်မှ (၆၀) နှစ်ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား)နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည် မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။
- အမျိုးသားသွေးဌာနမှ COVID-19 ရောဂါမှပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည်လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID-19 ရောဂါ ပြင်းထန်သော လူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။
- သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
  - ၀၉-၅၁၃၀၄၁၈
  - ၀၉-၅၄၀၂၀၉၈
  - ၀၉-၉၆၅၁၃၀၄၁၈
  - www.donatebloodmyanmar.org

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၉

ပူတာအို
၁၀ ဒီဂရီစင်တီဂရိတ်

မင်းတပ်
၁၀ ဒီဂရီစင်တီဂရိတ်

ဟားခါး
၁၀ ဒီဂရီစင်တီဂရိတ်

တီးတိန်
၁၀ ဒီဂရီစင်တီဂရိတ်

မိုးကုတ်
၁၀ ဒီဂရီစင်တီဂရိတ်

နမ့်စန်
၁၁ ဒီဂရီစင်တီဂရိတ်

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉-၁၁-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၉,၉၀၀ | ၁၄၇ | ၁,၄၅၈,၀၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၂၁ | ၇၇,၇၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၁၄၆ | ၁,၂၂၅,၀၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၂ | ၄၄,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၄၀ | ၁၀၈,၀၀၀ |
| EFR | ၄,၂၀၀ | ၄,၂၀၀ | ၈၁ | ၃၄၀,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၉

ရန်ကုန်(ရွှေဈေး) ၁၃၁၆၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၆၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၅၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၄၉၀/၅၃၅ ကျပ် | ၅၃၅/၅၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၉၅/၆၁၀ ကျပ် | ၆၅၀/၆၇၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅/၄၉၅ ကျပ် | ၅၂၅/၅၃၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | | |
|---|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၂၅ | ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၃၅ | ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၂၀ | ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၈.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၀.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅.၉၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၂၁၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၃.၄၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၃၉၉ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၈.၁၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၉.၄၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၄.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၅၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရွှေဖုံးမှ

ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌအနေနဲ့ ပြောနေတယ်ဆိုတော့ ကိုဗစ် - ၁၉ အကြောင်းပဲ ပြောပါမယ်။ ရွေးကောက်ပွဲအကြောင်းကိုတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သင့်တော်တဲ့အချိန်မှာ ပြောမှာဖြစ်ပါတယ်။ ကျွန်မတို့အခုဆိုရင် စိန်ခေါ်မှုကြီး (၂)ခုပေါ့။ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပရေးနဲ့ ကိုဗစ်-၁၉ ကို အောင်မြင်စွာကျော်လွှားရေး၊ ဒီနှစ်ခုကိုကြည့်တဲ့အခါ တစ်ခုကိုတော့ ကျော်လွှားခဲ့ပြီ၊ နောက်တစ်ခုကိုတော့ အောင်မြင်စွာ ကျော်လွှားအောင်လို့ ဝိုင်းဝန်းပြီးတော့ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲဒါကိုလည်း ပြည်သူတွေရဲ့ စိတ်ဓာတ်နဲ့ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ အောင်မြင်မယ်လို့ ကျွန်မတို့ ယူဆပါတယ်။ သိတဲ့အတိုင်းပဲ တစ်ပတ်၊ နှစ်ပတ်အတွင်းမှာဆိုရင် ကိုဗစ် - ၁၉ ပြန့်ပွားမှုဟာ တန့်နေတဲ့ သဘောရှိပါတယ်။ ဒါပေမယ့် သေသေချာချာ ကျအောင်လို့ လုပ်ဖို့ဟာ အများကြီးလိုပါသေးတယ်။ ဒါလည်း အားလုံးပူးပေါင်းပြီး ဆောင်ရွက်ကြမယ်လို့ ယုံကြည်ပါတယ်။ ဒီဟာနဲ့ပတ်သက်ရင် ကိုဗစ် - ၁၉ ကြောင့် ရွေးကောက်ပွဲကာလမှာ ကန့်သတ်ချက်တွေထားရပါတယ်။ အဲ့ဒါကိုလည်း တချို့ ပြည်သူတွေက မဝံ့မရဲဖြစ်ခဲ့တယ်ဆိုရင် ကျွန်မအနေနဲ့ တောင်းပန်ပါတယ်။ ရွေးကောက်ပွဲမှာဆိုတော့ အားလုံးက တက်တက်ကြွကြွနဲ့ ကိုယ့်ရဲ့ဆန္ဒကိုထုတ်ဖော်ပြောချင်တယ်။ ရွေးကောက်ပွဲမတိုင်မီကာလမှာလည်း ဒီလိုပဲထုတ်ဖော်ပြောချင်ကြတယ်။ ရွေးကောက်ပွဲ ပြီးတဲ့အခါကျတော့လည်း လူစုလူဝေးနဲ့ ရလဒ်တွေကို နားထောင်ချင်ကြတယ်။ နောက်ပြီးတော့ ဆွေးနွေးချင်ကြတယ်။ ဒါတွေကတော့ အင်မတန်မှ သဘာဝကျပါတယ်။ သို့သော်ငြားလည်း ကျန်းမာရေးလိုအပ်ချက်အရ ကျွန်မတို့အနေနဲ့ ဒီလို လူစုလူဝေးလုပ်ခြင်းကို ရှောင်ကြဉ်ပါဆိုပြီးတော့ မေတ္တာရပ်ခံခဲ့ရပါတယ်။ အဲဒါကိုလည်း ပြည်သူလူထုအနေနဲ့ လိုက်လျောပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ လူစုလူဝေးတွေကတော့ ဖြစ်ခဲ့တာလေးတွေလည်းရှိပါတယ်။ ဒါကတော့ မလွဲမရှောင်သာဘူးလို့ပဲ ကျွန်မတို့ ဒီလိုပဲ ကြည့်ရပါတယ်။ ရွေးကောက်ပွဲကာလမှာ ဒီလောက်ဖြစ်တယ်ဆိုတာကတော့ သိပ်ပြီးတော့ အံ့အားသင့်စရာအကြောင်း မရှိပါဘူး။

နောက်တစ်ခုကလည်း ကိုဗစ် - ၁၉ ရောဂါနဲ့ ပတ်သက်တဲ့ အစီအစဉ်တွေ၊ ကန့်သတ်ချက်တွေကြောင့် မဲမပေးနိုင်ခဲ့တဲ့ ပြည်သူတွေကိုလည်း ကျွန်မအနေနဲ့ တောင်းပန်ချင်ပါတယ်။ ဥပမာဆိုရင် ရွေးကောက်ပွဲနဲ့ အင်မတန်မှနီးတဲ့ ရွေးကောက်ပွဲမတိုင်မီ (၁)ရက်၊ (၂)ရက်မှာ Quarantine ဝင်ရတဲ့ သူတွေ၊ ဒါမှမဟုတ် ဆေးရုံတက်ရတဲ့သူတွေ အဲဒီလို ပြည်သူတွေအတွက် ကျွန်မတို့က မဲပေးဖို့ စီစဉ်ပေးဖို့အချိန်မရှိလို့ မစီစဉ်နိုင်ခဲ့ပါဘူး။ နောက်ပြီးတော့လည်း အသွားအလာကန့်သတ်ချက်တွေကြောင့် ဥပမာဆိုရင် ကျွန်မနားလည်သလောက်တော့ မူဆယ်မှာ ပိတ်မိနေတဲ့ ယာဉ်မောင်းတွေဟာ ရွေးကောက်ပွဲမှာ မဲမပေးခဲ့ရလို့ စိတ်မကောင်းကြဘူးလို့ ကြားရပါတယ်။ ဒါလည်း ကျွန်မစိတ်မကောင်းပါဘူး။ ဒါပေမယ့် ဒီအချိန်မှာတော့ ဒီလိုအသွားအလာအကန့်အသတ်တွေ လုပ်ထားတဲ့အခါကျတော့ အားလုံးအတွက် စီစဉ်ပေးဖို့ဆိုတာ နည်းနည်းခက်ခဲသွားပါတယ်။ ဒါပေမယ့် ကျွန်မပြောသလိုပဲ ရွေးကောက်ပွဲကိစ္စကတော့ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းတွေနဲ့ ကိုက်ညီစွာ ကျော်လွှားခဲ့ပါပြီ။

နောက်လာမယ့်အပတ်တွေမှာ ကျွန်မတို့အနေနဲ့ ကိုဗစ်-၁၉ ရောဂါကို ကျော်လွှားရေး၊ အောင်နိုင်ရေးကို အထူးအလေးထားပြီးတော့ လုပ်သွားကြမှာဖြစ်ပါတယ်။ လုပ်ဖို့လည်း လိုပါတယ်။ ခဏခဏကျွန်မပြောတဲ့အတိုင်းပဲ ကာကွယ်ဆေးတစ်ခုကတော့ ပေါ်ဖို့ဆိုတာလည်း သိပ်မကြာတော့ဘူးလို့ မှန်းဆပါတယ်။ ဒါပေမယ့် ဒီကြားထဲမှာ သတိထားဖို့လိုပါတယ်။ သတိထားမှပဲ ကျော်လွှားနိုင်မှာပါ။ အခုကနေစပြီးတော့ ပြည်သူတွေအနေနဲ့လည်း ကိုဗစ်နောက်ပိုင်းကာလမှာ ဘယ်လို စီးပွားရေးစိန်ခေါ်မှုတွေကို ရင်ဆိုင်မယ်ဆိုတာကို ပိုပြီးတော့ စိတ်ဝင်စားကြလိမ့်မယ်လို့ထင်ပါတယ်။ ဒီရက်သတ္တပတ်ကနေစပြီးတော့ ကျွန်မတို့ အခြေခံပြည်သူများအတွက် ပံ့ပိုးမှုအစီအစဉ်တွေကို စပြီးလုပ်ပါမယ်။ အရင် ရက်သတ္တပတ်တုန်းကလုပ်ဖို့ အဆင်သင့်ရှိပေမယ့်လည်း ရွေးကောက်ပွဲကိစ္စတွေရှိနေလို့ ကျွန်မတို့ မလုပ်ဖြစ်တာ ဖြစ်ပါတယ်။ အဲဒီတော့ စတုတ္ထမြောက်ပံ့ပိုးခြင်း အစီအစဉ်ကို ဒီရက်သတ္တပတ်မှာ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ နောက်ပြီးတော့ ကိုဗစ်နောက်ပိုင်းကာလမှာ စီးပွားရေး မကျဆင်းအောင်လို့၊ စီးပွားရေးပြန်ပြီးတော့ တက်လာအောင်လို့ လုပ်ရမယ့်အစီအစဉ်တွေကိုလည်း ပြည်သူတွေနဲ့ မျှဝေပြီးတော့ ပြည်သူတွေရဲ့ ပါဝင်ပူးပေါင်းမှုနဲ့ အောင်မြင်အောင်လုပ်ဖို့ ကျွန်မတို့ ရည်ရွယ်ထားပါတယ်။ အောင်လည်း အောင်မြင်မယ်လို့ပဲ ကျွန်မအနေနဲ့ မှန်းဆပါတယ်။

ကျွန်မတို့ကြည့်လိုက်တဲ့အခါမှာ ကိုဗစ်ရောဂါရရှိတဲ့ ပြည်သူတွေထဲမှာ ဆုံးပါးမှုနှုန်းကလည်း တန့်နေပါတယ်။ မတက်သွားပါဘူး။ နည်းနည်းလေးကျလာတယ်လို့ ကျွန်မတို့ ခန့်မှန်းရပါတယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေအနေနဲ့ ကြံ့ကြံ့ခိုင်ခံနိုင်ဖို့နဲ့ ကိုယ့်ရဲ့ ကျန်းမာရေးကို ဂရုစိုက်ကြပါ။ အခြေခံကျန်းမာရေးကောင်းရင် ကိုဗစ်ရောဂါကို အောင်အောင်မြင်မြင်နဲ့ ကျော်လွှားနိုင်မယ်ဆိုတာတော့ အများသိပြီးသားလို့ ထင်ပါတယ်။ နိုင်ငံတော်တော်များများမှာ အခုက ဘယ်နံပါတ်လှိုင်းမှန်းတောင်ပြောလို့မရအောင် တစ်ကျော့ပြီးတစ်ကျော့ဖြစ်နေတဲ့နိုင်ငံတွေလည်း ရှိပါတယ်။ အဲဒီတော့ ဒီရောဂါအခြေအနေကတော့ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ပြောရမယ်ဆိုရင် ထိန်းချုပ်နိုင်ပြီလို့ ဆိုလို့မရသေးပါဘူး။ ကျွန်မတို့နိုင်ငံမှာ ဒီလောက်အထိ ထိန်းထားနိုင်တာလည်း ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ဖြစ်ပါတယ်။ ပြည်သူတွေ မဆောင်ရွက်ရင်၊ ပြည်သူတွေ မပါဝင်ရင်တော့ ဒီဟာကို အောင်မြင်နိုင်မှာမဟုတ်ပါဘူး။ ကျွန်မအနေနဲ့ ဒီလိုပြောရတာအားနာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအချိန်မှာ ရွေးကောက်ပွဲအကြောင်း ဆွေးနွေးချင်တဲ့ ပြည်သူတွေက ကိုဗစ်အကြောင်းပဲ နားထောင်နေရမှာလားလို့ စိတ်ထဲမှာဖြစ်မှာကိုလည်း အားနာမိပါတယ်။ ဒါကတော့ တာဝန်အရ ကျွန်မပြောရမယ့်ကိစ္စပါ။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ ရွေးကောက်ပွဲနဲ့သက်ဆိုင်တဲ့သူတွေက ပြောပါလိမ့်မယ်။ ဒါကြောင့် ကျွန်မဒီနေ့တော့ တိုတိုတုတ်တုတ်နဲ့နိဂုံးချုပ်ပါတယ်။

ကျွန်မတို့ရဲ့ အံ့မခန်းတာဝန်ကျေတဲ့ပြည်သူတွေ အားလုံး ကျန်းမာချမ်းသာကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

**ဒီရက်သတ္တပတ်ကနေစပြီးတော့ ကျွန်မတို့ အခြေခံပြည်သူများအတွက် ပံ့ပိုးမှုအစီအစဉ်တွေကို စပြီးလုပ်ပါမယ်။ အရင် ရက်သတ္တပတ်တုန်းကလုပ်ဖို့ အဆင်သင့်ရှိပေမယ့်လည်း ရွေးကောက်ပွဲကိစ္စတွေရှိနေလို့ ကျွန်မတို့ မလုပ်ဖြစ်တာ ဖြစ်ပါတယ်။ အဲဒီတော့ စတုတ္ထမြောက် ပံ့ပိုးခြင်းအစီအစဉ်ကို ဒီရက်သတ္တပတ်မှာ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ နောက်ပြီးတော့ ကိုဗစ်နောက်ပိုင်းကာလမှာ စီးပွားရေးမကျဆင်းအောင်လို့၊ စီးပွားရေးပြန်ပြီးတော့ တက်လာအောင်လို့ လုပ်ရမယ့်အစီအစဉ်တွေကိုလည်း ပြည်သူတွေနဲ့ မျှဝေပြီးတော့ ပြည်သူတွေရဲ့ ပါဝင်ပူးပေါင်းမှုနဲ့ အောင်မြင်အောင်လုပ်ဖို့ ကျွန်မတို့ ရည်ရွယ်ထားပါတယ်။ အောင်လည်း အောင်မြင်မယ်လို့ပဲ ကျွန်မအနေနဲ့ မှန်းဆပါတယ်။**

# လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူထားကြောင်း အသိပေးကြေညာခြင်း

## (၉ - ၁၁ - ၂၀၂၀)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ငါးလုံးတင်ကျေးရွာအုပ်စု၊ ဆင်မြေကျေးရွာတွင် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးရွှေထွန်းနှင့် ရာအိမ်မှူး ဦးသန်းထွန်းစိန်တို့က ကြိုတင်ဆန္ဒမဲကောက်ယူချိန်၌ အတူလိုက်ပါလာသည့် မဲရုံကိုယ်စားလှယ်တစ်ဦးက တံဆိပ်တုံးကို စစ်ဆေးကြည့်ရှုခဲ့ရာ UEC အမှတ်တံဆိပ်စာသား မပါသော တံဆိပ်တုံးဖြစ်နေသည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ မဲရုံအမှတ်(၃)တွင် ဦးသိန်းဇော်သည် ဆန္ဒမဲပေးရန်အတွက် ၎င်းဝတ်ဆင်လာသည့် အင်္ကျီအိတ်ကပ်အတွင်းမှ တံဆိပ်တုံးထုတ်ယူစဉ် မဲရုံဝင်ပေါက်အနီး မဲရုံလုံခြုံရေးက စစ်ဆေးရာ UEC အမှတ်တံဆိပ်မပါသော တံဆိပ်တုံးဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။

၃။ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ အင်းရွာကြီးကျေးရွာအုပ်စု၊ တလင်းကုန်းကျေးရွာ၊ မဲရုံအမှတ်(၂)၌ ဦးအောင်ဇော်ဝင်းသည် ၈-၁၁-၂၀၂၀ ရက်နေ့တွင် ဆန္ဒမဲပေးရာ၌ UEC အမှတ်အသားမပါသော တံဆိပ်တုံးအတုဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဆန္ဒမဲလက်မှတ်များအား ဆန္ဒပြုခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၄။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ မိချောင်းတရာကျေးရွာအုပ်စုတွင် ကြိုတင်ဆန္ဒမဲများကောက်ယူစဉ် ဒေါ်အေးမြင့် ဆိုသူသည် ၎င်း၏သမီးဖြစ်သူ၏ အမည်ဖြင့် သူတစ်ပါးအယောင်ဆောင်၍ မဲပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၅။ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဖားဆောင်းမြို့နယ်၊ တောင်ပိုင်းရပ်ကွက်၊ မဲရုံအမှတ် (၁)တွင် ဒေါ်ဇင်မာလွင် ဆိုသူသည် ဆန္ဒမဲတစ်ကြိမ်ပေးပြီးနောက် ၎င်း၏ယောင်းမတော်စပ်သူအဖြစ် သူတစ်ပါးအယောင်ဆောင်၍ ထပ်မံဆန္ဒမဲပေးခဲ့ပြီး စုစုပေါင်းဆန္ဒမဲ(၂)ကြိမ် ပေးခဲ့ကြောင်း စိစစ်တွေ့ရှိခဲ့ပါသည်။

၆။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ သမင်ဘေးကျေးရွာအုပ်စုတွင် ဒေါ်သီသီခိုင်သည် မဲဆန္ဒနယ်အမှတ်(၁)အတွင်းရှိ မဲရုံအမှတ်(၁)၌ ပထမအကြိမ် ဆန္ဒပြုခဲ့ပြီး မဲဆန္ဒနယ်အမှတ်(၂)အတွင်းရှိ အမှတ်(၃) ရပ်ကွက်၊ မဲရုံအမှတ်(၁)တွင် ထပ်မံဆန္ဒပြုခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၇။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာနေ ဒေါ်မြတ်ဆုလှိုင်သည် ဆန္ဒမဲပေးရာတွင် ကွင်းကောက်တောင် ကျေးရွာအုပ်စု၊ မဲရုံအမှတ်(၁)တွင် တစ်ကြိမ်၊ ကွင်းကောက်မြောက်ကျေးရွာအုပ်စု၊ မဲရုံအမှတ်(၃) တွင် တစ်ကြိမ် စုစုပေါင်းဆန္ဒမဲ(၂)ကြိမ် ပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၈။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်တွင် နေထိုင်သူ ဦးတင်ထွန်းလွင်အောင်သည် အမှတ်(၉)ရပ်ကွက်၊ ဆေးရုံသစ်ဘေး၊ ဦးသုခ အမကကျောင်းဝင်းအတွင်းရှိ မဲရုံအမှတ်(၂)တွင် တစ်ကြိမ်၊ အမှတ်(၅)ရပ်ကွက်၊ မဲရုံအမှတ်(၁)တွင် တစ်ကြိမ် စုစုပေါင်း ဆန္ဒမဲ(၂)ကြိမ် ပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၉။ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နေ ဦးစိုးလွင်(ခ) ဦးစိုးဦးကြိုတင်ဆန္ဒမဲပေးရာတွင် ကျွန်းရွှေဝါရပ်ကွက်၊ မဲရုံအမှတ် (၁)တွင် တစ်ကြိမ်၊ ဟဲလျော်ကျေးရွာ၊ မဲရုံအမှတ်(၂)တွင် တစ်ကြိမ် စုစုပေါင်း ကြိုတင်ဆန္ဒမဲ(၂)ကြိမ်ပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၁၀။ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ နမ့်တီးကျေးရွာ၊ မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စိုင်းအိုက်သန်း မဲပေးရမည့် (အစား) ၎င်း၏တူတော်စပ်သူ စိုင်းနွံဟန်ခေးက ကိုယ်စားဆန္ဒမဲပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၁၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ရွာသာယာကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသန်းစိုး၊ အဖွဲ့ဝင် ဦးဖိုးပြား(ခ) ဦးထွန်းလှနှင့် အတွင်းရေးမှူး ဦးမြင့်တို့သည် မဲဆန္ဒရှင် ဦးချစ်ဌေးနှင့် ဒေါ်လှငွေးတို့အား ဆန္ဒမဲလက်မှတ် (၃)စောင်စီ ထုတ်ပေးရန်ဖြစ်သော်လည်း (၂) စောင်စီသာ ထုတ်ပေးပြီး လက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ ထပ်မံ၍သွားရောက်ပြောကြားစဉ် လက်မှတ်(၃)ခုထိုးထားသည်ကို တွေ့ရှိရပြီး ၎င်းတို့အမည်ဖြင့် ကျန်မဲလက်မှတ်တစ်စောင်စီကို လိမ်လည်လက်မှတ်ရေးထိုး၍ မဲပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၁၂။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ ပုလဲအောင်မြေ ရပ်ကွက်၊ ပုလဲငွေရောင်လမ်းတွင်နေထိုင်သူ ဦးဝင်းမင်းဦးသည် ပုလဲအောင်မြေရပ်ကွက်၊ မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးချိန်၌ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲလက်မှတ်အား ဆန္ဒပြုပြီးနောက် မဲပုံးထဲသို့မထည့်ဘဲ ဆုတ်ဖြဲခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၁၃။ အထက်ဖော်ပြပါ ဖြစ်စဉ်များကိုကျူးလွန်ခဲ့သည့် ချောင်းဦးမြို့နယ်၊ ငါးလုံးတင်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးရွှေထွန်းနှင့် ရာအိမ်မှူး ဦးသန်းထွန်းစိန်၊ ဦးသိန်းဇော်၊ ဦးအောင်ဇော်ဝင်း၊ ဒေါ်အေးမြင့်၊ ဒေါ်ဇင်မာလွင်၊ ဒေါ်သီသီခိုင်၊ ဒေါ်မြတ်ဆုလှိုင်၊ ဦးတင်ထွန်းလွင်အောင်၊ ဦးစိုးလွင် (ခ)ဦးစိုးဦး၊ စိုင်းနွံဟန်ခေး၊ တန့်ဆည်မြို့နယ်၊ ရွာသာယာကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသန်းစိုး နှင့် ဦးဖိုးပြား (ခ) ဦးထွန်းလှ၊ အတွင်းရေးမှူး ဦးမြင့်၊ ဦးဝင်းမင်းဦးတို့အား သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများတွင် ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၈ နှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၈၊ ၅၉ တို့နှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တွန်းဇံမြို့နယ်၌ ငွေကျပ် ၂၅၅ သန်းကျော်ဖြင့် ဖောက်လုပ်သည့်လမ်းများ ရာနှုန်းပြည့်ပြီးစီး

နေပြည်တော် နိုဝင်ဘာ ၉

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၂၅၅ ဒသမ ၈၂ သန်းဖြင့် တွန်းဇံမြို့နယ် ဒါရ်ခိုင်းလမ်းခွဲမှ ဘွန်လီအထိ ရှစ်မိုင်အနက် လေးမိုင် ဖောက်လုပ်ပြီး ကျန်လေးမိုင်အား လမ်းမျက်နှာပြင် ၂၆ ပေ တောင်ကမ်းပါးယံဘက်ခြမ်းရေမြောင်း သုံးပေအပါအဝင် စုစုပေါင်း ၂၉ ပေအကျယ် အပြီးသတ်ဖောက်လုပ်ခြင်း လုပ်ငန်းနှင့် ၎င်းလမ်းပေါ်တွင် (၅ x ၅ x ၂၆) ပေ Box Culvert ၁၆ စင်းမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဖလမ်း)မှ သိရသည်။

တွန်းဇံမြို့နယ် ဒါရ်ခိုင်းလမ်းခွဲမှ ဘွန်လီအထိ ရှစ်မိုင်အနက် လေးမိုင်ဖောက်လုပ်ပြီး ကျန်လေးမိုင် အပြီးသတ်ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ယင်းလမ်းပေါ်တွင် (၅ x ၅ x ၂၆) ပေ Box Culvert ၁၆ စင်း တည်ဆောက်ခြင်းလုပ်ငန်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ယင်းလမ်းကြောင်းပေါ်ရှိ ကျေးရွာ ၁၃ ရွာ၊ အိမ်ခြေ ၈၅၃ အိမ်၊ လူဦးရေ ၃၃၅၈ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ **စိုးဝင်းထွန်း(သတင်းစဉ်)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၉ / ၂၀၂၀**

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်–

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၉) ရပ်ကွက်နေ မဲလုံးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇–၁၀–၂၀၂၀ ရက်နေ့တွင် ဘားအံမြို့၊ အမှတ်(၉) ရပ်ကွက်၊ မြို့ပတ်လမ်းမပေါ်၌ ၎င်းရပ်ကွက်နေ မဲလုံး(ခ) ဇော်မျိုးအောင် (၂၉)နှစ်၊ (ဘ)ဦးဇော်ဝင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဘားအံ) မယ(ပ)၄၉/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀ (က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပျဉ်ထောင်လေးကျေးရွာ၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၅) ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၅–၁၀–၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကသာမြို့နယ်၊ ပျဉ်ထောင်လေးကျေးရွာနေ ဒေါ်မြနှင်းကြိုင်(၃၆) နှစ်၊ (ဘ)ဦးမြသန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (အင်းရွာ)မယ(ပ)၃၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကျောက်တောက် ရပ်ကွက်နေ သောကြာနှင့် မယဉ်ဝင်းအေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇–၁၀–၂၀၂၀ ရက်နေ့တွင် မုံရွာမြို့၊ ကျောက်တောက်ရပ်ကွက်နေ မယဉ်ဝင်းအေး(၃၈)နှစ်၊ (ဘ)ဦးစီ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ သော်ဇေယျ(ခ)သောကြာ(၂၇)နှစ်၊ (ဘ)ဦးရွှေလုံ၊ ဗန္ဓုလရပ်ကွက်နေ အောင်မျိုးနိုင်(၂၂)နှစ်၊ (ဘ)ဦးဝင်းနိုင်တို့(၃)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မုံရွာ)မယ(ပ) ၃၀/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ မောင်းကုန်းအုတ်ဆုံကျေးရွာတွင် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသူများ ပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇–၁၀–၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ မောင်းကုန်း အုတ်ဆုံကျေးရွာလမ်းမပေါ်၌ ၎င်းကျေးရွာနေ အောင်ကျော်ဦး (၂၃)နှစ်၊ (ဘ) ဦးနန်းဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထီးချိုင့်) မယ (ပ)၁၆၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ပန်းကောက်ကျေးရွာနေ သိန်းလွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆–၁၁–၂၀၂၀ ရက်နေ့တွင် မင်းကင်းမြို့နယ်၊ ပန်းကောက်ကျေးရွာနေ သိန်းလွင်(၃၅)နှစ်၊(ဘ)ဦးချိုအေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မောက္ကတော်)မယ(ပ) ၃/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆–၁၀–၂၀၂၀ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာနေ သက်ဦးမောင်(၄၅)နှစ်၊ (ဘ) ဦးသိန်းအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရမည်းသင်း) မယ(ပ) ၃၃/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ ဒါးတန်းရပ်ကွက်နေ ကျော်စွာထက်(ခ) စွာကြီးသည် မူးယစ်ဆေးဝါးများ သုံးစွဲနေကြောင်း သတင်းပေးပို့ခြင်း။ | ၃–၁၁–၂၀၂၀ ရက်နေ့တွင် ညောင်ဦးမြို့၊ ဒါးတန်းရပ်ကွက်နေ ကျော်စွာထက်(ခ)စွာကြီး(၂၈)နှစ်၊ (ဘ)ဦးဝင်းလှိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ညောင်ဦး) မယ(ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျောက်တန်း ရပ်ကွက်အတွင်း မူးယစ်ဆေးဝါးသုံးစွဲ/ ဖြန့်ဖြူးရောင်းချသူ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၇)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၇)ဦး၊ မ(၂)ဦး၊ ပေါင်း(၉)ဦးတို့အား စိတ်ကြွဆေးပြားများနှင့်အတူဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၅–၁၀–၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်၊ ကျောက်တန်း–မုပွန်သွားလမ်းမပေါ်၌ မုပွန်ရပ်ကွက်နေ မျိုးချစ်ခိုင်(၄၀)နှစ်၊ (ဘ)ဦးထွန်းကြည်စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မုပွန်) မယ(ပ)၅၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀ (က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်းဆုံအနီး၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချနေသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၆–၁၀–၂၀၂၀ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်းဆုံ၌ လှိုင်မြို့နယ်၊ အမှတ်(၁)သစ်စက်ဝင်းနေ အောင်ကျော်ကျော်(၂၀) နှစ်၊ (ဘ)ဦးစောထက်ဦးအား စိစစ်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဘုရင့်နောင်) မယ(ပ) ၃၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျတံတားကြီးအောက်တွင် မူးယစ်ဆေးဝါးရောင်းချသူများ များပြားနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇–၁၀–၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျတံတား အောက်ခြေလမ်းမပေါ်၌ ရွှေပြည်သာမြို့၊ (ည) ရပ်ကွက်နေ ရဲဝင်းထွန်း (၃၅)နှစ်၊ (ဘ) ဦးစိုးဝင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ) ၁၆၁/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်နေ အကြီးကောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈–၁၀–၂၀၂၀ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မင်းနန္ဒာလမ်းမပေါ်၌ ၎င်းရပ်ကွက်နေ မျိုးမင်းဦး(ခ) အကြီးကောင်(၃၁)နှစ်၊ (ဘ)ဦးအေးမင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒေါပုံ) မယ(ပ)၄၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆–၆–၂၀၁၈ ရက်နေ့မှ ၇–၁၁–၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၃၉၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၁၇၈၀)ဦး၊ မ(၃၅၇)ဦး၊ ပေါင်း(၂၁၃၇)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၅၈၆.၆၅၀၄)ဂရမ်၊ ICE (၁၄၈၉.၄၂)ဂရမ်၊ ဘိန်း(၄၇၉၃၄.၁၇၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၀၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့်(၅၄၉၀၁.၇၄) ဂရမ်၊ ဘိန်းစာရွက်(၅၄၅၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား(၆၈၄၇၉၈)ပြား၊ ဆေးခြောက် (၁၄၈၇၁.၈၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၄၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၁၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၈) လက်၊ ကျည်မျိုးစုံ(၆၆၉) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်–

**ဆက်သွယ်ရန်–**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | – | ၀၆၇–၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | – | ၀၆၇–၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | – | antinarcotics@presidentoffice.gov.mm |

# သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် A–6 တွင် Geotechnical Site Survey လုပ်ငန်းများအား MV. FUGRO EQUINOX ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် ဧရိယာဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၉ မိနစ် ၁၀.၈၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၂ မိနစ် ၄၉.၃၇၇ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၆ မိနစ် ၁၂.၁၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ် ၄၉.၃၂၁ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၄ မိနစ် ၁၅.၅၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၂၆.၄၈၀ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၇ မိနစ် ၅၃.၈၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၂ မိနစ် ၄၄.၆၀၈ စက္ကန့်တို့အတွင်းတွင် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် A–6 တွင် Geotechnical Site Survey လုပ်ငန်းများအား MV. FUGRO EQUINOX ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# ကျောက်တန်းမြို့နယ် သမဝါယမအသင်းများက အသင်းသားများသို့ စားသောက်ကုန်များ ထောက်ပံ့ကူညီ

**ကျောက်တန်း နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အတွင်းရှိ သမဝါယမအသင်းအဆင့်ဆင့်မှ စုပေါင်း၍ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလတွင် မြို့နယ်အတွင်းရှိ ရွှေကုန်းရပ်ကွက်၊ ဆင်ကံရပ်ကွက်၊ ကွမ်းခြံစုရပ်ကွက်နှင့် စံချိန်မီရပ်ကွက်များရှိ အသင်းသားပြည်သူများ စားသောက်ရေး အဆင်ပြေစေရန် အသင်းသား ၁၈၁၃ ဦးအတွက် ဆီ ၁၈၁၃ ပိဿာ၊ ဆား ၁၈၁၃ ထုပ်၊ ဟင်းခတ်မှုန့် ၁၈၁၃ ထုပ်နှင့် ကြာဆံ ၃၆၂၆ ထုပ် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၂ ဒသမ ၂၃၇ သိန်းအား လက်ဝယ်အရောက် ထောက်ပံ့ကူညီခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၀၈ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ချင်းပြည်နယ်** | | | | |
| (၁) | ဦးနေလင်းအောင် | ၅/မမန(နိုင်)၀၀၇၃၂၁ | မင်းတပ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၂) | ဒေါ်ခင်စန္ဒီ | ၆/လလန(နိုင်)၀၈၈၄၉၅ | လောင်းလုံး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၃) | ဦးသန့်ဇင်ထွန်း | ၉/လ၀န(နိုင်)၁၂၁၄၇၀ | ဒက္ခိဏသီရိ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၀၉ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက် )

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကယားပြည်နယ်** | | | | |
| (၁) | ဦးစိုင်းပန်ဖ | ၂ / လကန(နိုင်)၀၀၅၀၆၇ | အမှတ်( ၅ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၂) | ဒေါက်တာငိုင်းတမ်မောင်း | ၄ / မတန(နိုင်)၀၀၀၂၂၂ | အမှတ်( ၆ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၃) | ဒေါ်ဥမ္မာခင် | ၆ / လလန(နိုင်)၀၇၇၀၅၁ | အမှတ် ( ၅ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၁၀ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီး နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကယားပြည်နယ်** | | | | |
| (၁) | ဦးအောင်နိုင်ဦး | ၁၄/၀ခမ(နိုင်)၀၀၀၃၆၉ | မယ်စဲ (၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးအယ်လ်ဖောင်းရှို | ၂/မစန(နိုင်)၀၀၀၁၇၁ | မယ်စဲ (၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၃) | ဦးထန်းချမ်ဖေ | ၄/မတန(နိုင်)၀၃၀၇၅၉ | မင်းတပ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးဟုန်းနိုင်း | ၄/မတန(နိုင်)၀၂၀၈၅၅ | မင်းတပ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၅) | ဦးဗိုလ်ထွေး | ၆/လလန(နိုင်)၀၁၅၉၅၂ | လောင်းလုံး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးမြင့်စန်း | ၆/လလန(နိုင်)၀၄၄၃၇၈ | လောင်းလုံး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၇) | ဒေါ်ခင်အေးရီ | ၁၀/သထန(နိုင်)၀၉၅၈၃၅ | ဇီးကုန်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးမင်းမင်းထိုက်(ခ) တာတီး | ၇/ဇကန(နိုင်)၀၄၃၉၆၃ | ဇီးကုန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၉) | ဦးသူရလင်း | ၉/ခအဇ(နိုင်)၀၀၆၅၆၈ | ချမ်းအေးသာစံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဒေါက်တာစိုးသန်း(ခ) ကျော်စိုးသန်း | ၉/မနတ(နိုင်)၀၂၈၅၅၉ | ချမ်းအေးသာစံ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



## ကန့်ဘလူ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကျန်းမာရေးနှင့်အညီ ဆန္ဒမဲပေး

**ကန့်ဘလူ နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများဆန္ဒမဲပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန် နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီမှ စတင်ကာ စိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများဆန္ဒမဲပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရန် ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ Hand Gel ဖြင့် လက်ဆေးကြောသန့်စင်စေခြင်း၊ မဲရုံအဝင်၌ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတန်းစီ၍ မဲပေးစေသည်။ ထို့ပြင် မဲရုံပရဝဏ်အတွင်းနေရာများ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အသိပညာပေးပိုစတာများ ချိတ်ဆွဲထားပြီး ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ဆန္ဒမဲပေးစေခြင်းဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့ပေါ် (၅)ရပ်ကွက်၊ ဇီးကုန်းမြို့ (၆) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၈၆ အုပ်စု စုစုပေါင်း ရပ်ကွပ်/ကျေးရွာအုပ်စု ၉၇ အုပ်စုရှိပြီး ဇီးကုန်းမြို့အပါအဝင် ကန့်ဘလူမြို့နယ်အတွင်း မဲရုံပေါင်း ၂၀၄ ရုံ၊ မဲဆန္ဒရှင်ပြည်သူပေါင်း ၂၃၈၀၃၉ ဦး ရှိကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဦးနေအုပ်ပြောပြသည့် ရန်ကုန်တက္ကသိုလ် ပထမဆုံး ပါမောက္ခချုပ် ဒေါက်တာထင်အောင်နှင့် စပ်လျဉ်းသည့် အမှတ်တရများ

**ရန်ကုန်တက္ကသိုလ်သည် တစ်ခေတ်တစ်ခါက အရှေ့တောင်အာရှတစ်ခွင်တွင် ဂုဏ်သတင်းကျော်ကြားကာ နာမည်တောက်ပသောတက္ကသိုလ်ကြီးဖြစ်ခဲ့သည်။ စာပေသင်ကြားမှု၌ လည်းကောင်း၊ စည်းကမ်းထိန်းသိမ်းရာ၌ လည်းကောင်း၊ အဆောက်အအုံများ နေသားတကျရှိမှုနှင့် တည်နေရာအနေအထားအကွက်အကွင်းကျမှု၌ လည်းကောင်း၊ သဘာဝ အလှအပနှင့် လူတို့ကြိုးစားတည်ဆောက်မှုအလှအပတို့ ဟန်ချက်ညီစွာ ပေါင်းစပ်ထားသည့်အရာ၌ လည်းကောင်း သူမတူအောင် ထူးခြားသောတက္ကသိုလ်ကြီးပင် ဖြစ်သည်။**

## တွေ့ဆုံမေးမြန်း - ဥမ္မာ၊ ရိရိ

ရန်ကုန်တက္ကသိုလ်ကို အင်္ဂလန်နိုင်ငံရှိ အောက်စဖို့နှင့် ကိန်းဘရစ်ချ်တက္ကသိုလ်တို့၏ စနစ်အတိုင်း ဖွဲ့စည်းတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၁၉၄၀ နှင့် ၁၉၅၀ ပြည့်နှစ်များအတွင်းတွင် အရှေ့တောင်အာရှ၏ အကောင်းဆုံးတက္ကသိုလ်ထဲတွင် ပါဝင်ခဲ့ပြီး အာရှအဆင့်တွင်လည်း ထိပ်တန်းရပ်တည်နိုင်ခဲ့ခြင်းကြောင့် အခြားအာရှနိုင်ငံများမှ ကျောင်းသားများ လာရောက်ပညာဆည်းပူးရာတက္ကသိုလ် ဖြစ်ခဲ့သည်။ အဆိုပါ တက္ကသိုလ်ကြီးသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် သက်တမ်း နှစ် ၁၀၀ ပြည့်မြောက်တော့မည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပါမောက္ခချုပ်ကြီးများအနက် အချို့မှာ ကွယ်လွန်သွားကြပြီ ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်အဖြစ် ကွယ်လွန်သွားကြပြီဖြစ်သော ပါမောက္ခချုပ်ကြီးများ၏ မိသားစုဝင်များနှင့်တွေ့ဆုံပြီး ရန်ကုန်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ၎င်းတို့နှင့် ပတ်သက်၍ အမှတ်တရရှိခဲ့သော ဖြစ်ရပ်ဖြစ်စဉ်များကို ပြန်လည်ဖော်ပြလိုသည့်အတွက် ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာထင်အောင် (၁၉၄၄-၁၉၅၈) ၏အကြောင်းကို တူဖြစ်သူ ဦးနေအုပ် (နေအုပ်-စိန်ပေါလ်) အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



ပါမောက္ခချုပ် ဒေါက်တာထင်အောင်နှင့် ဇနီး။



ဦးနေအုပ်(နေအုပ်- စိန်ပေါလ်)

**မေး ။ ။ ဆရာကြီး ဒေါက်တာထင်အောင်ရဲ့ ဘဝဖြတ်သန်းမှု အတွေ့အကြုံလေးတွေကို ဆရာဦးနေအုပ်အနေနဲ့ သိသလောက်၊ မှတ်မိသလောက် ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ ။ ။ ကျွန်တော်ကတော့ ဆရာကြီး ဒေါက်တာထင်အောင်ရဲ့တူ ဖြစ်ပါတယ်။ ဆရာကြီးတို့ မိသားစုမှာ သားသမီးမထွန်းကားခဲ့ပါဘူး။ တူတွေ၊ တူမတွေကတော့ အများကြီးရှိပါတယ်။ အချို့က နိုင်ငံခြားရောက်နေပါတယ်။ ဒေါက်တာထင်အောင်က ကျွန်တော့်ရဲ့ ဘထွေးလေးပါ။ ဆရာကြီးမှာ ညီအစ်ကို မောင်နှမ ခုနစ်ယောက်ရှိတယ်။ ဆရာကြီးက ညီအစ်ကိုများအနက်အငယ်ဆုံးပါ။ ပညာမှာတော့ ခုနစ်ယောက်စလုံး ထူးချွန်ပါတယ်။ တော်တော်ကို အံ့ဩလောက်အောင် စာတော်တဲ့မောင်နှမတစ်စု ဖြစ်တယ်။ မျိုးရိုးဇာတိကတော့ ကျွန်တော့်အဘိုးက အရေးပိုင်ပါ။ အဘိုးနာမည်က ဦးဖိန်းဖြစ်ပါတယ်။ ဘွဲ့တွေအများကြီး ရပါတယ်။ အဘွားနာမည်က ဒေါ်မိမိပါ။ အဘိုးက မင်းတုန်းဇာတိပါ။ အဘွားကတော့ အထက်မင်းလှဇာတိပါ။

ဒေါက်တာထင်အောင်ကိုတော့ ၁၉၀၉ ခုနှစ်က ပဲခူးမှာ မွေးပါတယ်။ ပဲခူးမှာ ကျွန်တော့်အဘိုးက အရေးပိုင်တာဝန်ထမ်းဆောင်နေစဉ်မှာ မွေးဖွားခဲ့တာပါ။ မွေးချင်း ခုနစ်ယောက်စလုံး အကြောင်းပြောရရင် အစ်ကိုအကြီးဆုံးက အိုင်စီအက်စ် ဦးတင်ထွဋ်ပါ။ သူက မြန်မာနိုင်ငံရဲ့ပထမဆုံး အိုင်စီအက်စ်ပါ။ လွတ်လပ်ရေးကြိုးပမ်းတဲ့နေရာမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အတူတူလက်တွဲပြီး၊ ဘိလပ်ကို အခေါက်ခေါက်သွားပြီး လွတ်လပ်ရေးကြိုးပမ်းခဲ့ပါတယ်။

ပင်လုံစာချုပ်အတွက် တိုင်းရင်းသားတွေကို စည်းရုံးရေးဆင်းတဲ့အခါမှာလည်း ဗိုလ်ချုပ်အောင်ဆန်းဘေးမှာ အမြဲတမ်းပါခဲ့တယ်။ သူက ဘွဲ့တွေအများကြီးရပါတယ်။ သူက သတင်းစာဆရာပါ။ New Times of Burma သတင်းစာကို ကိုယ်တိုင်ထုတ်ဝေခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရပြီးတဲ့နောက် သူတစ်ယောက်တည်း ကျန်ခဲ့တာပါ။ သူက အဲဒီအချိန်မှာ ဘိလပ်ရောက်နေတယ်။ ပြန်လာတဲ့အခါမှာ သူ့ကားထဲ လက်ပစ်ဗုံးပစ်ပြီး လုပ်ကြံခဲ့တဲ့အတွက် သေဆုံးသွားပါတယ်။

ဒုတိယဘကြီးက ဦးကျော်မြင့်ပါ။ သူက တက္ကသိုလ်မှာ ဥပဒေပါမောက္ခ လုပ်ခဲ့တယ်။ နိုင်ငံရေးမှာလည်း ဒီးဒုတ်ဦးဘချိုနဲ့အတူ ဆောင်ရွက်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံရောက်ခဲ့တယ်။ နောက်ပိုင်းမှာ ရှေ့နေလုပ်ခဲ့တယ်။ အလွန်အောင်မြင်ခဲ့ပါတယ်။ ဂျူန်ဦးစောကို ရုံးတင်စစ်ဆေးတဲ့ တရားသူကြီးအဖွဲ့ရဲ့ ဥက္ကဋ္ဌပါ။ သူတို့အဖွဲ့က ဦးစောကို ကြိုးမိန့်ပေးခဲ့တာပါ။

တတိယ ဘကြီးကတော့ ဦးမြင့်သိန်းလို့ ခေါ်ပါတယ်။ လူချစ်လူခင်ပေါပါတယ်။ တရားသူကြီးချုပ် ဖြစ်ခဲ့ပါတယ်။ အလွန်တော်ပါတယ်။ ကုလသမဂ္ဂကိုယ်စားလှယ်လည်း ခဏလုပ်ခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ပထမဆုံး မြန်မာသံအမတ်ကြီးပါ။ တကယ်တော့ သူက မော်စီတုန်း ကွန်မြူနစ်တွေမတက်မီ ချန်ကေရှိတ်လက်ထက်ကတည်းက နန်ကျင်းမှာ ပထမဆုံးသံအမတ်အဖြစ် ခန့်ထားပြီး ဖြစ်ပါတယ်။

သူ သံအမတ်ကြီးလုပ်နေတဲ့အချိန်မှာပဲ ကွန်မြူနစ်တပ်တွေ နန်ကျင်းကိုသိမ်းတော့ ချက်ချင်းသံကြိုးရိုက်တယ်။ ဒီတက်မယ့် အစိုးရကတော့ မြဲမယ့်သဘောရှိတယ်။ ပြည်သူလူထုအများစုရဲ့ ထောက်ခံမှုအပြည့်အဝရတယ်။ မြန်မာပြည်အနေနဲ့ ချက်ချင်းအသိအမှတ်ပြုသင့်ပါတယ်လို့ မြန်မာနိုင်ငံအစိုးရအဖွဲ့ကို တိုက်တွန်းခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အသိအမှတ်ပြုတာ ပထမဆုံး မြန်မာနိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့် မော်စီတုန်းကြီးက အမြဲတမ်းမိန့်ခွန်းပြောတဲ့အခါတိုင်းမှာ အဲဒီအချက်တွေကို ထည့်ပြောလေ့ရှိတယ်။ တရုတ်ခေါင်းဆောင်တွေက အဲဒီနေ့ကစပြီး မြန်မာပြည်ကို ဆွေမျိုးပေါက်ဖော်လို့ ခေါ်ခဲ့တာပါပဲ။

ကျွန်တော့်ဘကြီး ဒေါက်တာထင်အောင်ကလည်း နောက်ပိုင်းမှာ သီရိလင်္ကာနိုင်ငံ သံအမတ်ဖြစ်လာတယ်။ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံကို ပိုပြီးရင်းနှီးစေတယ်။ သူ့ရဲ့ လုပ်ဆောင်မှုကြောင့် ဝန်ကြီးချုပ်ကနေ သမ္မတဖြစ်လာတဲ့ မစ္စစ် ဘန်ဒါနာရကဆိုရင် မြန်မာသံအမတ်ကြီးအိမ်မှာ သံဃာတွေကို ဆွမ်း၊ သင်္ကန်းကပ်လှူပွဲ လုပ်တိုင်း တက်ရောက်လေ့ရှိတယ်။ ကျွန်တော်ပြောချင်တာက ဦးလေး လေးယောက်စလုံးက နိုင်ငံ့အတွက် အဘက်ဘက်က အကျိုးပြုခဲ့ပါတယ်။ ညီအစ်မသုံးယောက်စလုံးကတော့ ပညာရှင်တွေပါပဲ။ အကြီးဆုံးအဒေါ်က ဒေါ်မြမူ၊ မြန်မာစာနဲ့ မဟာဝိဇ္ဇာဘွဲ့ရပါတယ်။ သူက ကျောက်စာဖတ်တာ အလွန်တော်တယ်။ စာရေးလည်း အလွန်ကောင်းပါတယ်။ သူက ဘယ်သူနဲ့ အကြောင်းပါသလဲဆိုတော့ မြန်မာစာပါမောက္ခ ဦးအေးမောင်နဲ့ အကြောင်းပါခဲ့ပါတယ်။ ကျွန်တော့်အမေက ဒေါ်ခင်စောမူပါ။

သူက ဒုတိယညီမပေါ့။ သူက အစိုးရအလုပ်မလုပ်ခဲ့သော်လည်း ခေတ်စမ်းစာပေမှာ နာမည်ကြီးခဲ့တဲ့ ကဗျာဆရာမကြီးပါ။

ဒေါ်တင်စောမူက ကျွန်တော့်အဒေါ် အငယ်ဆုံးပါ။ အင်္ဂလိပ်စာဌာနရဲ့ ပါမောက္ခပါ။ နိုင်ငံရေးဘက်ပါသွားတဲ့ အကြီးဆုံးဘကြီး ဦးတင်ထွဋ်ဆိုရင်လည်း ဝန်ကြီးဖြစ်ခဲ့တယ်။ တက္ကသိုလ်မှာ ဒုတိယအဓိပတိလည်း ဖြစ်ခဲ့ဖူးတယ်။ ခုနစ်ယောက်စလုံးကတော့ တက္ကသိုလ်နဲ့ မကင်းပါဘူး။

ကျွန်တော်တို့တူတွေ၊ တူမတွေကလည်း တက္ကသိုလ်က ပေါက်ဖွားတာပါ။ ကျွန်တော့်ရဲ့ အငယ်ဆုံးဦးလေး ဒေါက်တာထင်အောင်ကတော့ ခုနစ်တန်းကျောင်းသားကတည်းက နိုင်ငံရေးထဲ ဟိုစပ်စပ် ဒီစပ်စပ်ပါခဲ့ဖူးတယ်။ အသက် ၁၂ နှစ်၊ သူခုနစ်တန်း ကျောင်းသားဘဝ ၁၉၂၀ မှာ ပထမဆုံးကျောင်းသားသပိတ်ကြီးဖြစ်ခဲ့တယ်။ အဲဒီ ဆန္ဒပြတဲ့အထဲ သူလိုက်သွားတယ်။ မိဘတွေက အတော်စိတ်ပူခဲ့ကြတယ်။ ပြန်ရောက်လာတော့ ဆူခံရတယ်။ အဘိုးက ပညာရေးကို ဂရုစိုက်ဖို့၊ နိုင်ငံရေးဘက်ကို ပါမသွားဖို့ ဆူတဲ့အတွက် စာကို ပိုပြီးကြိုးစားလိုက်တာ Double Promotion အတန်း နှစ်ခါခုန်တက်ခွင့်ရတယ်။ ဆယ်တန်းလည်းရောက်ရော အသက်က မပြည့်ဘူး။ တစ်နှစ်ခွဲလောက်လိုနေလို့ မဖြေရဘူး။ ဒီအတိုင်း ငုတ်တုတ်ထိုင်နေရတဲ့အချိန်မှာ သူ့ရဲ့ အစ်ကို ဦးမြင့်သိန်းက အင်္ဂလန်မှာ ပညာသင်နေတယ်။ သူ့ညီကို လှမ်းခေါ်တယ်။ ဒီအတိုင်းထိုင်နေမယ့်အစား သူ့ဆီလာခဲ့လို့ခေါ်တဲ့အတွက် ဘိလပ်ကို သူရောက်သွားခဲ့တယ်။ ဘိလပ်ရောက်တဲ့အခါကျတော့ ဒါးလစ်ချ် (Dulwich)ဆိုတဲ့ ကျောင်းမှာတက်ခဲ့တယ်။ အဲဒီကျောင်းက ယနေ့ မြန်မာပြည်မှာ လာဖွင့်ပြီ။ အဲဒီအချိန်တုန်းက ကျွန်တော့် ဘကြီး ဦးတင်ထွဋ်ကလည်း အဲဒီကျောင်းတက်ခဲ့တယ်။

အဲဒါကြောင့် **"မင်းတို့မျိုးရိုးထဲက ဘကြီးတစ်ယောက် ငါတို့ကျောင်းမှာ တက်ခဲ့တယ်လို့သိရတယ်၊ ကျောင်းဖွင့်ပွဲမှာ လာရောက်ဂုဏ်ပြုပေးဖို့"** အတွက် ကျွန်တော့်ကို ဖိတ်ခေါ်ခဲ့တယ်။ ဦးတင်ထွဋ်အပြင် ဒေါက်တာထင်အောင်လည်း အဲဒီကျောင်းမှာ တက်ခဲ့ကြောင်း ကျွန်တော်ပြောပြခဲ့ပါတယ်။ ဒါပေမယ့် သူက အဆုံးထိ ပညာမသင်ခဲ့ရဘူး။ တစ်နှစ်လောက်ကြာတဲ့အခါမှာ သူ့ရဲ့ မဟုတ်မခံတဲ့စိတ်ကြောင့် ဆရာမတစ်ယောက်က မဟတ္တမဂန္ဒီ မကောင်းကြောင်း ပြောတဲ့အခါ သူက အကြီးအကျယ် ပြန်ခုခံပြောဆိုတယ်။ သူ့ကို မကြိုက်ဘူး။ ဆရာမကို ပြန်ပြောတယ်ဆိုပြီး ဆရာမက သူ့ကို မဲတယ်။ ဆရာမက အတန်းထဲမှာ **"မောင်ထင်အောင် မင်းရဲ့ခေါင်းလိမ်းဆီက နံတယ်။ အဲဒီ ခေါင်းလိမ်းဆီမလိမ်းနဲ့၊ ခေါင်းလျှော်ပြီးမှလာခဲ့"** လို့ ဆိုတယ်။ အဲဒါနဲ့ မတက်တော့ဘဲ ကျောင်းထွက်ပြီး ရန်ကုန်ကို ပြန်လာခဲ့တယ်။ အဲဒီကျောင်းမှာ သူတစ်နှစ်လောက်ပဲ တက်ခဲ့တယ်။ ရန်ကုန်ပြန်ရောက်တဲ့အခါ အသက်ပြည့်တော့ ၁၀ တန်းဝင်ဖြေတယ်။ အစ်မ ဒေါ်မြမူနဲ့ အတူတူ ၁၀ တန်းဝင်ဖြေတဲ့အခါမှာ သူက ပထဝီအားနည်းတယ်။ အစ်မက သမိုင်းအားနည်းတယ်။ အစ်မက ၁၀ တန်းဖြေဖို့ သူ့ကို ပထဝီသင်တယ်။ သူက အစ်မကို သမိုင်းပြန်သင်ပေးတယ်။ သူက သမိုင်းဝါသနာပါတယ်။ နောက်ပိုင်းကျတော့လည်း သမိုင်းနဲ့ ပတ်သက်တဲ့စာအုပ်တွေ အများကြီးရေးသားခဲ့ပါတယ်။ အောင်စာရင်းထွက်လာတဲ့အခါ အစ်မက သူသင်ပေးတဲ့သမိုင်း ဂုဏ်ထူးထွက်တယ်။ သူက အစ်မသင်ပေးတဲ့ ပထဝီ ဂုဏ်ထူးထွက်တယ်။ အဲဒီအပြင် အင်္ဂလိပ်စာနဲ့ မြန်မာစာ ဂုဏ်ထူးပါသေးတယ်။ တက္ကသိုလ် စတက်တယ်။ အင်္ဂလိပ်စာ သူယူပါတယ်။ ပြီးတော့ ဂုဏ်ထူးတန်းအောင်ပါတယ်။ ရွှေတံဆိပ်လည်း ရပါတယ်။

> **ကျွန်တော့်ရဲ့ အငယ်ဆုံး ဦးလေး ဒေါက်တာထင်အောင်ကတော့ ခုနစ်တန်းကျောင်းသားကတည်းက နိုင်ငံရေးထဲ ဟိုစပ်စပ် ဒီစပ်စပ်ပါခဲ့ဖူးတယ်။ အသက် ၁၂ နှစ်၊ သူခုနစ်တန်း ကျောင်းသားဘဝ ၁၉၂၀ မှာ ပထမဆုံးကျောင်းသားသပိတ်ကြီးဖြစ်ခဲ့တယ်။ အဲဒီ ဆန္ဒပြတဲ့အထဲ သူလိုက်သွားတယ်။ မိဘတွေက အတော်စိတ်ပူခဲ့ကြတယ်။ ပြန်ရောက်လာတော့ ဆူခံရတယ်။ အဘိုးက ပညာရေးကို ဂရုစိုက်ဖို့၊ နိုင်ငံရေးဘက်ကို ပါမသွားဖို့ ဆူတဲ့အတွက် စာကို ပိုပြီးကြိုးစားလိုက်တာ Double Promotion အတန်း နှစ်ခါခုန်တက်ခွင့်ရတယ်။**

စာမျက်နှာ ၇ သို့ ❍

❍ စာမျက်နှာ ၆ မှ

**မေး ။ ။ ဆရာကြီး ဒေါက်တာထင်အောင် ရွှေတံဆိပ်ဆုရပြီး ပညာဆက်လက် ဆည်းပူးခဲ့ပုံကို သိပါရစေ။**

**ဖြေ** ။ ။ အသက် ၁၅ နှစ်မှာ သူတက္ကသိုလ်ရောက်တယ်။ ၄ နှစ် ထူးထူးချွန်ချွန် သင်ယူခဲ့တယ်။ နောက်ဆုံး သူဘွဲ့ရတဲ့အခါမှာ ဦးဘိုးသစ်ရဲ့ ရွှေတံဆိပ်ဆုကို ရခဲ့တယ်။ သူ ၁၉၂၈ ခုနှစ်မှာ ဘွဲ့ရခဲ့တယ်။ ဘွဲ့ရတဲ့နှစ်မှာပဲ စကောလားရှစ်(ပညာသင်ဆု) ရခဲ့တယ်။ အဲဒီအခါမှာ သူအင်္ဂလန်နိုင်ငံ(ဘိလပ်)ကို သွားရတယ်။ မသွားခင် အစ်ကိုသုံးယောက်က ဘိလပ်က ပြန်လာတယ်။ သူတို့က ဘားအက်လော (Barr-at Law) လို့ခေါ်တဲ့ ဝတ်လုံတော်ရဥပဒေဘွဲ့ရခဲ့တော့ ညီအငယ်ဆုံးလေးကို ခေါ်ပြောတယ်။ ဘားအက်လော (အခုခေတ်တော့ ဥပဒေပါရဂူ) လို့ခေါ်တဲ့ဝတ်လုံတော်ရ ဘွဲ့ရအောင်ယူရမယ်။ မိသားစုရဲ့ အစဉ်အလာထိန်းဖို့ အကြိမ်ကြိမ်မှာလိုက်တယ်။ ဟိုရောက်တဲ့အခါ သူက ဥပဒေဝါသနာမပါဘူး။ လန်ဒန်စကူးအော့ဖ်အီကိုနောမစ်မှာ LLB၊ LLM ဘွဲ့တွေကို ယူခဲ့တယ်။ နောက် ကိန်းဘရစ်ချ်တက္ကသိုလ်က BA(Law)ပြီးမှ LLB အောင်တယ်။

နောက် သူ့အစ်ကိုတွေ မျှော်မှန်းထားတဲ့ ဝတ်လုံတော်ရဘွဲ့ ယူခဲ့တယ်။

အိုင်ယာလန်နိုင်ငံ ဒတ်ဘလင် (Dublin)မြို့မှာရှိတဲ့ ဒန့်ရ်စတီးကောလိပ်သွားပြီး နိုင်ငံရေးသိပ္ပံဘွဲ့ယူခဲ့တယ်။ Ph.D. English ဘွဲ့လည်း ရခဲ့တယ်။ ပြင်သစ်နိုင်ငံ စော်ဘွန်းတက္ကသိုလ်က M. Litt ဘွဲ့ရခဲ့သေးတယ်။ နယ်သာလန်နိုင်ငံမှာလည်း ဘွဲ့တွေရခဲ့တယ်။ ဘွဲ့တွေ တစ်ခါတည်း အများကြီးယူလာတယ်။

နိုင်ငံခြားမှာ အကြာကြီးနေခဲ့တော့ ပိုက်ဆံတွေ ကုန်တာပေါ့နော်လို့ မေးတော့ " ငါရတဲ့ ရွှေတံဆိပ်တွေ ရောင်းပြီး ဆက်ပြီးနေခဲ့တာ၊ နောက်ပြီး စာအုပ်လည်း ရေးခဲ့တယ်။ စာအုပ်အတွက် ပေါင်(၁၀၀) စာမူခရတယ်။ အဲဒါတွေ အသုံးချပြီး ဆက်ပြီးပညာသင်ခဲ့တယ်"တဲ့။ စာအလွန် တော်ပါတယ်။ ၁၉၃၃ ခုနှစ် မြန်မာပြည် ပြန်ရောက်တော့ တစ်ခါတည်း ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီး မစ္စတာ စလေ့ဘ်က အင်္ဂလိပ်စာဌာနမှာ အချိန်ပိုင်း လက်ထောက်ကထိက ခန့်တယ်။ နောက်ပိုင်း ၁၉၃၄ ခုနှစ်မှာ အချိန်ပြည့် လက်ထောက်ကထိက ပေးတယ်။ ၁၉၃၆-၄၆ ခုနှစ်မှာ ပထမတန်းကထိက ဖြစ်သွားတယ်။ ၁၉၄၆ ခုနှစ်အထိ ဌာနပေါင်းစုံမှာ ကထိက၊ ပါမောက္ခလုပ်ခဲ့တယ်။ သူယူခဲ့တဲ့ ဘွဲ့တွေ အများကြီးလေ။ ဟိုတုန်းက ပါမောက္ခလုပ်ဖို့အတွက် မြန်မာဘွဲ့ရသူတွေ မရှိသေးဘူး။ Ph.D သွားသင်နေတုန်း ရှိသေးတယ်။ အဲဒီတော့ ယာယီဆိုပြီး သူ့ကိုအကုန် ခန့်တာပေါ့။ ဘယ်သူမှဌာနပေါင်းခြောက်ခု ဦးဆောင်ရတဲ့ ပါမောက္ခ မရှိခဲ့ဖူးဘူး။ သူတစ်ယောက်တည်း၊ တစ်ပြိုင်နက်တည်း ဌာနခြောက်ခုလောက် လုပ်ခဲ့ရတာ။ အင်္ဂလိပ်စာဌာနက ပါမောက္ခဖြစ်ပေမယ့် ကျန်တာကတော့ ယာယီဆိုပြီး လုပ်ခဲ့ရပါတယ်။ သူ့အစ်ကိုတွေက ဖြစ်စေချင်တာ ရှေ့နေတို့၊ တရားသူကြီးတို့ ဖြစ်စေချင်တာ။

သူကပြောတယ်။ အဲဒီအလုပ်တွေဟာ အင်မတန်ခေါင်းရှုပ်တယ်။ သူ့အစ်ကိုတွေကြည့်ပြီးတော့ သူက တက္ကသိုလ်မှာ ဆရာလုပ်ရတာ အင်မတန်ပျော်ခဲ့တယ်လို့ ပြောပါတယ်။ အဲဒီတုန်းက ရန်ကုန်တက္ကသိုလ်ကိုဖွဲ့စည်းဖို့၊ ထူထောင်ဖို့လုပ်နေတဲ့အချိန် စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံး၊ လက်နှိပ်စက်တစ်လုံးနဲ့ အလုပ်လုပ်နေတဲ့ ဦးထင်စီကိုတွေ့တော့ သူပါဝင်ပြီးတော့ ကူညီချင်လာတယ်။ ဒီတက္ကသိုလ်ကြီးဖြစ်လာအောင် လုပ်တော့မယ်လို့ သန္နိဋ္ဌာန်ချပြီး ကူညီခဲ့တယ်။ တကယ်တော့ ရန်ကုန်တက္ကသိုလ်ကြီးဖြစ်လာတာ ကျွန်တော့်ဦးလေး ဒေါက်တာထင်အောင်ရဲ့ လုပ်ဆောင်ချက်တွေ အများကြီးပါတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

**မေး ။ ။ ဆရာကြီးအကြောင်း ရေးထားတာလေးတွေ သိတာရှိသေးရင် ထပ်ပြီးဖြည့်စွက်ပြောပေးပါ။**

**ဖြေ** ။ ။ သူ့အကြောင်းရေးထားတာ အများကြီးရှိပါတယ်။ ကျွန်တော်တို့မမီလိုက်ဘူး။ ကျွန်တော် တက္ကသိုလ်ရောက်တော့ သူက သံအမတ်ကြီးအဖြစ် သီရိလင်္ကာကို ပြောင်းသွားပြီ။ သူ့အတန်းတွေ မတက်လိုက်ရဘူး။ သူက ပုံပြင်နားထောင်တာလည်း ဝါသနာပါတယ်။ ငယ်ငယ်တုန်းကဆို မိဘတွေကို တစ်ချိန်လုံး ပုံပြောခိုင်းနေတတ်တယ်။ နောက် သူဆရာဖြစ်လာတဲ့အခါ ကျွန်တော်တို့ တူတွေ၊ တူမတွေကို ပုံပြင်ပြောပြတတ်တယ်။ ဒါ့ကြောင့် တူတွေ၊ တူမတွေက သူ့အိမ်သွားရင် အလွန်ပျော်ကြတယ်။ ဒေါ်တင်လှဆိုတဲ့ အမျိုးသမီးနဲ့ အိမ်ထောင်ကျတယ်။ ဒေါ်တင်လှကလည်း ပညာတတ်ပါပဲ။ MA ဘွဲ့ရခဲ့ပါတယ်။ သားသမီး မထွန်းကားဘူး။ တူတွေ၊ တူမတွေက သားသမီးတွေလို ဖြစ်နေတာပေါ့။ ကျွန်တော်ဆို လေးတန်းလောက်ကတည်းက ယခုလက်ရှိ ပါမောက္ခချုပ်နေတဲ့ အိမ်ကြီးမှာပဲ ကြီးလာခဲ့တာ။ ပုံပြောနားထောင်ချင်တာကြောင့် ကျောင်းပိတ်ရင် ဦးလေးအိမ်ပဲသွားတယ်။ အင်္ဂလိပ်ပုံပြင်တွေပြောတာ နားထောင်လို့အင်မတန်ကောင်းပါတယ်။ ကျွန်တော့်ဦးလေး ဒေါက်တာထင်အောင်က ရွှတ်နောက်နောက်ပါ။ ပျော်လည်းပျော်တတ်တယ်။ သူပြောတဲ့ ပုံပြင်တွေထဲမှာ ရေတွင်းသုံးခုပုံပြင်ကို အင်္ဂလိပ်ဘာသာနဲ့ ပြောတယ်။ ပုံပြင်စပြောမယ်ဆိုပြီး အင်္ဂလိပ်လူမျိုးတွေ စကားစရင် ပြောလေ့ရှိတဲ့ " Well, well,well " နဲ့ စပြီး ရယ်သွားတယ်။

ဒီတော့တူတွေ၊တူမတွေက " ဘထွေးဆက်ပြောဦးလေ" လို့တောင်းဆိုတဲ့အခါ " ရေတွင်း ပုံပြင်ဒါပဲလေ" ဟုဆိုကာ ရယ်တော့တာပဲ ။ ကျောင်းသားကျောင်းသူတွေလည်း သူ့ကို အင်မတန်ချစ်ကြတယ်လို့ ပြောတယ်။ အင်္ဂလိပ်၊ မြန်မာ ညှပ်ပြီးလည်း ပြောလေ့ရှိတယ်။ ကာရန်လေးနဲ့ပြောတတ်တယ်။ စာသင်ကောင်းတဲ့အပြင် စာသင်တဲ့အခါ ဟာသလေးတွေ ညှပ်ပြီးပြောတော့ ပိုမှတ်မိတာပေါ့။ သူ့စာအုပ်တွေ လေ့လာဖတ်ကြည့်တဲ့အခါ ဘယ်သူမဆို နားလည်နိုင်တဲ့ စကားလုံးတွေ သုံးနှုန်းထားပါတယ်။ မြန်မာ့ရိုးရာ ပုံပြင်တွေကို အင်္ဂလိပ်လိုရေးခဲ့တဲ့အခါ မြန်မာ့ဓလေ့ထုံးစံတွေကို အနောက်တိုင်းစာဖတ်သူတွေ နားလည်အောင် ရေးထားတယ်။

**မေး ။ ။ ဒေါက်တာထင်အောင်ရဲ့ ကျောင်းသားကျောင်းသူတွေအပေါ်ထားရှိတဲ့ စိတ်သဘောထားလေး သိပါရစေ။**

**ဖြေ** ။ ။ အရင်ခေတ်တုန်းက ကျောင်းသား ကျောင်းသူတွေက ဆရာသမားဆို ရိုသေလေးစားကြတယ်။ ဆရာသမားတစ်ခွန်းပြောရင် နားထောင်တယ်။ ဆရာကြီးကိုတွေ့ရင် ကျောင်းသားတွေက လေးလေးစားစား ဆက်ဆံခဲ့ကြတယ်။ ဆရာဆိုတာ ကြောက်တာတစ်ပိုင်း၊ ချစ်တာ တစ်ပိုင်း၊ ချစ်အောင်လုပ်ဖို့ လိုပါတယ်။ ချစ်ကြောက် ရိုသေရမယ်။ အဲဒါမှ စာသင်လို့ရမယ်။ ကျောင်းသူ၊ ကျောင်းသား နားထောင်ကြမယ်။ ကျွန်တော်က အစိုးရအလုပ်ထဲမှာ သံတမန်အလုပ်ကို သိပ်သဘောကျတယ်။ နိုင်ငံခြားလည်း သွားရတယ်။ အင်္ဂလိပ်လိုတတ်တဲ့အတွက် နိုင်ငံခြားသားနဲ့ ဆက်ဆံရင် အောင်မြင်မယ်လို့ထင်ပြီး သိပ်လုပ်ချင်ခဲ့တယ်။ ခဏဆိုပြီး တက္ကသိုလ်မှာ ဆရာဝင်လုပ်လိုက်တာ အလွန်ပျော်သွားပြီး ဘဝတစ်ခုလုံး ဆရာပဲ လုပ်ချင်တော့တယ် ။ ယနေ့အထိပါပဲ။ ပင်စင်ယူပြီး နားတာမရှိပါဘူး။ စာသင်ရတဲ့အလုပ်ကို အတော်ပျော်မွေ့ခဲ့ပါတယ်။ ကျွန်တော့်မှာ ဦးလေးရဲ့သွေး အပြည့်ပါတယ်လို့ ထင်ပါတယ်။ သူ့ကိုသံအမတ်ကြီးအဖြစ် သီရိလင်္ကာကို ပို့လိုက်တော့ ပထမ စိတ်မကောင်းဘူး။ သူကလည်း ပညာရေးပဲဝါသနာပါတာ။ ဒါပေမယ့် သူကဟိုရောက်တဲ့အခါ သမိုင်း ဝါသနာပါပြီး သမိုင်းလေ့လာတော့ မြန်မာနဲ့ သီဟိုဠ် နိုင်ငံရဲ့ ရှေးတုန်းကဆက်ဆံရေးတွေ အကုန်ပြန်ပြီး လေ့လာနိုင်ခဲ့တယ်။

**မေး ။ ။ ဆရာကြီး ဒေါက်တာ ထင်အောင် ရေးခဲ့တဲ့ စာအုပ်တွေ ရှိပါသလား။**

**ဖြေ** ။ ။ စာအုပ်တွေ အများကြီးရေးခဲ့တယ်။ အလွန်လည်းကောင်းတယ်။ သူကတော့ တကယ့် စကော့လား (scholar)ပါ။ ဘယ်ရောက်ရောက် စာကြည့်တိုက်ထဲဝင် စာအုပ်တွေလေ့လာတယ်။ အများကြီး လေ့လာပြီးမှ ရေးလေ့ရှိတယ်။ နောက်ပိုင်းသူရေးတဲ့ History of Burma စာအုပ်ဖတ်ကြည့်လိုက်တဲ့အခါ အင်္ဂလိပ်တွေ ရေးခဲ့တဲ့ မြန်မာသမိုင်းတချို့ အချက်အလက်တွေကို ပြန်ချေပထားတယ်။ တချို့က တစ်ဖက် စောင်းနင်းဖြစ်နေတယ်။ ကျွန်တော်တို့ ဘုရင်တွေ၊ သမိုင်းတွေကို ဟိုဘက်အမြင်နဲ့ ရေးထားတာ တချို့ ချွတ်ချော်နေတာကို ပြန်ပြီးတော့ ချေပလိုက်တယ်။ မြန်မာ့သမိုင်းအမှန်ကို ကမ္ဘာက သိအောင် ဆရာကြီးက ပြန်လုပ်ပေးခဲ့ပါတယ်။ ဒီအချက်တွေမှန်တယ်။ ဒီအချက်မှားတယ်ဆိုတာကို ဆရာကြီးက ထောက်ပြတယ်။ သူက အင်္ဂလိပ်လိုကျွမ်းတော့ အင်္ဂလိပ်လို ထိထိမိမိရေးနိုင်တဲ့အတွက် အဲဒီစာအုပ်တွေက အဖိုးတန်ပါတယ်။ ပညာရေးအတွက် အများကြီးလုပ်ခဲ့ပါတယ်။ တကယ်တော့ သိပ်နှမြောပါတယ်။ သူ့ကို ယခုထိသက်ရှိထင်ရှားရှိစေချင်ပါတယ်။ သူတည်ဆောက်ပျိုးထောင်ပေးခဲ့တဲ့ တက္ကသိုလ်ကြီးနှစ်(၁၀၀)တောင် ရှိခဲ့ပြီဆိုတော့ တက္ကသိုလ်နှစ်(၁၀၀)ပြည့်မှာ သူသာရှိရင် ဘယ်လောက်တောင် ဝမ်းသာလိုက်မလဲ။



ပါမောက္ခချုပ် ဒေါက်တာထင်အောင်။

**မေး ။ ။ ဒေါက်တာထင်အောင်ရဲ့ မိသားစုအပေါ် ထားရှိတဲ့ စိတ်ထားလေး သိပါရစေ။**

**ဖြေ** ။ ။ ကျွန်တော်တို့ မိသားစုအားလုံး ဘထွေးလေးလို့ခေါ်တဲ့ ဒေါက်တာထင်အောင်ကို အချစ်ဆုံးပါ။ ရယ်ရယ်မောမော စကားပြောကောင်းတယ်။ ကလေးလည်း ချစ်တယ်။ ရုပ်ရှင်ကြည့်လည်း ကာတွန်းပဲ ကြည့်တယ်။ ကာတွန်းရုပ်ရှင် သိပ်ကြိုက်တယ်။ ရုပ်ရှင်ကြည့်ပြီး ပြန်လာရင် ဘထွေးလေး ရုပ်ရှင်ကားကောင်းလားလို့မေးရင် ရုပ်ရှင်ကားက မကောင်းဘူး၊ ကာတွန်းကားက ကောင်းတာကွာလို့ ဖြေလေ့ရှိတယ်။ ၁၉၇၈ ခုနှစ် မေလ ၂ ရက်မှာ ကွယ်လွန်သွားပါတယ်။ စာအုပ်တစ်အုပ်ရေးရင်းနဲ့ ကွယ်လွန်သွားတာပါ။ အဲဒီစာအုပ်က ပြီးမသွားဘူး။ အခု ပြန်လုပ်နေပါတယ်။ လုပ်နေတဲ့အဖွဲ့က သူ့စာအုပ်တွေ ပြန်ရိုက်ပြီး လှူပါတယ်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို လှူပြီးပါပြီ။ ပြန်ကြားရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ စာကြည့်တိုက်တွေကိုလည်း လှူပါမယ်။ လှူဒါန်းရခြင်းကတော့ ခုခေတ်ကျောင်းသား ကျောင်းသူတွေ ဖတ်စေချင်လို့ပါ။ စာအုပ်ထဲမှာပါတဲ့ ပုံပြင်တွေကလည်း ကြားဖူးနားဝရှိတဲ့ မြန်မာပုံပြင်တွေကို အင်္ဂလိပ်ဘာသာနဲ့ရေးထားတာပါ။ အိမ်က ကလေးတွေ ဖတ်ခိုင်းတော့ အတော်သဘောကျကြတယ်။ စာကြည့်တိုက်တွေကိုလည်း ပို့ပေးပါ့မယ်။

**မေး ။ ။ ဆရာကြီး ဒေါက်တာ ထင်အောင် ရန်ကုန်တက္ကသိုလ်မှာ စာသင်ခဲ့တဲ့ အတွေ့အကြုံလေးတွေအနက် သိရှိမှတ်မိတာများရှိရင် သိပါရစေ။**

**ဖြေ** ။ ။ ရန်ကုန်တက္ကသိုလ်ကို ၁၉၅၈ ခုနှစ်အထိ ပျိုးထောင်ခဲ့တယ်။ စတည်စဉ်ကတည်းက စာသင်ခဲ့ရတာ။ မိုးရွာရင် မိုးရေတွေရော၊ ခါချဉ်ပုရွက်ဆိတ်ကောင်တွေရော ကျောင်းသူ ကျောင်းသားတွေရဲ့ ကိုယ်ပေါ်ကျပြီး သင်ယူခဲ့ရတာ။ အဆင့်ဆင့်နဲ့ အခုဒီလို ဖြစ်လာခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ဝိဇ္ဇာခန်းမမှာ ပထမဦးဆုံး မြန်မာလူမျိုး ပါမောက္ခချုပ်ဖြစ်တဲ့ သူ့ရုပ်ပုံကို ချိတ်ဆွဲထားပါတယ်။ ကျွန်တော်တို့ မိသားစုအသိုင်းအဝိုင်းကလည်း တက္ကသိုလ်အသိုင်းအဝိုင်းထဲကပါ။ အခုထက်ထိ တက္ကသိုလ်ပညာရေးပြုပြင်ပြောင်းလဲမှုမှာ ကျွန်တော်ပါဝင်ကူညီခွင့်ရတဲ့အတွက် ကြည်နူးရပါတယ်။ တက္ကသိုလ်ထဲရောက်သွားရင် ကျွန်တော့်စိတ်ထဲက အလိုလို နှပျိုလွတ်လပ်ပြီး အလွန်ပျော်တယ်။ ဒါ့ကြောင့် ခဏခဏအစည်းအဝေးတက်ဖို့အတွက် တက္ကသိုလ်ထဲရောက်သွားရင် ပါမောက္ခချုပ်နေတဲ့ အိမ်ကို အမြဲကြည့်ပြီး ဘထွေးလေးကို အမြဲသတိရမိတယ်။

**မေး ။ ။ ဆရာနေအုပ်ရဲ့ တက္ကသိုလ်ကျောင်းသားဘဝ၊ ဆရာဘဝ ပုံရိပ်လေးတွေကိုလည်း သိပါရစေ။**

**ဖြေ** ။ ။ တက္ကသိုလ်ထဲမှာ ကျောင်းသားပုံရိပ်၊ ဆရာဘဝပုံရိပ် သတိရစရာတွေ အများကြီးပါ။ တက္ကသိုလ်ကျောင်းသားဘဝ မရောက်ခင်ကတည်းက တက္ကသိုလ်ထဲ ရောက်ခဲ့တာပါ။ ဘကြီး ဦးအေးမောင်နဲ့ ဒေါ်မြမူက တက္ကသိုလ်ထဲမှာနေတယ်။ ဒေါ်လေး ဒေါ်ခင်စောမူလည်း ဒီထဲမှာနေတယ်။ ဘထွေးလေး ဒေါက်တာထင်အောင် ပါမောက္ခချုပ်ဖြစ်စဉ်က Campus မှာပဲ နေခဲ့တယ်။ ဒီအပြင် ဘဘ ဆရာမင်းသုဝဏ်၊ ဘဘ ဆရာဇော်ဂျီတို့ ရှိကြတယ်။ အမျိုးတွေလိုပဲ တက္ကသိုလ်ထဲမှာ တစ်အိမ်ဝင် တစ်အိမ်ထွက် လျှောက်လည်ခဲ့တယ်။ ဆွေမျိုးတွေပေ့ါ။ အလွန်ကို ပျော်ခဲ့တာ။ တက္ကသိုလ်ကျောင်းသားဖြစ်လာပြန်တော့လည်း လေးနှစ်တိတိ အဲဒီဝင်းကြီးမှာပဲ ပညာသင်ခွင့်ရခဲ့တယ်။ အင်္ဂလိပ်စာဌာနမှာ နည်းပြဆရာဖြစ်လာတော့လည်း နောက်ထပ်ခုနစ်နှစ်နေခဲ့ရတယ်။ ရန်ကုန်တက္ကသိုလ်ကြီးဟာ ကျွန်တော့်ရဲ့ ဒုတိယအိမ်ပါပဲ။ အခု ရန်ကုန်တက္ကသိုလ်ကြီးကနှစ်(၁၀၀)ပြည့်ဆိုတော့ ရန်ကုန်တက္ကသိုလ်ရာပြည့်ပွဲကြီးကို အင်တိုက်အားတိုက် ပါဝင်ပံ့ပိုးပြီး ကူညီပေးရတာလည်း ကျွန်တော့်အတွက် ကြည်နူးစရာတစ်ခုပါပဲ။

**ကျေးဇူးအများကြီးတင်ပါတယ်ရှင်။**

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

### သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၁၃/၂၀၂၀)

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့၌ ကျင်းပသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွှတ်တော် (၃) ရပ်အတွက် မဲဆန္ဒနယ် (၇) နေရာသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ ယင်းကဲ့သို့ စောင့်ကြည့်လေ့လာရာတွင် နိုင်ငံတကာရှိ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများက သက်ဆိုင်ရာရွေးကောက်ပွဲများကို စောင့်ကြည့်လေ့လာသည့် စံသတ်မှတ်ချက်များအား အခြေပြု၍ လေ့လာခဲ့ခြင်းဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ထန်းတပင်မြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ တွံတေးမြို့နယ်များရှိ မဲဆန္ဒနယ် (၇) နယ်မှ မဲရုံပေါင်း (၂၀) ရုံကို စောင့်ကြည့်လေ့လာခဲ့ပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အထွေထွေရွေးကောက်ပွဲနေ့၌ စောင့်ကြည့်လေ့လာခဲ့သော မဲရုံများတွင် ဆန္ဒမဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်စာရင်းပြုစုခြင်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ

| | | |
|---|---|---|
| ၁။ | **မဲဆန္ဒရှင်စုစုပေါင်း** | ၃၇၂၆၈၈၇၆ ဦး |
| ၂။ | **မဲရုံစုစုပေါင်း** | ၃၉၉၆၂ ရုံ |
| ၃။ | **လစ်လပ်မဲဆန္ဒနယ်ပေါင်း** | |
| | (က) ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ၃၁၅ နယ် |
| | (ခ) အမျိုးသားလွှတ်တော်မဲဆန္ဒနယ် | ၁၆၁ နယ် |
| | (ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် | ၆၁၂ နယ် |
| | (ဃ) တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ၂၉ နယ် |
| | **လစ်လပ်မဲဆန္ဒနယ်စုစုပေါင်း** | ၁၁၁၇ နယ် |
| ၄။ | **ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီစုစုပေါင်း** | |
| | (က) ယှဉ်ပြိုင်ရန်စာရင်းသွင်း | ၉၃ ပါတီ |
| | (ခ) ညီညွတ်သော ဒီမိုကရက်တစ်ပါတီနှင့် ပြည်ထောင်စုဒီမိုကရေစီပါတီ ဖျက်သိမ်း | ၂ ပါတီ |
| | (ဂ) ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီစုစုပေါင်း | ၉၁ ပါတီ |
| | (ဃ) ရွေးကောက်ပွဲမကျင်းပနိုင်သည့်ဒေသကြေညာ၍ ယှဉ်ပြိုင်ခြင်းမပြုနိုင်သည့်ပါတီ | ၄ ပါတီ |
| | (င) **စုစုပေါင်း** | ၈၇ ပါတီ |
| ၅။ | **ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း** | |
| | (က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း | ၁၅၆၅ ဦး |
| | (ခ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း | ၇၇၉ ဦး |
| | (ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း | ၃၁၁၂ ဦး |
| | (ဃ) တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း | ၁၈၃ ဦး |
| | **စုစုပေါင်း** | ၅၆၃၉ ဦး |
| ၆။ | **ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မှု** | |
| | (က) နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်း | ၅၃၇၉ ဦး |
| | (ခ) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း | ၂၆၀ ဦး |

# ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ဆန္ဒမဲရလဒ်များ ထုတ်ပြန်ကြေညာ

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုဝင်ဘာ ၈ ရက်က ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ဆန္ဒမဲရလဒ်များကို ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် ထုတ်ပြန်ကြေညာသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်က ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်မှ ဝင်ရောက်အရွေးခံသည့် ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး(၁) နှင့် တိုင်းဒေသကြီး (၂) နေရာတို့မှ ကိုယ်စားလှယ်လောင်းများ၏ ဆန္ဒမဲရလဒ်များကို ထုတ်ပြန်ကြေညာသည်။

"ပထမဆုံးအနေနဲ့ ဆန္ဒမဲအတည်ဖြစ်တဲ့ လသာမြို့နယ်နဲ့ပတ်သက်ပြီး ကြေညာပါမယ်။ ပြည်သူ့လွှတ်တော်နေရာ၊ တိုင်းဒေသကြီး(၁)နေရာနဲ့ တိုင်းဒေသကြီး (၂)နေရာ စုစုပေါင်း သုံးနေရာအတွက် ကြေညာပါမယ်။ အမျိုးသားလွှတ်တော်နဲ့ တိုင်းရင်းသားနေရာအတွက် မကြေညာသေးပါဘူး။ အမျိုးသားလွှတ်တော်က လူဦးရေကိုအခြေခံပြီး သုံး၊ လေးမြို့နယ်ပေါင်းပြီးမှ ရောက်ရှိလာတဲ့ မဲရလဒ်အပေါ် မူတည်ပြီးတော့ ကြေညာရမှာဖြစ်ပါတယ်။ မြို့နယ်မစုံသေးတဲ့အတွက် အမျိုးသားလွှတ်တော်နေရာအတွက် မကြေညာနိုင်သေးပါဘူး။ နောက်တစ်ခုက တိုင်းရင်းသားနေရာအတွက်လည်း ရန်ကုန်တိုင်းတစ်တိုင်းလုံးနဲ့ သက်ဆိုင်တဲ့အတွက် အားလုံးရောက်ရှိမှ ကြေညာနိုင်မှာ ဖြစ်ပါတယ်" ဟု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်မှ ဆန္ဒမဲရလဒ်များကို ယနေ့ညနေ ၃နာရီ ၄၅ မိနစ်တစ်ကြိမ်၊ ညနေ ၆ နာရီတွင်တစ်ကြိမ်၊ ည ၉ နာရီတွင်တစ်ကြိမ်၊ ည ၁၂ နာရီတွင်တစ်ကြိမ် ကြေညာပေးသွားမည်ဖြစ်ပြီး ကျန်ရှိသည့် ဆန္ဒမဲရလဒ်များကို နောက်ရက်များတွင် ဆက်လက်ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည်က "ဒီနေ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဝင်ပြိုင်တဲ့ ကိုယ်စားလှယ်လောင်းတွေရဲ့ ရရှိတဲ့ ဆန္ဒမဲရလဒ်တွေကို ကြေညာပေးသွားမှာဖြစ်ပါတယ်။ ကြိုတင်မဲနဲ့ပေါင်းပြီး စုစုပေါင်းရတဲ့ မဲတွေကို စုစည်းပြီးတော့ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ကို ပို့ပါတယ်။ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ကနေ မြို့နယ်အလိုက် ပေးပို့လာတဲ့ ဆန္ဒမဲတွေကို စိစစ်အတည်ပြုပြီးရင် ထုတ်ပြန်ကြေညာပေးသွားပါမယ်"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၆၁ သိန်းကျော်ရှိပြီး ကြိုတင်ဆန္ဒမဲပေးသူဦးရေ ရှစ်သိန်းကျော်ရှိကြောင်း၊ ပါတီပေါင်း ၄၂ ပါတီနှင့် တစ်သီးပုဂ္ဂလ ၃၂ ဦးတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၈၀၁ ဦးက ပြည်သူ့လွှတ်တော် ၄၅ နေရာ၊ အမျိုးသားလွှတ်တော် ၁၂ နေရာ၊ တိုင်းဒေသကြီးလွှတ်တော်နေရာ ၉၀ နှင့် တိုင်းရင်းသားနှစ်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထုတ်ပြန်ချက်အရ သိရသည်။

**သတင်း- မင်းသစ်(MNA)၊ ဓာတ်ပုံ - ရဲထွဋ်**



## မြိတ်မြို့နယ်၌ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲများ၊ မဲရုံကြိုတင်မဲများနှင့် ဆန္ဒမဲလက်မှတ်များ ရေတွက်

**မြိတ် နိုဝင်ဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ မဲဆန္ဒနယ်အသီးသီး၌လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေး ညွှန်ကြားချက်နှင့်အညီ မဲရုံအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်စွာ စနစ်တကျ ဆန္ဒမဲပေးခဲ့ကြသည်။

**ပွင့်လင်းမြင်သာစွာရေတွက်**

မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲများ ပေးကြပြီး မဲရုံအသီးသီးမှ ညနေ ၄ နာရီတွင် မဲရုံပိတ်သိမ်းခဲ့ကြသည်။ ထို့နောက် မဲရုံအသီးသီးတွင် ကြိုတင်မဲများအပါအဝင် ဆန္ဒမဲများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့တွင် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲများကို တာဝန်ရှိသူများက ပါတီများ၏ ကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်နှင့် စောင့်ကြည့်လေ့လာသူများ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ရေတွက်ခဲ့ကြသည်။

မြိတ်မြို့နယ်တွင် ရပ်ကွက် ၁၂ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၂ အုပ်စုတွင် မဲရုံပေါင်း ၂၂၇ ရုံဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၂၆၇၉၈ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**မြိတ် (ပြန်/ဆက်)**

# ၂၀၂၀ အထွေထွေရွေးကောက်ပွဲသည် တရားမျှတ၍ ပြည့်စုံမှန်ကန်သည့် ရွေးကောက်ပွဲဖြစ်ပြီး အားလုံးကနေ အသိအမှတ်ပြုမည်ဟု ထင်မြင်ပါကြောင်း ဂျပန်နိုင်ငံအစိုးရ၏ အထွေထွေရွေးကောက်ပွဲလေ့လာရေးအဖွဲ့ခေါင်းဆောင် မစ္စတာရိုဟေးဆာဆာကာဝါ ပြောကြား

**ရန်ကုန် နိုဝင်ဘာ ၉**

ဂျပန်နိုင်ငံအစိုးရ၏ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်၊ မြန်မာနိုင်ငံပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လေ့လာရေးအဖွဲ့ ခေါင်းဆောင် မစ္စတာရိုဟေးဆာဆာကာဝါသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများနှင့် Online Press Conference ကျင်းပသည်။



မစ္စတာ ဆာဆာကာဝါသည် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ မြန်မာနိုင်ငံတွင်နေထိုင်ကာ ဂျပန်နိုင်ငံအစိုးရ၏ အထွေထွေရွေးကောက်ပွဲလေ့လာရေးအဖွဲ့ဦးဆောင်သူအဖြစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအား လေ့လာခဲ့ခြင်းဖြစ်သည်။

ထိုသို့လေ့လာရာ၌ ယခုကျင်းပသည့် ရွေးကောက်ပွဲသည် တရားမျှတပြီး ပြည့်စုံမှန်ကန်သည့် ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုမည်ဟု ထင်မြင်မိကြောင်း၊ မဲပေးသည့် ပြည်သူများသည် အေးချမ်းစွာဖြင့် စီတန်း၍ စနစ်တကျ မဲပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ အချို့နိုင်ငံများတွင် မဲနှစ်ကြိမ်ထည့်သည့်အဖြစ်မျိုး ဖြစ်ပေါ်လေ့ရှိသည့်အတွက် မိမိတို့ဂျပန်အစိုးရအနေဖြင့် ဆန္ဒမဲပေးပြီးသည့်အခါ လက်ကိုမင်တို့ အမှတ်အသားပြုလုပ်နိုင်ရန် အထူးမင်ကို လှူဒါန်းခဲ့သည်ကို အားလုံးသိလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအစိုးရသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးသူများအသုံးပြုနိုင်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ သန်းတန်ဖိုးရှိ ကြာရှည်ခံမင်ဘူး ၁၁၃၀၀၀ ကို ထောက်ပံ့လှူဒါန်းခဲ့သည်။

ယခုကျင်းပသည့် ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်မလာနိုင်ဟူ၍ ဝေဖန်သုံးသပ်ခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးအဖွဲ့များ ရှိခဲ့သည်ဆိုသည့်မေးခွန်းအပေါ် မစ္စတာ ဆာဆာကာဝါက "အခုကျင်းပပြုလုပ်ပြီးစီးခဲ့တဲ့ရွေးကောက်ပွဲဟာ ရွေးကောက်ပွဲမတိုင်ခင်မှာ ဝေဖန်မှုတွေရှိခဲ့တယ်ဆိုတာကို ကျွန်တော်သိထားပါတယ်။ ကျွန်တော်ဟာ မဲရုံတွေကို သွားရောက်လေ့လာခဲ့ပါတယ်။ လေ့လာတဲ့အခါမှာ အခြေအနေအရ ရန်ကုန်တိုင်းဒေသကြီးထဲမှာပဲ လေ့လာခွင့်ရခဲ့ပါတယ်။ အထူးမင်ကို ပြီးခဲ့တဲ့ ၂၀၁၅ ရွေးကောက်ပွဲမှာလည်း ကျွန်တော်တို့ လှူဒါန်းခဲ့ပါတယ်။ ပြည်သူတွေဟာ ဆိုရင် အဲဒီမင်ကိုပြသပြီးတော့မှ သူတို့မဲထည့်ခဲ့ကြောင်း သက်သေပြတာကို တွေ့မြင်ရပါတယ်။ အေးချမ်းစွာစီတန်းပြီး မဲလာထည့်တဲ့ ပြည်သူတွေကိုလည်း ကျွန်တော်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

"တွေ့ဆုံမေးမြန်းတဲ့အခါမှာ အချို့က သူတို့တွေ စိတ်လှုပ်ရှားနေပါတယ်။ မနေ့ကတည်းက စိတ်လှုပ်ရှားနေတာပါဆိုပြီး ဖြေကြားခဲ့ပါတယ်။ သူတို့ထည့်တဲ့မဲတစ်ပြားနဲ့ နိုင်ငံတော်ကို ပြောင်းလဲအောင်ပြုလုပ်နိုင်တယ်လို့လည်း ဖြေကြားခဲ့ပါတယ်။ သူတို့ဟာ ကိုယ်ထည့်တဲ့မဲတစ်ပြားနဲ့ နိုင်ငံတော်ကို ပြောင်းလဲသွားစေနိုင်တယ်ဆိုတဲ့ အသိရှိတယ်ဆိုတာကိုလည်း ကျွန်တော်တွေ့ခဲ့ရပါတယ်။

"အခုအကြိမ် ရွေးကောက်ပွဲကို နိုင်ငံတကာက ဝေဖန်မှုအနည်းအကျဉ်းရှိခဲ့ပါလိမ့်မယ်။ သို့သော် နိုင်ငံတကာအနေနဲ့ အခုအကြိမ် မြန်မာနိုင်ငံမှာပြုလုပ်တဲ့ ရွေးကောက်ပွဲဟာ တရားမျှတပြီး ပြည့်စုံမှန်ကန်တဲ့ ရွေးကောက်ပွဲဖြစ်တယ်ဆိုတာ အားလုံးကနေ အသိအမှတ်ပြုမယ်လို့ ကျွန်တော်ထင်မိပါတယ်" ဟု ဖြေကြားခဲ့သည်။

မစ္စတာ ဆာဆာကာဝါသည် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမနှင့် သံရုံးဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုကိုရယူကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲရုံ ၁၀ ရုံကို သွားရောက်လေ့လာခဲ့ပြီး မဲရုံအခြေအနေ ကြည့်ရှုလေ့လာခြင်း၊ ဆန္ဒမဲပေးမှုအခြေအနေနှင့် မဲရေတွက်မှုအခြေအနေများကို တစ်စိတ်တစ်ပိုင်း ကြည့်ရှုလေ့လာခဲ့ခြင်းများပြုလုပ်ခဲ့ကြောင်း ယနေ့ကျင်းပသည့် Online Press Conference မှသိရသည်။

ယခုကျင်းပသည့် အထွေထွေရွေးကောက်ပွဲ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လမ်းညွှန်မှုများသည် အလွန်ကောင်းမွန်သည်ဟု ထင်မြင်မိကြောင်း၊ တရားဝင်ကြေညာချက် ပြုလုပ်ခြင်းမရှိသေးသော်လည်း မဲထည့်သည့်ရာခိုင်နှုန်းမှာ မြင့်မားမည်ဟုထင်မြင်မိကြောင်းကိုလည်း မစ္စတာ ဆာဆာကာဝါက ယခုလို ဖြေကြားထားသည်။

" အခုအကြိမ် ရွေးကောက်ပွဲမှာ ကိုဗစ်-၁၉ ကပ်ရောဂါရှိနေပြီး ကူးစက်မှုရာခိုင်နှုန်း မြင့်မားနေတဲ့အတွက်ကြောင့် ရွေးကောက်ပွဲကျင်းပဖို့ သင့်တော်ပါ့မလားဆိုတဲ့ တင်ပြမှုတွေရှိခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။ ပြည်သူတွေအနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တရားဝင်ကြေညာချက် ပြုလုပ်ခြင်းမရှိသေးသော်လည်း မဲထည့်တဲ့ ရာခိုင်နှုန်းကတော့ မြင့်မားမယ်လို့ ကျွန်တော်ထင်ပါတယ်။ ပထမတစ်ချက်က ကိုဗစ်-၁၉ ရှိနေတဲ့အတွက် မဲရုံခွဲတွေ တော်တော်များများ ဖွင့်လှစ်ထားတဲ့အတွက်ကြောင့် ကိုယ်နေထိုင်တဲ့နေရာတွေနဲ့ ဝေးကွာတဲ့အနေအထားမရှိတဲ့ အနေအထားကြောင့် မဲရုံကိုသွားဖို့လွယ်ကူတဲ့အနေအထားမှာ ရှိခဲ့ပါတယ်။ ဒါကြောင့် မဲထည့်တဲ့ ရာခိုင်နှုန်းမြင့်မားမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒုတိယအချက်အနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ လမ်းညွှန်မှုတွေဟာ အလွန်ကောင်းမွန်တယ်လို့ ထင်ပါတယ်။ မဲရုံလာတဲ့ ပြည်သူတွေဟာ အင်မတန်များပြားတယ်။ မဲလာထည့်တဲ့ ပြည်သူတွေဟာ ကိုဗစ်-၁၉ အခြေအနေကြောင့် စိုးရိမ်မှုတွေ ရှိခဲ့မယ်လို့ ထင်ခဲ့တယ်။ သို့သော်လည်း ရွေးကောက်ပွဲကော်မရှင်ရဲ့ ကြိုးစားအားထုတ်မှုတွေရှိခဲ့လို့ ဒီအခြေအနေကို ကျော်ဖြတ်ပြီး မဲလာထည့်တဲ့ အခြေအနေတွေရှိခဲ့တဲ့အတွက်ကြောင့် မဲထည့်တဲ့ ရာခိုင်နှုန်းမြင့်မားမယ်လို့ ထင်ပါတယ်။

"ကျွန်တော်မဲရုံ ၁၀ ရုံကို သွားလေ့လာတဲ့အခါ ဆန္ဒမဲလာထည့်တဲ့ ပြည်သူတွေဟာ စနစ်တကျရှိသလို မဲရုံတာဝန်ခံတွေကလည်း စနစ်တကျရှိတာ တွေ့ခဲ့ရပါတယ်။ ဆန္ဒမဲ လာထည့်တဲ့သူတွေဟာ စနစ်တကျစီတန်းပြီး အသံကျယ်ကျယ်လောင်လောင်စကားပြောတာ၊ အချင်းချင်း စကားပြောတာ လုံးဝမရှိတာတွေ့ခဲ့ရတယ်။ သူတို့ရဲ့ နိုင်ငံသားအခွင့်အရေးတွေ အသုံးချနိုင်ခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်" ဟု ပြောသည်။

မစ္စတာ ဆာဆာကာဝါသည် ရွေးကောက်ပွဲနေ့ လေ့လာမှုများမပြုလုပ်ခင် နိုဝင်ဘာ ၆ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နှင့်လည်း နေပြည်တော်တွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ပြည်နယ်အချို့ရှိဒေသများတွင် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့်အပေါ် "ရှမ်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်အချို့ဒေသတွေမှာ ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိတာတွေရှိခဲ့ပါတယ်။ ကျွန်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ တွေ့ဆုံတဲ့အချိန်မှာ အဲဒီဒေသတွေမှာ အတတ်နိုင်ဆုံး၊ အမြန်ဆုံး ကြားဖြတ်ရွေးကောက်ပွဲတွေ ကျင်းပသွားမယ်လို့ ပြောကြားခဲ့တာ တင်ပြချင်ပါတယ်" ဟု မစ္စတာ ဆာဆာကာဝါက ဖြေကြားခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-ရဲခေါင်ညွန့်**

# မောက်မယ်မြို့နယ်၌ ဒေသခံပြည်သူများ အေးချမ်းစွာဆန္ဒမဲပေး

**မောက်မယ် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်( တောင်ပိုင်း ) လင်းခေးခရိုင် မောက်မယ်မြို့နယ်၌ ယမန်နေ့က ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်နှစ်ခုမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဒေသခံပြည်သူများသည် မဲရုံစဖွင့်သည့် နံနက် ၆ နာရီမှစတင်၍ ကိုဗစ်-၁၉ ရောဂါကူးစက် ပြန့်ပွားမှု မရှိစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျလက်ဆေးပြီး နှာခေါင်းစည်းဝတ်ဆင်ကာ ဘေးကင်းလုံခြုံစွာဖြင့် အေးချမ်းစွာ ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

မောက်မယ်မြို့နယ်အတွင်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော် လွှတ်တော်သုံးရပ်အပြင် တိုင်းရင်းသားလူမျိုးများ မဲဆန္ဒနယ်အတွက် ဗမာတိုင်းရင်းသား ၁၁၂ ဦး၊ အင်းသားတိုင်းရင်းသား ၄၁ ဦး၊ ကချင်တိုင်းရင်းသား ကိုးဦး၊ လားဟူတိုင်းရင်းသား နှစ်ဦး၊ လီဆူတိုင်းရင်းသား လေးဦး၊ ကယန်း/ပဒေါင် တိုင်းရင်းသား ၁၃၈ ဦး၊ အာခါတိုင်းရင်းသား တစ်ဦးရှိကြောင်းနှင့် မောက်မယ်မြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၂၁၉၀ ဦးရှိပြီး မဲဆန္ဒနယ်အမှတ်(၁)တွင် မဲရုံ ၁၉ ရုံ ၊ မဲဆန္ဒနယ်အမှတ်(၂)တွင် မဲရုံ ၁၃ ရုံ စုစုပေါင်းမဲရုံ ၃၂ ရုံ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**





# မန့်ဟီးရိုးမြို့၌ ဒေသခံပြည်သူများ လွတ်လပ်စွာဆန္ဒမဲပေး

**မန့်ဟီးရိုး နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မန့်ဟီးရိုးမြို့ရှိ ဒေသခံပြည်သူများသည် လွတ်လပ်စွာဖြင့် မိမိသဘောကျသည့် ပါတီကိုယ်စားလှယ်လောင်းများကို စိတ်တိုင်းကျမဲပေးပြီး၍ ယမန်နေ့ညနေ ၄ နာရီတွင် မဲရုံများကိုအောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

မန့်ဟီးရိုးမြို့ရှိ ဒေသခံပြည်သူ ၆၀၀၀ ကျော်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွတ်လပ်ပွင့်လင်းစွာဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆန္ဒမဲပေးရန် လာရောက်ခဲ့ကြပြီး စနစ်တကျဖြင့် မိမိတို့နှစ်သက်သည့် ပါတီကိုယ်စားလှယ်လောင်းများကို စိတ်တိုင်းကျရွေးချယ်၍ ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

ညနေ ၄ နာရီတွင် မဲရုံမှူးများသည် မဲရုံပိတ်သိမ်းကြောင်း ကြေညာခဲ့ကြပြီး ပါတီကိုယ်စားလှယ်လောင်းများ၊ စောင့်ကြည့်သူများ၊ မဲရုံအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများ ရှေ့မှောက်တွင် မဲပုံးများကိုဖွင့်ဖောက်စစ်ဆေး၍ မဲလက်မှတ်တွင် ဆန္ဒမဲပေးထားသည့် ပါတီကိုယ်စားလှယ်လောင်းများ၏ အမည်များကို သတ်မှတ်ထားသည့် ခြင်းတောင်းများအတွင်းထည့်သွင်းခြင်း၊ တာလီချိုးခြင်း၊ ပယ်မဲများကို သတ်မှတ်နေရာတွင် ထည့်သွင်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန့်ဟီးရိုးမြို့တွင် မဲရုံပေါင်း ကိုးရုံရှိပြီး ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီခုနစ်ပါတီရှိကြောင်းနှင့် ပါတီကိုယ်စားလှယ်လောင်း ၂၈ ဦးရှိကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**စန္ဒာ(ပြန်/ဆက်)**

# ကော့သောင်းမြို့နယ်၌ လာရောက်မဲပေးသူ ၅၀၈၁၂ ဦးရှိပြီး မဲပေးမှုရာခိုင်နှုန်း ၄၅ ဒသမ ၁၃ ရာခိုင်နှုန်းရှိ

**ကော့သောင်း နိုဝင်ဘာ ၉**
ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယမန်နေ့နံနက် ၆ နာရီမှ စတင်ကျင်းပခဲ့ရာ ကော့သောင်းမြို့နယ်အတွင်းရှိ မဲရုံအသီးသီးသည် ညနေ ၄ နာရီတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြသည်။ ရွေးကောက်ပွဲရလဒ်ထုတ်ပြန်ကြေညာနိုင်ရေး မဲရုံအသီးသီး ဆန္ဒမဲများရေတွက်မှုကို ဆက်လက်ဆောင်ရွက်ခဲ့ကြရာ ယနေ့ နံနက်ပိုင်းအထိ ရလဒ်အဖြေများထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

မဲရုံများ ပိတ်သိမ်းပြီးနောက် နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ စောင့်ကြည့်လေ့လာသူများနှင့် အသိသက်သေများရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆန္ဒမဲလက်မှတ်များ ရေတွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်များ လုပ်ငန်းများပြီးစီးနေပြီဖြစ်သော်လည်း ခရီးလမ်းပန်းဆက်သွယ်မှုအလှမ်းဝေးရာ ပင်လယ်ကျေးရွာတချို့၏ မဲရုံများမှ မဲရေတွက်မှုနှင့်စာရင်းပြုစုမှုလုပ်ငန်း ကျန်ရှိနေပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲရလဒ် အမြန်ဆုံးပေးပို့ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကော့သောင်းမြို့နယ်အတွင်း ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၂၇ အုပ်စု၊ မဲရုံပေါင်း ၇၅ ရုံ၊ နိုင်ငံရေးပါတီရှစ်ခုကသက်ဆိုင်ရာလွှတ်တော်နေရာအသီးသီးမှ ကိုယ်စားလှယ်လောင်း ၂၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၁၂၅၈၉ ဦး၊ ကြိုတင်မဲပေးသူဦးရေ ၁၃၀၀၀ ကျော်ခန့်နှင့် မဲရုံများသို့လာရောက်မဲပေးသူ ၅၀၈၁၂ ဦးရှိရာ လာရောက်မဲပေးမှုရာခိုင်နှုန်း ၄၅ ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**





# ဂန့်ဂေါမြို့နယ်၌ မဲရုံ ၁၈၃ ရုံရှိပြီး ဆန္ဒမဲပေးခွင့်ရှိသူ ၁၀၉၃၁၅ ဦးရှိ

**ဂန့်ဂေါ နိုဝင်ဘာ ၉**
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ယမန်နေ့ နံနက် ၆ နာရီမှ စတင်ကျင်းပခဲ့ရာ ဂန့်ဂေါမြို့နယ်အတွင်းရှိ မဲရုံ ၁၈၃ ရုံ၌ ညနေ ၄ နာရီတွင် မဲရုံများပိတ်သိမ်း၍ ဆန္ဒမဲပေးမှု အောင်မြင်စွာပြီးစီးခဲ့ကြောင်း သိရသည်။

မဲရုံများပိတ်သိမ်းပြီးချိန်တွင် နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ စောင့်ကြည့်လေ့လာသူများနှင့် မျက်မြင်သက်သေများရှေ့တွင် ပွင့်လင်းမြင်သာစွာ ဆန္ဒမဲလက်မှတ်များ ရေတွက်လျက်ရှိပြီး ဂန့်ဂေါမြို့နယ်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူ ၁၀၉၃၁၅ ဦးရှိရာ အသက် ၆၀ နှစ်အထက် ကြိုတင်ဆန္ဒမဲ ၂၀၀၁၇ ဦး၊ နိုင်ငံခြားကြိုတင်ဆန္ဒမဲ၊ တပ်ရင်းတပ်ဖွဲ့သုံးခုမှ ကြိုတင်ဆန္ဒမဲနှင့် ပုံစံ-၁၅ မဲဆန္ဒနယ်ပြင်ပကြိုတင်ဆန္ဒမဲ ၃၃၇ ဦးရှိကြောင်း သိရသည်။

**ထင်အောင်နိုင်(ဂန့်ဂေါ)**

# မကွေးတိုင်းဒေသကြီး၌ လာရောက်မဲပေးသူ ၂၆၀၁၂၃၈ ဦးရှိပြီး မဲပေးမှုရာခိုင်နှုန်း ၇၈ ဒသမ ၅၈ ရာခိုင်နှုန်းရှိ

**မကွေး နိုဝင်ဘာ ၉**
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ယမန်နေ့ညနေပိုင်းက အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ပြီး မကွေးတိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲရလဒ်များအား အချိန်မီထုတ်ပြန်နိုင်ရေး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အနေဖြင့် မဲဆန္ဒနယ်အသီးသီးမှ ပေးပို့လာသော ဆန္ဒမဲရလဒ်များကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ဦးရေ ၃၀၂၆၇၃၃ ဦးရှိပြီး လာရောက်မဲပေးသူ ဦးရေ ၂၂၀၁၆၆၀ ဦးရှိကာ မဲပေးမှုရာခိုင်နှုန်းအနေဖြင့် ၇၂ ဒသမ ၇၄ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**၇၈ ဒသမ ၅၈ ရာခိုင်နှုန်းမဲလာပေး**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီးအတွင်း မဲဆန္ဒရှင်ဦးရေ ၃၃၁၀၁၃၂ ဦးရှိပြီး လာရောက်မဲပေးသူဦးရေ ၂၆၀၁၂၃၈ ဦးရှိကာ မဲပေးမှုရာခိုင်နှုန်းအနေဖြင့် ၇၈ ဒသမ ၅၈ ရာခိုင်နှုန်းဖြစ်သည့်အတွက် ၂၀၁၅ နှင့် ၂၀၂၀ ရွေးကောက်ပွဲဆိုင်ရာ ကွာခြားချက်မှာ ၅ ဒသမ ၈၄ ရာခိုင်နှုန်းဖြစ်ကြောင်း တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# မြဝတီမြို့နယ်မှ ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာနိုင်ရေးအတွက် နိုင်ငံရေးပါတီကိုယ်စားလှယ်များ အသိအမှတ်ပြုလက်မှတ်ရေးထိုး

**မြဝတီ နိုဝင်ဘာ ၉**
ကရင်ပြည်နယ် မြဝတီမြို့နယ်၌ ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၏ ဆန္ဒမဲရလဒ်များအား ထုတ်ပြန်ကြေညာနိုင်ရေးအတွက် နိုင်ငံရေးပါတီကိုယ်စားလှယ်များ အသိအမှတ်ပြုလက်မှတ်ရေးထိုးခြင်းကို ယနေ့ နံနက် ၁၁ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ကျင်းပသည်။



ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာနိုင်ရေးအတွက် အသိအမှတ်ပြုလက်မှတ်ရေးထိုးပွဲသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင်ကျော်နှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် ပြည်သူများတက်ရောက်၍ အသိသက်သေပြု လက်မှတ်ရေးထိုးကြသည်။

မြဝတီမြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယမန်နေ့က ကျင်းပခဲ့ရာ နိုင်ငံရေးပါတီများမှ ပြည်သူ့လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁)အတွက် ခြောက်ဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၂)အတွက် ခြောက်ဦး၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)အတွက် ငါးဦး၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) အတွက် ခြောက်ဦး၊ ဗမာတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုးဦး၊ မွန်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်အတွက် ခုနစ်ဦး၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အတွက် ရှစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ပြည်ခရိုင်၌ မဲရုံပေါင်း ၉၉၅ ရုံရှိပြီး မဲဆန္ဒရှင်ပေါင်း ၇၃၇၁၉၇ ဦး ရှိ

**ပြည် နိုဝင်ဘာ ၉**
ယမန်နေ့က ကျင်းပသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်ခရိုင် ခြောက်မြို့နယ်၌ မဲရုံပေါင်း ၉၉၅ ရုံရှိပြီး မဲဆန္ဒရှင်ပေါင်း ၇၃၇၁၉၇ ဦးတို့သည် နံနက် ၆ နာရီတွင် မဲရုံများသို့ သွားရောက်ဆန္ဒပြုခဲ့ကြပြီး ညနေ ၄ နာရီတွင် မဲရုံပိတ်သိမ်း၍ မဲရေတွက်ခြင်းလုပ်ငန်းများ အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**



**ကိုဗစ် -၁၉ ကာကွယ်ဖို့**
**မိမိကစ၍ စည်းကမ်းများကိုလိုက်နာစို့**

# သမ္မတ လူကာရှန်ကိုအားဖြုတ်ချရေး ဘိုင်ဒင်ထံမှ ထောက်ခံမှုရရန် ဘီလာရုစ်အတိုက်အခံခေါင်းဆောင် တောင်းဆို



ဘီလာရုစ်အတိုက်အခံခေါင်းဆောင် တီခါနော့ဗ်စကာယာ

**မင့်စ် နိုဝင်ဘာ ၉**

ဘီလာရုစ်သမ္မတ လူကာရှန်ကိုအား ဖြုတ်ချရေး ဖိအားပေးရန် အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်ထံမှ ထောက်ခံမှုရရှိရေး မျှော်လင့်လျက်ရှိကြောင်း ဘီလာရုစ်အတိုက်အခံခေါင်းဆောင် တီခါနော့ဗ်စကာယာက ထုတ်ဖော်ပြောကြားခဲ့သည်။

ဩဂုတ်လအတွင်းက ကျင်းပခဲ့သည့် ဘီလာရုစ် သမ္မတရွေးကောက်ပွဲတွင် သံသယဖြစ်ဖွယ်ဆန္ဒမဲကောက်ယူခြင်းကို ဆန့်ကျင်သော ဆန္ဒပြသူများကြောင့် ဘီလာရုစ်နိုင်ငံတွင် မငြိမ်သက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ နိုဝင်ဘာ ၈ ရက်တွင်လည်း လူဦးရေ ၁၀၀၀၀ နီးပါးရှိသည့် လူအုပ်ကြီးသည် ဘီလာရုစ်နိုင်ငံ၏မြို့တော် မင့်စ်မြို့လယ်တွင် ချီတက်ဆန္ဒပြခဲ့ကြပြီး လက်ရှိသမ္မတ လူကာရှန်ကိုရာထူးမှနုတ်ထွက်ပေးရေး တောင်းဆိုခဲ့သည်။ ထိုစဉ် လူဦးရေ ၇၅၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းခဲ့ကြောင်းလည်း လူ့အခွင့်အရေးစောင့်ကြည့်သူအုပ်စုတစ်ခုက ပြောကြားခဲ့သည်။

အဆိုပါ ဘီလာရုစ်ဆန္ဒပြပြည်သူများအား ထောက်ခံကြောင်း အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်က မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့သည်ဟုလည်း ဘီလာရုစ်အတိုက်အခံခေါင်းဆောင် တီခါနော့ဗ်စကာယာက လူမှုမီဒီယာတစ်ခုတွင် မှတ်ချက်ပြုပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၏ လာမည့်အစိုးရလက်ထက်တွင် အမေရိကန်နှင့် ဥရောပနိုင်ငံများသည် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်ရန် မျှော်လင့်လျက်ရှိခြင်းကြောင့် လက်ရှိဘီလာရုစ်သမ္မတ လူကာရှန်ကိုအား ဖိအားပေးမှုများ တိုးမြှင့်လုပ်ဆောင်ရန်အတွက် တီခါနော့ဗ်စကာယာက အနောက်နိုင်ငံများနှင့် ဆက်ဆံရေးတောင့်တင်းခိုင်မာရန် မျှော်လင့်နေခြင်းဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အလင်းသစ်**

# နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်နိုင်နေဆဲဖြစ်ကြောင်း အီရတ်အစိုးရ ပြောကြား

**ဘဂ္ဂဒက် နိုဝင်ဘာ ၉**

အီရတ်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်နေဆဲဖြစ်ကြောင်း အီရတ်ကျန်းမာရေးဝန်ကြီး ဟာဆန်အယ်လ်တာမီမီက နိုဝင်ဘာ ၈ ရက်တွင် အတည်ပြုပြောကြားလိုက်သည်။

ပြီးခဲ့သည့် ရက်သတ္တသုံးပတ်ခန့်က အီရတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ နေ့စဉ်ပြန်လည်ကျန်းမာလာမှုနှုန်းမှာ နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းထက် ပိုမိုများပြားသို့မဟုတ် ညီမျှခဲ့ရာ ယခုအခါ အီရတ်အစိုးရအနေဖြင့် ယင်းရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်နေဆဲဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး အယ်လ်တာမီမီက နိုင်ငံပိုင် အီရတ်သတင်းအေဂျင်စီသို့ ပြောကြားသည်။

သို့သော် ဆောင်းရာသီစတင်လာပြီးနောက် ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ အစီအမံများကို လိုက်နာမှုမရှိခြင်းကြောင့် ကိုဗစ်-၁၉ရောဂါ ကူးစက်ပျံ့နှံ့မှုနှုန်း မြင့်မားလာမည်ကို စိုးရိမ်ပူပန်မိပါကြောင်း ဝန်ကြီးက ထပ်မံပြောကြားသည်။

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့် သေဆုံးမှုနှုန်း မြင့်တက်လာသော်လည်း အီရတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာမှုနှုန်းသည် ရောဂါကူးစက်ခံရသူအားလုံး၏ ၈၆ ရာခိုင်နှုန်းခန့်ရှိလာကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း အယ်လ်တာမီမီက ပြောကြားသည်။

အီရတ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၃၀ ထပ်မံတွေ့ရှိခဲ့ပြီး ရောဂါကူးစက်ခံရသူပေါင်း ၄၉၈၅၄၉ ဦးရှိလာစဉ် ကျန်းမာရေးဝန်ကြီးအနေဖြင့် ယခုကဲ့သို့ မှတ်ချက်ပြုလိုက်ခြင်းဖြစ်သည်။

ထို့အတူ အီရတ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၄၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၃၂၇ ဦးရှိလာခဲ့သည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၃၀၀၂ ဦး သည် တစ်ရက်အတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ အီရတ်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၂၈၉၂၈ ဦး ရှိလာခဲ့သည်။

အီရတ်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန် ယခုနှစ် ဖေဖော်ဝါရီလကတည်းက တရုတ်အစိုးရနှင့် ပူးပေါင်းပြီး ရောဂါကူးစက်မှုထိန်းချုပ်ရေးဆိုင်ရာ အစီအမံအများအပြားကို လုပ်ဆောင်လာခဲ့သည်။

တရုတ်အစိုးရသည် အီရတ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ ခုနစ်ဦးအဖွဲ့ကို မတ် ၇ ရက်မှ ဧပြီ ၂၆ ရက်အထိ ရက်ပေါင်း ၅၀ ကြာ အီရတ်နိုင်ငံသို့ စေလွှတ်ခဲ့ပြီး မြို့တော် ဘဂ္ဂဒက်၌ ဓာတ်ခွဲခန်းတစ်ခု တည်ဆောက်ပေးခဲ့ကာ အဆင့်မြင့်စီတီစကင်ကို တပ်ဆင်ပေးထားကြောင်း သိရသည်။

ထို့အပြင် တရုတ်အစိုးရသည် ယခုနှစ် မတ် ၇ ရက်ကတည်းက အီရတ်သို့ ဆေးဝါးပစ္စည်းအကူအညီ သုံးကြိမ်ထောက်ပံ့ပေးထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**




# Pfizer နှင့် BioNTech ထုတ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးက ၉၀ ရာခိုင်နှုန်းကျော် ကာကွယ်နိုင်

**လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၉**

Pfizer ကုမ္ပဏီက ၎င်းတို့ထုတ် ကိုဗစ်ကာကွယ်ဆေးမှာ ကူးစက်မှု ၉၀ ရာခိုင်နှုန်းကျော်အား ကာကွယ်နိုင်ကြောင်းကို ကိုဗစ်–၁၉ ရောဂါ အခြေပြု ကာလရှည် လေ့လာချက်များအရ အတည်ပြုနိုင်ပြီဖြစ်ကြောင်း ကုမ္ပဏီဥက္ကဋ္ဌ အဲဘတ်ဘိုဘာက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

Pfizer နှင့် ယင်း၏ဆေးဝါးမိတ်ဖက် ဂျာမနီဆေးဝါးလုပ်ငန်း BioNTech တို့ ပူးပေါင်းစမ်းသပ်နေသည့် ကာကွယ်ဆေးမှာ လူပေါင်းများစွာကို စမ်းသပ်မှုပြုခဲ့ပြီးနောက် ယခုလို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီက အန္တရာယ်ကင်းရေးကိစ္စရပ်အတွက် စိုးရိမ်စရာမလိုသည့် အနေအထားရှိပြီး ယခုလနှောင်းပိုင်းတွင် အမေရိကန်အရေးပေါ်ကုသရေးတွင် စတင်အသုံးပြုနိုင်မည်ဟု မျှော်လင့်ထားသည်။

သို့သော် ခွင့်ပြုချက်ရရှိပါကလည်း ဆေးဝါးအရေအတွက် များစွာဖြန့်ဖြူးနိုင်ဦးမည်မဟုတ်ကြောင်း သိရသည်။ ကာကွယ်ဆေးတစ်ကြိမ် ထိုးထားပါက အချိန်မည်မျှကြာအောင် ရောဂါကူးစက်နိုင်မှုအား ကာကွယ်နိုင်မည်လဲဆိုသည့်အချက်နှင့် ပတ်သက်ပြီး မေးခွန်းများရှိနေဆဲဖြစ်သည်။

Pfizer ကုမ္ပဏီဥက္ကဋ္ဌ အဲဘတ်ဘိုလာက “ဒီဆေးက စီးပွားရေးလုပ်ငန်းတွေ ပြန်ဖွင့်ဖို့နဲ့ ကျန်းမာရေးဝန်ထမ်းတွေ ထမ်းထားရတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို လျှော့ချပေးနိုင်တော့မယ်ဆိုတာကို ဒီနေရာက ပြောကြားလိုပါတယ်။ ဆေးက ၉၀ ရာခိုင်နှုန်းကျော် ထိရောက်မှုရှိတယ်ဆိုတာ လူအများကို စမ်းသပ်ပြီး တွေ့ရှိခဲ့ရတာပါ။ ဆေးလောကရဲ့ အကြီးအကျယ်အောင်မြင်မှုပါ”ဟု ပြောကြားခဲ့သည်။

ထိပ်တန်းဆေးပညာရှင် ဘီလ်ဂရူဘာကကလည်း လူသားများအားလုံး ကပ်ရောဂါဆိုးမှ လွတ်မြောက်လုနီးပါး ရှိနိုင်ပြီဆိုသည်ကို ဆေးစမ်းသပ်ချက်များမှတစ်ဆင့် သိရကြောင်း ထောက်ခံချက်ပေးခဲ့သည်။

ကုမ္ပဏီသည် လူပေါင်းများစွာကို စမ်းသပ်ခဲ့သည်ဟု ပြောကြားခဲ့သော်လည်း ဖျားနာသူအရေအတွက် မည်မျှကို စမ်းသပ်ခဲ့သလဲဟူသော အချက်ကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ဘဲ စမ်းသပ်ခံသူများတွင် ၁၆၄ ဦးမှာ ကိုဗစ်–၁၉ ကူးစက်မှုကို တွန်းလှန်နိုင်ခြင်းမရှိဟုသာ ထုတ်ပြန်ကြေညာခဲ့သည်။

**ကိုးကား – စီအင်န်အေ**
**ဘာသာပြန် – မေလွဲ့သင်း**

# ပြင်သစ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၆၁၉ ဦးအထိရှိခဲ့

**ပါရီ နိုဝင်ဘာ ၉**

ပြင်သစ်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၃၈၆၁၉ ဦးနှင့် သေဆုံးသူ ၂၇၀ အထိရှိခဲ့ကြောင်း ပြင်သစ်နိုင်ငံ ကျန်းမာရေးအာဏာပိုင်များက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။



ကိုဗစ်–၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစတင်ကာ ပြင်သစ်နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၇၈၇၃၂၄ ဦးနှင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၄၀၄၃၉ ဦးအထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။ ထို့ကြောင့် ပြင်သစ်နိုင်ငံ၌ ကော်ဖီဆိုင်များ၊ စားသောက်ဆိုင်များနှင့် ဈေးဆိုင်များအား ပိတ်သိမ်းရန်နှင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကို ထိန်းချုပ်နိုင်ရန် အောက်တိုဘာ ၃၀ ရက်တွင် နိုင်ငံတစ်ဝန်းခရီးသွားလာခွင့် ပိတ်ပင်မှုတစ်ရပ် ချမှတ်ခဲ့သည်။

လက်ရှိတွင် ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ သန်း ၅၀ ကျော် ရှိသွားပြီဖြစ်ကြောင်း အမေရိကန်အခြေစိုက် ဂျွန်ဟော့ကင်းတက္ကသိုလ်က ထုတ်ပြန်ထားပြီး ပြင်သစ်၊ ဗြိတိန်၊ တရုတ်၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုအပါအဝင် ကမ္ဘာ့နိုင်ငံများသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးရရှိရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# နာဂေါ်နို ကာရာဘတ်ဒေသရှိ ရှုရှာမြို့အား အဇာဘိုင်ဂျန်တပ်ဖွဲ့များ သိမ်းပိုက်

**ဘာကူး နိုဝင်ဘာ ၉**

အဇာဘိုင်ဂျန် တပ်ဖွဲ့များသည် နာဂေါ်နို ကာရာဘတ်ဒေသရှိ အရေးပါသော ရှုရှာမြို့အား သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း အဇာဘိုင်ဂျန်သမ္မတ အီဟာမ်အလီယက်ဗ်က ပြောကြားသည်။

နိုင်ငံတစ်ဝန်းသို့ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားရာ၌ အဇာဘိုင်ဂျန်သမ္မတ အလီယက်ဗ်က ရှုရှာမြို့လွတ်မြောက်ပြီဆိုသည့်သတင်းကို ဂုဏ်ယူဝမ်းမြောက်စွာဖြင့် အသိပေးပါကြောင်း ပြောကြားခဲ့သည်။

အဇာဘိုင်ဂျန်သမ္မတက ယင်းသို့ ပြောကြားစဉ်၌ ရှုရှာမြို့ပတ်ဝန်းကျင်တွင် ပြင်းထန်သောတိုက်ပွဲများ ဖြစ်ပွားနေသည်ဟု အာမေးနီးယားတာဝန်ရှိသူများက သတင်းထုတ်ပြန်ခဲ့သည်။

နိုဝင်ဘာ ၈ ရက်တွင် ရှုရှာမြို့သို့ ကျွန်ုပ်တို့ ပြန်လာသောနေ့အဖြစ် အဇာဘိုင်ဂျန်လူမျိုးတို့၏ သမိုင်းတွင် သွားမည့်နေ့ဖြစ်ကြောင်း သမ္မတ အလီယက်ဗ်က ပြောကြားခဲ့သည်။

နာဂေါ်ရှိ ကာရာဘတ်ဒေသ၌ လက်နက်ကိုင်တိုက်ခိုက်မှုအသစ်များ ဖြစ်ပွားပြီးနောက် ရက်သတ္တခြောက်ပတ်အကြာ၌ အဇာဘိုင်ဂျန်တပ်ဖွဲ့များက နောက်ထပ် အကျိုးအမြတ်သစ်များ ရရှိရေးအတွက် ကြိုးပမ်းမှုများ ပြုလုပ်နေစဉ်တွင် ရှုရှာမြို့ဝန်းကျင်၌ မကြာသေးမီရက်များအတွင်း တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ အဇာဘိုင်ဂျန်သမ္မတ အလီယက်ဗ်၏ပြောကြားမှုကို အာမေးနီးယား၏ တုံ့ပြန်ပြောကြားမှု ချက်ချင်းမရှိသော်လည်း ရှုရှာမြို့ဝန်းကျင်၌ တိုက်ပွဲများ ပြင်းထန်နေကြောင်း အာမေးနီးယားက ပြောကြားသည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ဇော်ဝင်း**

# ဂျိုးဘိုင်ဒင်နှင့် နီးကပ်စွာလက်တွဲဆောင်ရွက်ရန် မျှော်လင့်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ထုတ်ဖော်ပြောကြား



**လန်ဒန် နိုဝင်ဘာ ၉**
အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်နှင့် ဒုတိယသမ္မတ ကင်မလာဟဲရစ္စတို့အား အမေရိကန်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းအတွက် ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် ဂျိုးဘိုင်ဒင်နှင့် နီးကပ်စွာလက်တွဲဆောင်ရွက်ရန် မျှော်လင့်ပါကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က အေပီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ဗြိတိန်နိုင်ငံ၏ အရေးပါဆုံးသော မဟာမိတ်နိုင်ငံဖြစ်ပြီး ဘယ်သောအခါမှ ပြောင်းလဲသွားလိမ့်မည် မဟုတ်ကြောင်း ဘောရစ်ဂျွန်ဆင်က ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့ပြင် ဂျိုးဘိုင်ဒင်အနေဖြင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရာတွင်လည်း ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းမှုများတွင် ဦးဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံသည် လာမည့်နှစ် နိုဝင်ဘာလတွင် COP26 ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်နိုင်ငံလည်းဖြစ်သည်။ ဘောရစ်ဂျွန်ဆင်သည် သမ္မတဒေါ်နယ်ထရမ့်နှင့် ရင်းနှီးသည့်ဆက်ဆံရေး ရှိခဲ့သည့်အတွက် အမေရိကန်နိုင်ငံ၏ လာမည့်အစိုးရနှင့် ဘောရစ်ဂျွန်ဆင်တို့အကြား ဆက်ဆံရေးသည် ခက်ခဲဖွယ်ရှိကြောင်းလည်း လေ့လာသုံးသပ်သူတချို့က ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ဒီမိုကရေစီ၊ လွတ်လပ်စွာပြောဆိုခွင့်၊ လူ့အခွင့်အရေး၊ လွတ်လပ်စွာကုန်သွယ်ခွင့်နှင့် အုပ်ချုပ်ရေးအပေါ် အခြေခံသည့် နိုင်ငံတကာစည်းမျဉ်းများကဲ့သို့သော ဘုံတန်ဖိုးများရှိကြောင်းလည်း ဘောရစ်ဂျွန်ဆင်က ထုတ်ဖော်ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

## ရုရှားနိုင်ငံ၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စံချိန်တင်မြင့်တက်

**မော်စကို နိုဝင်ဘာ ၉**
ရုရှားနိုင်ငံ၌ အေးမြသည့်ရာသီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုပိုမိုဆိုးရွားလာခဲ့ခြင်းကြောင့် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကူးစက်ခံရသူ ၂၁၇၉၈ ဦးအထိရှိခဲ့ကာ ကူးစက်မှုနှုန်း စံချိန်တင်မြင့်တက်ခဲ့ကြောင်း နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက နိုဝင်ဘာ ၉ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ၂၀၀၀၀ ကျော်အထိရှိခဲ့သည်မှာ လေးရက်ဆက်တိုက် ရှိသွားပြီဖြစ်ကြောင်း အဆိုပါ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးစင်တာမှ ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

လက်ရှိတွင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်းသည် ၁၇၉၆၁၃၂ ဦးရှိပြီး သေဆုံးသူ ၃၀၇၉၃ ဦးအထိရှိခဲ့ကာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာ၍ ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၁၃၃၅၁၄၁ ဦးအထိရှိခဲ့ကြောင်း အဆိုပါစင်တာက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ မြို့တော်မော်စကိုသည်လည်း လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၈၉၇ ဦးအထိရှိခဲ့ကာ ကူးစက်ခံရသူပေါင်း ၄၇၅၁၆၆ ဦးအထိရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## ဂွါတီမာလာနိုင်ငံ၌ မုန်တိုင်းသင့်ပြည်သူများအတွက် အစားအသောက်များ သယ်ဆောင်လာသောလေယာဉ် ပျက်ကျ၊ နှစ်ဦး သေဆုံး

**ဂွါတီမာလာစီးတီး နိုဝင်ဘာ ၉**
ဟာရီကိန်းမုန်တိုင်း အီတာ ဘေးသင့်ပြည်သူများထံသို့ အစားအသောက်များ ပို့ဆောင်ရန် သွားရောက်နေသည့် လေယာဉ်တစ်စင်း ယမန်နေ့က ပျက်ကျခဲ့ရာ နှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဂွါတီမာလာမြို့တော် မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

ဂွါတီမာလာနိုင်ငံမြောက်ပိုင်း အော်လ်တာဗီရာပတ်ဇ်သို့ သွားရောက်ရန် လာအော်ရိုရာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပျံသန်းလာပြီးနောက် မိနစ်အနည်းငယ်အကြာတွင် လေယာဉ်ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျရာနေရာ၌ အလောင်းတစ်လောင်းတွေ့ရှိခဲ့ပြီး နောက်ထပ်တစ်ဦးမှာ ဆေးရုံသို့ ပို့ဆောင်ပြီးနောက် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူတစ်ဦးမှာ လေယာဉ်မှူးဖြစ်ကြောင်း သိရသည်။ "တစ်ဦးကို ကျွန်တော်တို့ ကယ်တင်နိုင်ခဲ့ပြီး မီးလောင်ဒဏ်ရာတွေနဲ့ အရေးပေါ်အခြေအနေကြောင့် ဆေးရုံတစ်ရုံကို လွှဲပြောင်းပေးခဲ့ပါတယ်" ဟု မီးသတ်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဂီရာဒိုမာတီးနက်ဇ်က ပြောသည်။

လေယာဉ်အပျက်အစီးများ ကျရောက်မှုကြောင့် ဂွါတီမာလာစီးတီးရှိ အမှတ် (၉) လမ်းကို ပိတ်ထားခဲ့ရပြီး လေယာဉ်ပျက်ကျရသော အကြောင်းရင်းကို မသိရသေးပေ။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

### ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၅၀၈၅၂၆၁၉ | ဦး |
| သေဆုံးသူ | ၁၂၆၃၇၈၁ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၅၈၅၅၈၇၈ | ဦး |

# ကိုဗစ်-၁၉ ရောဂါကို မြန်ဆန်ထိရောက်စွာ ထိန်းချုပ်နိုင်ရေးစီမံချက် ရွေးကောက်ခံသမ္မတ ဘိုင်ဒင် ပြင်ဆင်

**ဆန်ဖရန်စစ္စကို နိုဝင်ဘာ ၉**
ရွေးကောက်ခံသမ္မတ ဘိုင်ဒင်က အမေရိကန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းမြင့်တက်နေခြင်းကို အလျင်မြန်ဆုံးနှင့် အထိရောက်ဆုံး တားဆီးရေး အစီအမံများကို ယခုကတည်းက ပြင်ဆင်နေပြီဖြစ်ကြောင်း ဘိုင်ဒင်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့က ကြေညာခဲ့သည်။

**ရောဂါထိန်းချုပ်ရေးပြင်ဆင်**

ဘိုင်ဒင်အနေဖြင့် သမ္မတတာဝန်ကို ရယူရန် ၇၉ ရက် ကျန်ရှိနေသော်လည်း စောစောစီးစီးပင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအစီအမံသစ်ကို ဖော်ဆောင်ရေး ပြင်ဆင်လာခြင်းဖြစ်သည်။

ယနေ့မှာပင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ တားဆီးရေး အထူးဆောင်ရွက်ရေးအဖွဲ့တွင် ပါဝင်မည့်သူများ၏ အမည်စာရင်းကို တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် နေ့စဉ်ရက်ဆက်ဆိုသလို ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု စံချိန်တင်နေပြီး နိုဝင်ဘာ ၇ ရက်တစ်ရက်တည်းမှာပင် ကူးစက်မှု တစ်သိန်းနှစ်သောင်းကျော်ခဲ့သည်။ သို့ရာတွင် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးစီမံချက်အတွက် ဘတ်ဂျက်များစွာသုံးစွဲမည့် ဘိုင်ဒင်၏စီမံချက်ကို ရီပတ်ဘလီကန်အမတ်များက ပယ်ချနိုင်ဖွယ်ရှိသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲတွင် ဒီမိုကရက်များက အထက်လွှတ်တော်၌ လိုအပ်သည့်အရေအတွက်အောက် သုံးနေရာ လျော့နည်းရရှိခဲ့သဖြင့် ယခုလိုမှန်းဆချက်များ ထွက်လာခြင်းဖြစ်သည်။



ဘိုင်ဒင်ကို အရေးနိမ့်ခဲ့သည့် ထရမ့်အနေဖြင့် ရွေးကောက်ပွဲရလဒ်အတည်ပြုပြီး နှစ်ရက်ကြာသည့်တိုင်အောင် ရှုံးနိမ့်မှုကို လက်ခံကြောင်း အတည်ပြုထားခြင်းမရှိသေးသလို သက်သေပြချက်တစ်စုံတစ်ရာ မရှိဘဲ ရွေးကောက်ပွဲအတွင်း မဲလိမ်မှုရှိခဲ့ကြောင်းစွပ်စွဲခဲ့ကာ ထရမ့်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့ကလည်း ပြည်နယ်အတော်များများတွင် ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ တရားစွဲဆိုရန် ဆောင်ရွက်နေသည်။

သမ္မတ ထရမ့်က မီဒီယာများသည် ရွေးကောက်ပွဲ မတိုင်မီကာလများအတွင်း ၎င်းတို့လိုချင်သည့် ရလဒ်ဖြစ်လာအောင် ပုံဖော်လုပ်ဆောင်ခဲ့ကြောင်း စွပ်စွဲမှုများလည်း ရှိခဲ့သည်။

**အရှုံးရလဒ်လက်ခံရန် တိုက်တွန်း**


သို့ရာတွင် ထရမ့်၏ သမက်လည်းဖြစ် အကြီးတန်းအကြံပေးအဖြစ် ဆောင်ရွက်နေသူလည်းဖြစ်သည့် ကူရှ်နာက ထရမ့်အား အရှုံးရလဒ်ကို ဝန်ခံမှုပြုရန် အကြံပေးခဲ့သလို သမ္မတကတော် မယ်လန်နီယာထရမ့်ကလည်း အရှုံးရလဒ်ကို လက်သင့်ခံရန် သမ္မတအား တိုက်တွန်းခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

သမ္မတကတော်က အမေရိကန်ပြည်သူများမှာ မျှတသည့် ရွေးကောက်ပွဲနှင့် ထိုက်တန်ပြီး တရားဝင်မဲဖြစ်စေ၊ တရားမဝင်မဲဖြစ်စေ မဲများအားလုံးကို ရေတွက်ရမည်ဖြစ်ကြောင်း တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

**ကိုးကား-စီအင်န်အင်န်**
**ဘာသာပြန်-မေလှဲ့သင်း**

# ကိုဗစ်-၁၉ ရောဂါကြောင့် ဂျပန်နိုင်ငံ၌ အလုပ်အကိုင် ခုနစ်သောင်းကျော် ဆုံးရှုံး

**တိုကျို နိုဝင်ဘာ ၉**
ကိုဗစ်-၁၉ ရောဂါ ရိုက်ခတ်မှုကြောင့် ဂျပန်နိုင်ငံတွင် ဇန်နဝါရီလမှ နိုဝင်ဘာ ၆ ရက်အထိ အလုပ်အကိုင် ခုနစ်သောင်းကျော်ဆုံးရှုံးခဲ့ပြီး တကယ့်လက်တွေ့အခြေအနေတွင် ယခုပမာဏထက် ပိုမိုများပြားနိုင်ကြောင်း ဂျပန် အလုပ်သမားဝန်ကြီးဌာနက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။



ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းရှင်များ၏ စီးပွားရေးကျဆင်းလာမှုကြောင့် လုပ်သားများအား စာချုပ်သက်တမ်း ရပ်စဲပစ်ခြင်း၊ အလုပ်မှ ထုတ်ပယ်ခဲ့ခြင်းတို့ကို လုပ်ဆောင်ခဲ့ခြင်းကြောင့် အလုပ်လက်မဲ့နှုန်း သိသိသာသာမြင့်တက်လာခြင်းဖြစ်သည်။ သို့ရာတွင် အဆိုပါအရေအတွက်သည် အလုပ်သမားဗျူရိုနှင့် ပြည်သူ့အလုပ်အကိုင်နေရာချထားရေးရုံးတို့၏ စာရင်းများအရ ဖြစ်သောကြောင့် တကယ့်လက်တွေ့အခြေအနေတွင် လုပ်သားများ၏ အလုပ်အကိုင်ဆုံးရှုံးမှုအရေအတွက်မှာ ယခုထုတ်ပြန်ခဲ့သည်ထက် ပိုမိုများပြားနိုင်မည်ဟု ခန့်မှန်းရသည်။

အောက်တိုဘာ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ အဆိုးရွားဆုံးထိခိုက်မှုရှိခဲ့ကာ အလုပ်အကိုင် ၁၂၉၇၉ အထိ လျှော့ချပစ်ခဲ့သည်။ လက်လီအရောင်းဆိုင်မှ ဝန်ထမ်း ၉၃၇၈ ဦးနှင့် ဟိုတယ်ဝန်ဆောင်မှုမှ လုပ်သား ၈၆၁၄ တို့သည်လည်း အလုပ်အကိုင်များ ဆုံးရှုံးခဲ့ရသည်။

လုပ်ငန်းရှင်များအနေဖြင့် အစိုးရက ချထားပေးသည့် ထောက်ပံ့ရေးအစီအစဉ်ကို ရယူထားသောကြောင့် လုပ်သားများကို အလုပ်မှမထုတ်ပယ်ဘဲ ဆက်လက်ထိန်းထားရန် ဝန်ကြီးဌာနက တိုက်တွန်းခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-မေလှဲ့သင်း**

# နျူကလီးယားသဘောတူညီမှု ပြန်လည်ရယူရန် ဂျိုးဘိုင်ဒင်အား အီရန်သမ္မတ ဟက်ဆန်ရိုဟာနီ တိုက်တွန်း



**တီဟီရန် နိုဝင်ဘာ ၉**

လွန်ခဲ့သည့် နှစ်နှစ်အတွင်းက သမ္မတထရမ့်၏ အစိုးရက တစ်ဖက်သတ်နုတ်ထွက်သွားခဲ့သည့် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီမှုကို အမေရိကန်နိုင်ငံအနေဖြင့် ပြန်လည်ရယူရန် အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်အား အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက တိုက်တွန်းလိုက်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံအနေဖြင့် အတိတ်က အမှားများကို ပြင်ဆင်ရန်နှင့် နိုင်ငံတကာ သဘောတူညီချက်များနှင့်အညီ ပြန်လည်ကျင့်သုံးရန်လည်း ဟက်ဆန်ရိုဟာနီက တောင်းဆိုခဲ့သည်။ အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုအား တားမြစ်ခြင်း အပါအဝင် ထရမ့်အစိုးရက ချမှတ်ခဲ့သည့် စီးပွားရေးပိတ်ဆို့မှုများကြောင့် အီရန်နိုင်ငံ၏စီးပွားရေး ချည့်နဲ့မှုများရှိလာခဲ့သည်။

အီရန်နိုင်ငံက နိုင်ငံ၏ စီးပွားရေးပြန်လည်ရှင်သန်လာစေရန်အတွက် လာမည့်အမေရိကန် အစိုးရအနေဖြင့် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများကို ဖြေလျှော့ပေးရန် တောင်းဆိုလျက်ရှိကြောင်း လေ့လာသုံးသပ်သူများက ပြောကြားခဲ့သည်။

သို့ရာတွင် အီရန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား အပြန်အလှန်ဆက်ဆံရေး တိုးတက်မှုရှိလာမည်လားဆိုသည်မှာ ရှင်းရှင်းလင်းလင်းမသိရသေးပေ။ အမေရိကန်နိုင်ငံ၏ စီးပွားရေးပိတ်ဆို့မှုများကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးဆုံးရှုံးမှုများအတွက် လျော်ကြေးပေးရန်လည်း အီရန်က တောင်းဆိုထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# ၂၀၂၁ ခုနှစ်အတွင်း ဖိလစ်ပိုင်ပြည်သူ ၂၅ သန်းကို ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးပေးမည်

**မနီလာ နိုဝင်ဘာ ၉**

လာမည့်နှစ်အတွင်း နိုင်ငံလူဦးရေ၏ လေးပုံတစ်ပုံခန့်ကို ကာကွယ်ဆေးထိုးရန် ဗိုင်းရပ်စ်ကာကွယ်ဆေးအလုံးရေ သန်း ၅၀ ထက်မနည်းသည့် ပမာဏရရှိရေး ဖိလစ်ပိုင်နိုင်ငံက ရည်မှန်းထားကြောင်း သိရသည်။

လာမည့် ၂၀၂၁ ခုနှစ်မေလနှင့် ဇူလိုင်လကြား ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကာကွယ်ဆေးတစ်မျိုးရရှိနိုင်ကြောင်း ဗိုင်းရပ်စ်ဖြစ်ပွားမှုထိန်းချုပ်ရေးမူဝါဒများ အကောင်အထည်ဖော်ဆောင်ရေးအကြီးအကဲ ကာလစ်တိုကာလ်ဗက်က ပြောသည်။ ဖိလစ်ပိုင်အစိုးရက အဆင့်အသီးသီးရောက်ရှိနေသော ဗိုင်းရပ်စ်ကာကွယ်ဆေး ၁၇ မျိုးကို ဆန်းစစ်လေ့လာနေပြီး ပြည်သူ ၂၅ သန်းကို ကနဦးထိုးပေးမည့် ဗိုင်းရပ်စ်ကာကွယ်ဆေးများ ဝယ်ယူရန် ဆွေးနွေးလျက်ရှိကြောင်း ၎င်းက ပြောသည်။

နိုင်ငံလူဦးရေ ၂၀ ရာခိုင်နှုန်းအတွက် ဗိုင်းရပ်စ်ကာကွယ်ဆေးများရရှိမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကျောထောက်နောက်ခံပြုထားသော COVAX အဖွဲ့က အာမခံချက်ပေးထားပြီး ဗိုင်းရပ်စ်ကာကွယ်ဆေးဝယ်ယူရန် ဖိလစ်ပိုင်အစိုးရက နိုင်ငံတကာနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း ၎င်းက ဆိုသည်။

အောက်တိုဘာလအတွင်း ဗိုင်းရပ်စ်ကူးစက်မှုကျဆင်းခဲ့လင့်ကစား အရှေ့တောင်အာရှဒေသ၏ ဒုတိယမြောက် ဗိုင်းရပ်စ်ဘေးအသင့်ဆုံး ဖိလစ်ပိုင်နိုင်ငံ၌ နိုဝင်ဘာ ၈ ရက်အထိ အတည်ပြုကူးစက်မှု ၃၉၆၃၀၀ ကျော်ဖြစ်ပွားခဲ့သည်။

**ကိုးကား- ဘလွန်းဘာ့ဂ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# တောင်ကိုရီးယားနှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ ဒေသဆိုင်ရာအရေး ဆွေးနွေး

**ဝါရှင်တန် နိုဝင်ဘာ ၉**

နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့် နှစ်နိုင်ငံကြားနှင့် ဒေသဆိုင်ရာကိစ္စရပ်များ ဆွေးနွေးရန် တောင်ကို ရီးယား နိုင်ငံခြားရေးဝန်ကြီး ကန်ကျောင်ဟွာသည် ယမန်နေ့က အမေရိကန်နိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

အမေရိကန်နိုင်ငံက တောင်ကိုရီးယား၊ အခြားမဟာမိတ်နိုင်ငံများနှင့်ဆက်ဆံရာတွင် မည်သို့ အပြောင်းအလဲများရှိမည်၊ မြောက်ကိုရီးယားအရေး မည်ကဲ့သို့ချဉ်းကပ်မည်ဆိုသော အချက်များကြောင့် သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ကိုယ်စားလှယ်လောင်း ဂျိုးဘိုင်ဒင်အနိုင်ရရှိပြီးနောက် ကင်ကျောင်ဟွာ၏ခရီးစဉ် ဖြစ်လာခဲ့ခြင်းဖြစ်သည်။ ဂျိုးဘိုင်ဒင်ဦးဆောင်သော အစိုးရသစ်လက်ထက်တွင် မြောက်ကိုရီးယားနှင့်ပတ်သက်သော အမေရိကန်နိုင်ငံ၏ ချဉ်းကပ်မှုက မဟာဗျူဟာမြောက် စိတ်ရှည်သည်းခံမှုအဆင့် ပြန်လည်ရောက်ရှိဖွယ်မရှိကြောင်း ကန်ကျောင်ဟွာက ပြောသည်။

“ဂျိုးဘိုင်ဒင်နဲ့ နီးကပ်သူတွေရဲ့ ပြောစကားအရ အမေရိကန်နိုင်ငံက မဟာဗျူဟာမြောက် စိတ်ရှည်သည်းခံမှုချဉ်းကပ်နည်း ပြန်လည်ကျင့်သုံးမယ်ဆိုတာ ကျွန်မ မယုံကြည်ပါဘူး” ဟု ဝါရှင်တန်မြို့ရှိ ကိုရီးယားစစ်ပွဲကျဆုံးသူများ အောက်မေ့ဖွယ်အခမ်းအနား တက်ရောက်ပြီးနောက် ကန်ကျောင်ဟွာက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

မဟာဗျူဟာမြောက် စိတ်ရှည်သည်းခံမှုဆိုသည်မှာ ဂျိုးဘိုင်ဒင် ဒုတိယသမ္မတအဖြစ် တာဝန်ယူခဲ့သည့် သမ္မတဟောင်း ဘားရက်အိုဘားမားလက်ထက် ကျင့်သုံးခဲ့သော မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ မူဝါဒကို ရည်ညွှန်းခြင်းဖြစ်သည်။ ကန်ကျောင်ဟွာက ခရီးစဉ်အတွင်း ဂျိုးဘိုင်ဒင်၏ အကြံပေးများ၊ ကွန်ဂရက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံရန် စီစဉ်ထားသည်။ သမ္မတရွေးကောက်ပွဲ၌ မည်သူအနိုင်ရရှိသည်ဖြစ်စေ ကိုရီးယားကျွန်းဆွယ်၌ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် အမေရိကန်နိုင်ငံနှင့် ဆက်လက်၍ အနီးကပ်လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံက ပြောကြားထားပြီးဖြစ်သည်။

ကန်ကျောင်ဟွာသည် ယနေ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့် တွေ့ဆုံပြီး မဟာမိတ်ပြုမှုခိုင်မာရေးနှင့် ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယားလက်နက်ဖျက်သိမ်းရေးနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။ **ကိုးကား-ယွန်ဟပ်၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ဂျေးဘိုင်ဒင်မှာ အိမ်ဖြူတော်ပြင်ပတွင် ပရော်ဖက်ရှင်နယ်တာဝန်ကို ထမ်းဆောင်မည့် ပထမဆုံး အမေရိကန်သမ္မတကတော် ဖြစ်လာမည်

**ဗာဂျီးနီးယား နိုဝင်ဘာ ၉**

ဂျေးဘိုင်ဒင်မှာ အမေရိကန်ပြည်ထောင်စု၏ ၄၆ ဦးမြောက် သမ္မတကတော်ဖြစ်လာမည်ဖြစ်သော်လည်း ၎င်း၏ မူရင်း အလုပ်အကိုင်ဖြစ်သည့် သင်ကြားရေးကို ဆက်လက်ထမ်းဆောင်မည်ဖြစ်သဖြင့် အမေရိကန်သမ္မတကတော်များထဲတွင် အိမ်ဖြူတော်ပြင်ပတွင် ပရော်ဖက်ရှင်နယ် တာဝန်ကို ထမ်းဆောင်မည့် ပထမဆုံးသမ္မတကတော်ဖြစ်လာမည်ဖြစ်သည်။

ဒေါက်တာဂျေးဘိုင်ဒင်မှာ မြောက်ဗာဂျီးနီးယားကွန်မြူနတီကောလိပ်၏ အင်္ဂလိပ်စာဌာနတွင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်နေပြီး ခင်ပွန်းဖြစ်သူ ဂျိုးဘိုင်ဒင်မှာ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော်လည်း ၎င်း၏ မူရင်းအလုပ်ကို စွန့်လွှတ်ရန် အစီအစဉ်မရှိကြောင်း အတည်ပြုခဲ့သည်။ ဂျေးက “အိမ်ဖြူတော်ကိုရောက်မယ့် အချိန်ကာလတွေမှာလည်း ကျွန်မရဲ့ စာသင်ကြားခြင်းအလုပ်ကို ရပ်နားမှာမဟုတ်ပါဘူး။ ကျွန်မက ပြည်သူတွေဘက်က ဆရာတွေကို လေးစားတာ၊ သူတို့ရဲ့ ဖြန့်ဖြူးပေးနိုင်တဲ့ ဗဟုသုတတွေကို ယုံကြည်တာမျိုးကို တန်ဖိုးထားသူပါ” ဟု ပြောကြားခဲ့သည်။




**ပါရဂူဘွဲ့ရရှိသည့် ပထမဆုံးသမ္မတကတော်ဖြစ်**

ဂျေးသည် အမေရိကန်သမ္မတကတော်များထဲတွင် ပါရဂူဘွဲ့ရရှိသည့် တစ်ဦးတည်းသော အမျိုးသမီးဖြစ်သည့်အပြင် အိမ်ဖြူတော်ပြင်ပ၌ ဝင်ငွေရရှိသည့် အလုပ်ကိုလုပ်ဆောင်မည့် ပထမဆုံး သမ္မတကတော်ဖြစ်လာမည်ဖြစ်ကြောင်း အမေရိကန်သမ္မတကတော်များကို သမိုင်းဘာသာ သင်ကြားပေးရသူ အိုဟိုင်းအိုးတက္ကသိုလ်မှ ပါမောက္ခ ဂျီလက်ဆန်က ဆိုသည်။ သမ္မတကတော်တစ်ဦးအနေဖြင့် အိမ်ဖြူတော်ပြင်ပ ပရော်ဖက်ရှင်နယ်တာဝန် ဆက်လက်လုပ်ကိုင်ခြင်းသည် နှစ်ပေါင်း ၂၃၁ နှစ်အတွင်း ပထမဆုံးအကြိမ်လည်း ဖြစ်သည်။

ဂျေးဘိုင်ဒင်က ၎င်းအနေဖြင့် ရွှေ့ပြောင်းအခြေချသူများကို အဓိကထားသင်ကြားပေးရပြီး အဆိုပါပုဂ္ဂိုလ်များ၏ ဘဝဇာတ်ကြောင်းကို နားထောင်ရသည်ကိုလည်း သဘောကျနှစ်ခြိုက်ကြောင်း ပြောကြားခဲ့သည်။ နိုဝင်ဘာ ၈ ရက်တွင် ဂျေးဘိုင်ဒင်က ခင်ပွန်း ဂျိုးဘိုင်ဒင်၏အောင်မြင်မှုကို “သူက အမေရိကန် မိသားစုတွေအားလုံးရဲ့ သမ္မတဖြစ်လာမှာပါ” ဟု တွစ်တာ စာမျက်နှာပေါ်တွင် ရေးသားဂုဏ်ပြုခဲ့သည်။

**ကိုးကား-စီဘီအက်စ်**
**ဘာသာပြန်-မေလွဲ့သင်း**

# ဘိုင်ဒင်အနိုင်ရရှိသဖြင့် တရုတ်-အမေရိကန် ဆက်ဆံရေး တိုးတက်လာမည်ဟု တရုတ်နိုင်ငံဘက်မှ မျှော်လင့်

**ရှန်ဟိုင်း နိုဝင်ဘာ ၉**

အမေရိကန်ရွေးကောက်ပွဲတွင် ဒီမိုကရက်ပါတီမှ ဘိုင်ဒင်အနိုင်ရရှိခဲ့ခြင်းကြောင့် တရုတ်-အမေရိကန်ဆက်ဆံရေး အထူးသဖြင့် ကုန်သွယ်မှုတွင် အလားအလာကောင်းများ ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း တရုတ်အစိုးရပိုင် ဂလိုဘယ်တိုင်းမ်စ်သတင်းစာက ဖော်ပြသည်။

အမေရိကန်ရွေးကောက်ခံ သမ္မတ ဘိုင်ဒင်မှာ တရုတ်-ဟောင်ကောင်အရေးကိစ္စများအပေါ် ဖိအားပေးမည်မဟုတ်သလို ကုန်သွယ်ရေးကဏ္ဍတွင်လည်း ဖြေလျှော့မှုအချို့ကို လုပ်ဆောင်ပေးမည်ဟုမျှော်လင့်ရကြောင်း အဆိုပါမီဒီယာကပင် ဆက်လက်ဖော်ပြသည်။ ထရမ့်၏ မဲဆွယ်စည်းရုံးမှုတွင် အမေရိကန်ပထမမူဝါဒကို ဆက်လက်ကျင့်သုံးမည်ဖြစ်ကြောင်း ပြောကြားခဲ့သလို ထရမ့်၏ သမ္မတသက်တမ်းအတွင်း၌လည်း တရုတ်ကုန်စည်များအားလုံးကို အခွန်စည်းကြပ်မှုနှုန်း များစွာတိုးမြှင့်ခြင်း၊ အချို့ကို အမေရိကန်ဈေးကွက်မှ ဖယ်ရှားပစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သောကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးမှာ သမ္မတ ထရမ့်လက်ထက်တွင် အနည်းငယ်ကျဆင်းသွားခဲ့သည်။

“တရုတ်-အမေရိကန်ဆက်ဆံရေးဆိုတာ နှစ်နိုင်ငံပြည်သူတွေ အကျိုးအတွက်မက တစ်ကမ္ဘာလုံးအတွက်ပါ အကျိုးရှိစေတဲ့ ဆောင်ရွက်မှုတွေပါ။ နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်အောင် တည်ဆောက်ခြင်းက ကိစ္စရပ်တွေကို ပိုလွယ်စေမယ်၊ ထိန်းချုပ်လို့ရစေပါမယ်” ဟု ရေးသားခဲ့သည်။

တရုတ်-အမေရိကန် ဆက်ဆံရေးကို ကုန်သွယ်မှုဖြင့်ပင် စတင်မည်ဖြစ်ပြီး နှစ်နိုင်ငံပို့ကုန်သွင်းကုန်များ ဆက်လက်တိုးတက်ရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျဆင်းသွားသည့် အမေရိကန်နိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ နိုင်ငံတကာဈေးကွက်သို့ ဖြန့်ကြက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-မေလွဲ့သင်း**

# မန္တလေး၊ စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ တရားမဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ နိုဝင်ဘာ ၅ ရက်မှ ၆ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စဉ့်ကူးမြို့နယ် အောက်မတ္တရာ တိုးချဲ့ကြိုးဝိုင်းအတွင်း တရားမဝင် ပျဉ်းကတိုး/သစ်ရာ/ အင်/ထောက်ကြန့်သစ် ၅၇ ဒသမ ၆၆၀၀ တန်နှင့်အတူ သုံးပေလွှဝိုင်း နှစ်ဝိုင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဟုမ္မလင်းမြို့နယ် ရွှေပြည်အေးမြို့အနီးမှ တရားမဝင် ကညင်သစ် ၇ ဒသမ ၂၄၄၀ တန်၊ မင်းကင်းမြို့နယ် ပိတ်ချင်းတောကြိုးပြင် ကာကွယ်တောအတွင်း၊ စမြင်ရွာ အနီးတစ်ဝိုက်နေရာတို့မှ တရားမဝင် ကျွန်း/ သစ်ရာ/ ကညင်/အင်/သပြေ/ စကားဝါသစ်/ ခွဲသား/ ခွဲခြမ်း/ချောင်း/ခြမ်း ၇၅ ဒသမ ၇၆၃၄ တန်နှင့် တာယာဘီးတပ်လှည်း တစ်စီး၊ အင်ဂျင်နှစ်လုံး၊ သစ်စက်ဆက်စပ်ပစ္စည်း၊ ကျောက်တံခါးမြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်း (၈၅/၀)မိုင်လမ်းအရှေ့ဘက် တစ်ဖာလုံခန့်အကွာတွင် တရားမဝင် ကျွန်းခွဲသား ၅ ဒသမ ၄၃၆၂ တန်တို့ကို လည်းကောင်း ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



ညီညီသန်း(နေပြည်တော်)

# မြဝတီမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

ကရင်ပြည်နယ် မြဝတီခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ငွေကို ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် မြဝတီမြို့မရဲစခန်းမှ ဒုရဲအုပ်မင်းမင်းထွန်း ဦးစီးသော တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၆ ရက် ညနေ ၄ နာရီက မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဒေါနပန်း စားသောက်ဆိုင်အနီးတွင် ဘုရားသုံးဆူမြို့နေ ရဲထက်ဝင်းနှင့် မော်လမြိုင်မြို့နေ သက်ပိုင်စိုးတို့ကို စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၆၅ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ရဲပြန်ကြား




# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃၁ စီး၊ သွင်းကုန် ၂၆၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၁၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် ပို့ကုန်စစ်ဆေးရေး(ယာဉ်ကြီး) စစ်ဆေးသည့်နေရာတွင် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့မှ မူဆယ်မြို့ဘက်သို့ အခြေခံစားသောက်ကုန်များဖြင့် သို့ဝှက်သယ်ဆောင် မောင်းနှင်လာသော MDY-6H/..... ယာဉ်အား စစ်ဆေးရာ အခြေခံစားသောက်ကုန်များ၏ အောက်၌ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရွယ်အမျိုးအစားစုံ ၄၈၆၃ ကီလိုဂရမ်၊ ပုပ်သိုးပျက်စီးလွယ်သော အခြေခံစားသောက်ကုန်များ ဖြစ်သည့် ကြက်သွန်နီ ကီလိုဂရမ် ၈၀၀၊ အသားတု ကီလိုဂရမ် ၄၀၀၊ ပလတ်စတစ်အိတ် ကီလိုဂရမ် ၁၄၆၀ နှင့် ပစ္စည်းတင်ဆောင်လာသော ယာဉ်တစ်စီးအားလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၀ ဒသမ ၃၈၅ သန်း)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ကျောက်တံခါးမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ကျောက်တံခါး နိုဝင်ဘာ ၉**

ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကျောက်တံခါးမြို့နယ် ကင်မွန်းအင်းကျေးရွာအုပ်စု ကျီးအင်းကျေးရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ယမန်နေ့တွင် ရာနှုန်းပြည့်ပြီးစီးခဲ့ကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် ကင်မွန်းအင်းကျေးရွာအုပ်စု ကျီးအင်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီမံကိန်းအတိုးရငွေအနက်မှ ငွေကျပ်သိန်း ၁၂၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၇၇ သိန်းကျော်ဖြင့် အချိန်ပြည့် လျှပ်စစ်မီးရရှိရေးအတွက် 400 ဗို့ခါတ်အားလိုင်း အရှည်ပေ ၆၀၂၀ သွယ်တန်းခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ နည်းပညာအကူအညီ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် ဝန်ထမ်းများ အနီးကပ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ရာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးခဲ့သည်။

အဆိုပါ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးခဲ့မှုကြောင့် ကျောက်တံခါးမြို့နယ် ကင်မွန်းအင်းကျေးရွာအုပ်စု ကျီးအင်းကျေးရွာရှိ အိမ်ခြေ ၁၂၇ လုံး၊ လူဦးရေ ၅၃၉ ဦးတို့အတွက် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးတို့ကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။


နေလင်း

# ကျောက်ဖြူမြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်ဖြူ နိုဝင်ဘာ ၉**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၆၅၀ ဒသမ ၉၅၉ သန်းဖြင့် မြေသားလမ်း(၂/၁)မိုင်၊ ကျောက်လမ်း (၁/၃)မိုင်၊ ကျောက်လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း (၁/၄)မိုင်၊ ပေ ၄၀ ကွန်ကရစ်တံတားတစ်စင်း၊ ရေထုတ်ပြွန်တံတား ရှစ်စင်းနှင့် ပိုက်ပြွန်တံတား ရှစ်စင်း ဆောင်ရွက်ခွင့်ရရှိထားကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်မည့်လုပ်ငန်းများအနက် ကျောက်ဖြူမြို့နယ် စပါးထား(ဒီရေတော)မှ မော်ကြီး-ကြောင်တင်-မအူတော-ဝါးတော-လိပ်ပြင်ဒွိန်-ငစိမ့်ပြင် ကျွန်းပတ်လမ်း(၁/၀)မိုင် ကျောက်ခင်းခြင်းနှင့် ဆင်ဘုတ်ကျေးရွာ ပေ ၄၀ ကွန်ကရစ်တံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန်အတွက် ကျောက်ဖြူခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ထွန်းထွန်းလှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ယင်းကျေးရွာချင်းဆက်လမ်းနှင့် တံတားတည်ဆောက်ပြီးစီးပါက ဒီရေတောလမ်း၊ လူချေတောင်ရင်း-ကျွန်းချောင်း-စပါးထားလမ်းတို့ကိုဖြတ်ကာ ကျောက်ဖြူမြို့သို့ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ပြီး မော်ကြီးကျွန်းပေါ်ရှိ ဒေသခံပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမှုကြောင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။ **ဟန်လင်းနိုင်(သတင်းစဉ်)**

# သတင်းအသိ သတိရှိကြပါစို့

ဒေါက်တာဇင်မာကျော်
(သတင်းအတတ်ပညာ)

ယနေ့ကမ္ဘာကြီးတွင် အင်တာနက်နှင့် စမတ်ဖုန်းနည်းပညာများကြောင့် သတင်းအချက်အလက်ရယူမှု ရေစီးကြောင်း ပြောင်းလာသည့်အတွက် မီဒီယာ ရယူမှုပုံစံလည်း ပြောင်းလဲလာကာ ဆိုရှယ်မီဒီယာအသုံးပြုမှု မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ အကျိုးဆက်အနေဖြင့် သတင်းအချက်အလက်များစွာ အရှိန်အဟုန်ဖြင့်စီးဆင်းနေသည့် လူမှုကွန်ရက်မီဒီယာတွင် မှန်ကန်၊ ခိုင်လုံသည့် သတင်းများအပြင် သတင်းတုဟုခေါ်ဝေါ်ကြသည့် လုပ်ကြံသတင်းများစွာလည်း ရောထွေးပျံ့နှံ့လျက်ရှိနေသည်။ လက်ရှိကာလတွင် ပြည်သူများအကြား စိတ်ဝင်စားမှုနှင့် သိလိုစိတ်မြင့်မားနေသော ကိုဗစ်-၁၉ ကပ်ရောဂါဘေးနှင့် ပတ်သက်သည့်အကြောင်းအရာများ၊ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည့် ရွေးကောက်ပွဲကျင်းပရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများကို ဦးတည်ပစ်မှတ်ထားသည့် လုပ်ကြံသတင်းများကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖန်တီးဖြန့်ဝေနေကြကြောင်း တွေ့မြင်နေကြရသည်။

### စကားရပ်များအသုံးပြုရန် အကြံပြုထား

သတင်းတု “Fake News” ဆိုသည့် စကားလုံးကို ၂၀၁၆ ခုနှစ်ဝန်းကျင်ခန့်မှစတင်၍ ကမ္ဘာတစ်ဝန်းတွင်တွင်ကျယ်ကျယ် သုံးစွဲလာကြသည်။ ကံမကောင်းစွာနှင့်ပင် ယင်းစကားလုံးသည် နိုင်ငံရေးသဘောဆောင်ရန် အလွန်လွယ်ကူပြီး သတင်းမီဒီယာလောကကို ပြန်လည်ထိုးနှက်ရန် မူလသဘောကိုက လွယ်ကူနေသော စကားလုံးတစ်လုံးဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ကြပြန်သည်။ ထို့ကြောင့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု(Media and Information Literacy –MIL) ပညာရပ်ရှုထောင့်မှ အဆိုပါ Fake News ဆိုသည့် စကားလုံးအစား သတင်းမှား (Misinformation)၊ လုပ်ကြံသတင်း (Disinformation) နှင့် မသမာသောသတင်းဖြန့်ဝေမှု (Malinformation) ဟူသော စကားရပ်များအသုံးပြုရန် အကြံပြုထားကြသည်။

### အမျိုးအစားသုံးမျိုး

လူမှုကွန်ရက်ဖေ့စ်ဘွတ်မှတစ်ဆင့် ပြည်သူများအကြား ပျံ့နှံ့နေသည့် သတင်းအချက်အလက် ဖရိုဖရဲဖြစ်နေမှုများ (information disorder) ကို ခွဲခြမ်းစိတ်ဖြာသောအခါ သတင်းမှား၊ လုပ်ကြံသတင်းနှင့် မသမာသောသတင်းဖြန့်ဝေမှုဟူသော အမျိုးအစားသုံးမျိုးကို တွေ့ရှိရသည်။

ပထမအမျိုးအစားမှာ ဖြန့်ဝေနေသူက သဘောရိုးဖြင့် မှန်သည်ထင်၍ဖြန့်ဝေနေခြင်းမျိုးသည် သတင်းမှားအမျိုးအစားတွင် ပါဝင်သည်။

ဒုတိယအမျိုးအစားမှာ ဖြန့်ဝေနေသူက သတင်းမမှန်မှန်းသိလျက်နှင့် တမင်ဖြန့်ဝေနေသော သတင်းများသည် လုပ်ကြံသတင်းများဖြစ်ပြီး ရည်ရွယ်ချက်ရှိရှိဖြင့် တမင်တကာ လိမ်ညာလှည့်ဖြားပြီး မသမာသော လှုပ်ရှားဆောင်ရွက်သူများ၏ လှည့်စားအယုံသွင်းမှုများကို ခံနေရသူများနှင့် သက်ဆိုင်ပါသည်။



ဓာတ်ပုံ-ယူနက်စကို

တတိယအမျိုးအစားမှာ အမှန်တရားပေါ်တွင် အခြေပြုထားသော သတင်းဖြစ်သော်လည်း လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ နိုင်ငံတစ်ရပ်ရပ်အပေါ် ဆိုးကျိုးထိခိုက်မှုရှိစေရန် ရည်ရွယ်ပြီးဖြန့်ဝေသော သတင်းဖြစ်သောကြောင့် မသမာသောသတင်းဖြန့်ဝေမှုဖြစ်သည်။ နမူနာအားဖြင့် အများပြည်သူအကျိုးစီးပွားနှင့် ဆက်စပ်ပတ်သက်မှုမရှိဘဲနှင့် လူပုဂ္ဂိုလ်တစ်ဦး၏ လိင်ပိုင်းတိမ်းညွှတ်မှုကို ဖွင့်ချသတင်းပေးခြင်းမျိုးလည်းဖြစ်သည်။ ၂၀၁၇ ခုနှစ် ပြင်သစ်သမ္မတ ရွေးကောက်ပွဲကာလ သတင်းဖရိုဖရဲဖြစ်မှုများတွင် အထက်ပါ အမျိုးအစားသုံးမျိုးစလုံးကို လေ့လာတွေ့ရှိခဲ့ကြသည်။

အဆိုပါအမျိုးအစားသုံးမျိုးတွင် သရော်စာများနှင့် ဟာသစာပြောင်များ၊ ကလစ်မျှားသော ခေါင်းစည်းများ (မြင်သည်နှင့်ကလစ်နှိပ် ဝင်ရောက်ဖတ်ရှုချင်ရုံသက်သက် ရေးထားသော ခေါင်းစည်းများ) သရုပ်ဖော်စာများ၊ ရုပ်ပုံများနှင့်ကိန်းဂဏန်းများကို နားလည်မှုလွဲအောင် တမင်ရေးထားသောစာများ၊ သတင်းအကြောင်းအရာက မှန်သော်လည်း ရှေ့နောက်အဆက်အစပ်မရှိဘဲ ရေးသားထားသောစာများ၊ အယောင်ဆောင်စာများ(သတင်းထောက်အမည်၊ သတင်းတိုက်အမည်၊ အဖွဲ့အစည်းအမည်နှင့်အမှတ်တံဆိပ်(လိုဂို)များကို မသက်ဆိုင်သူများက ယူသုံးပြီး ဖြန့်ဝေသောစာများ)၊ ပြုပြင်စီမံခြယ်လှယ်ထားသော သတင်းများ၊ မဟုတ်သည်ကို ဟုတ်သယောင် ဖန်တီးထားသောစာများ အစရှိသည့်အမျိုးအစားခွဲများပါဝင်ပါသည်။ ဖော်ပြပါသတင်းအချက်အလက်ဖရိုဖရဲဖြစ်မှု၏ အမျိုးအစားခွဲခုနစ်မျိုးနှင့်ပတ်သက်သည့် ထင်ရှားသောသာဓကအချို့ကို မျှဝေပေးလိုပါသည်။

### စာနယ်ဇင်းပညာ၏ ပုံစံတစ်မျိုး

သရော်စာနှင့်စာပြောင်တို့သည် စာနယ်ဇင်းပညာ၏ ပုံစံတစ်မျိုးဟု ယူဆထားသော်လည်း ယနေ့ခေတ်ကမ္ဘာတွင် လူအများစုသည် ၎င်းတို့၏သတင်းများကို ဆိုရှယ်မီဒီယာပေါ်မှ သတင်းအဆက်မပြတ်ပေးနေသည့်စာမျက်နှာများမှ ရရှိနေခြင်းဖြစ်သောကြောင့် မည်သည့်အချိန်တွင် သရော်စာမဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း နားလည်ရန် ခက်ခဲလာသည့် အခြေအနေတွင်ရှိနေပါသည်။

ခေါင်းစည်းများ၊ ရုပ်ပုံများ၊ ဓာတ်ပုံစာသားများနှင့် သတင်းကိုယ်ထည်တို့ မသက်ဆိုင်ခြင်းသည် မှားယွင်းသောဆက်စပ်မှုအမျိုးအစား ဖြစ်သည်။ အများဆုံးတွေ့ရသည့်နမူနာမှာ (ကလစ်နှိပ်ပြီး ဝင်ဖတ်ချင်လာအောင် ရေးထားသောခေါင်းစဉ်များ) ကလစ်မျှားသော ခေါင်းစည်းများ ဖြစ်သည်။ ပရိသတ်၏အာရုံကိုဖမ်းစားရန် ခေါင်းစဉ်ဖတ်မိသည်နှင့် ကလစ်နှိပ်ဝင်ရောက်ဖတ်ရှုချင်လာအောင် ဆွဲဆောင်သည့် စကားလုံးအသုံးအနှုန်းနှင့် စာသားများ အသုံးပြုရေးထားကြသည်။ ကလစ်နှိပ် ဝင်ရောက်ပြီးသည့်အခါမှသာ အလိမ်အညာချဲ့ကားရေးထားသည်ကို တွေ့ရှိရခြင်းမျိုးဖြစ်သည်။

### သတိချပ်သင့်

ကိစ္စရပ်များ၊ လူပုဂ္ဂိုလ်များကို လိုရာဆွဲဘောင်ခတ်ပုံဖော်ရန်အတွက် သတင်းအချက်အလက်များ၊ ရုပ်ပုံများ၊ ကိန်းဂဏန်းများ၊ အဆိုအမိန့်များ၊ ပြောစကားများကို လှည့်ဖြားမှုပါသော အကြောင်းအရာတင်ဆက်ချက်အဖြစ် တွေ့ရှိရပါသည်။ လှည့်ဖြားလိမ်ညာသော အချက်အလက်များ ဖြန့်ဝေရာတွင် ရုပ်ပုံများသည် အလွန်အသုံးဝင်ပြီး လူအများစုက ရုပ်ပုံများကိုသံသယဖြစ်မှု ပိုမိုနည်းပါးသောကြောင့် ယင်းအချက်ကို အသုံးချလေ့ရှိသည်။ ဥပမာ- အခြားနိုင်ငံက ဓာတ်ပုံများကို အသုံးပြုပြီး လုပ်ကြံသတင်းစာသားများဖြည့်စွက်ထားခြင်း၊ ပုံအဟောင်းများကို ပြန်သုံးပြီး အဖြစ်အပျက်ထပ်မံဖြစ်ပွားသည့်အနေဖြင့် ရေးသားထားခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ဓာတ်ပုံများဖြင့် ဖော်ပြထားတိုင်း မှန်ကန်သည့်သတင်းဟု ယူဆ၍မရနိုင်ကြောင်း သတိချပ်သင့်သည်။

သတင်းအစစ်အမှန်တစ်ခုကို မူလပေါ်ပေါက်ခဲ့သည့် အခြေအနေမှခွဲထွက်ပြီး ပြန်လည်ရေးသား၊ တင်ဆက်ဖြန့်ဝေခြင်းမျိုးသည် အခြေအနေအခင်းအကျင်းအမှားအမျိုးအစားဖြစ်သည်။ ဥပမာ- ဗီယက်နမ်တွင် ၂၀၀၇ ခုနှစ်က ရိုက်ကူးခဲ့သည့် ဓာတ်ပုံတစ်ပုံကို ၂၀၁၅ နီပေါငလျင်အပြီးအခြေအနေအဖြစ် အထင်လွဲအောင် ပြန်လည်မျှဝေခြင်းမျိုးဖြစ်သည်။

### ကြေညာချက်အတု

အဖွဲ့အစည်းတစ်ခုခုက ထုတ်ပြန်ထားသည့် ကြေညာချက်၊ သတင်းဌာနတစ်ခုခုက မူရင်းတင်ဆက်ထားသည့် ဗီဒီယိုဖိုင်နှင့် ရုပ်ပုံများမဟုတ်ဘဲ ယင်းအဖွဲ့အစည်း၊ သတင်းဌာန၏ အမှတ်တံဆိပ်များကို ဖိုတိုရှော့ဖြင့်ပြုပြင်ကာ ထည့်သွင်းထားခြင်းသည် အယောင်ဆောင် တင်ဆက်ချက်အမျိုးအစား ဖြစ်သည်။ ဥပမာ- အဖွဲ့အစည်းတစ်ခု၏ အမှတ်တံဆိပ်ကို ဖိုတိုရှော့ဖြင့် ထည့်သွင်းထားသည့် ကြေညာချက်အတု သတင်းများဖြစ်သည်။

ပြုပြင်စီမံဖြတ်ညှပ်ကပ်တင်ဆက်ချက်အမျိုးအစားသည် အကြောင်းအရာ၊ ရုပ်ပုံ၊ စာသား အစစ်အမှန်များကို ရယူပြီး ပြုပြင်ပြောင်းလဲကာ လှည့်ဖြားခြင်းဖြစ်သည်။ ဥပမာ-အဖွဲ့အစည်းတစ်ခု၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည့် စကားရပ်များကြားထဲတွင် မပြောကြားခဲ့သည့်အချက်များကို ကိုးကားပြောဆိုချက်အနေဖြင့် ပြုပြင်စီမံဖြတ်ညှပ်ကပ်လုပ်၍ ထည့်သွင်းဖော်ပြခြင်းမျိုးဖြစ်သည်။

### လုပ်ကြံသတင်းများ ဖြန့်ဝေနေခြင်း

အတုပြုလုပ်သော ဖန်တီးတင်ဆက်ချက် အမျိုးအစားသည် စာသားများရေးသားထားသည့် သတင်းမျိုးဖြစ်နိုင်သလို သတင်းဝက်ဘ်ဆိုက်အယောင်ဆောင်ပြီး အစအဆုံးဖန်တီးထားသော လူမှုကွန်ရက်စာမျက်နှာမျိုးလည်းဖြစ်နိုင်သည်။ ဥပမာ- သတင်းအေဂျင်စီအဖြစ် တရားဝင်မှတ်ပုံတင်ထားပြီး ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ သတင်းမီဒီယာအမည်ခံ၍ လုပ်ကြံသတင်းများ ဖြန့်ဝေနေခြင်းမျိုးဖြစ်သည်။

မည်သည့်သတင်းအမျိုးအစားအဖြစ်ကွဲပြားချက်များ မည်သို့ပင်ရှိနေစေကာမူ လူ့အဖွဲ့အစည်းအပေါ် ဆိုးကျိုးသက်ရောက်မှုများမှာတူညီနေနိုင်ပါသည်။ သာဓကအနေဖြင့် ဒီမိုကရေစီနည်းလမ်းများ၏ ခိုင်ကျည်တည်တံ့မှုကိုခြိမ်းခြောက်ခြင်း၊ ကျန်းမာရေးဆိုင်ရာ စနစ်တကျကုသမှုများကို လိုက်နာရန် သွေဖည်လာခြင်းတို့ ဖြစ်သည်။

ပြည်သူလူထုအားလုံးသည် လူမှုကွန်ရက်တွင် လက်ဆင့်ကမ်းဖြန့်ဝေနေကြသော သတင်း၊ ဓာတ်ပုံ၊ အဓိပ္ပာယ်ဖော်ချက်များအားလုံးကို ဆန်းစစ်ရမည်။ လုပ်ကြံဖန်တီးထားသော သတင်းတစ်ခုသည် အဆင့် (၃)ဆင့်ဖြစ်သည့် စတင်ဖန်တီးသူ၊ ထုတ်လုပ်ပေးသူနှင့် ဖြန့်ဝေသူတို့ကို ဖြတ်သန်းခဲ့ကြသည်။ ထိုသုံးဦးသည် များသောအားဖြင့် တစ်ဦးစီလည်းဖြစ်နေနိုင်သည်။ သတင်းအချက်အလက်ဖရိုဖရဲဖြစ်မှုအစိတ်အပိုင်းအားလုံးကို တစ်ခုချင်း ကွဲပြားစွာသိနားလည်ရန် လိုအပ်ပြီး ဖော်ပြပါအဆင့်(၃)ဆင့်နှင့်လည်း ချိတ်ဆက်စဉ်းစားသင့်ပါသည်။ ထိုလုပ်ကြံသတင်းစကားများ၏ အဓိပ္ပာယ်များကို နားလည်မှသာ သတင်းစကားတစ်ခုစီ၏ ပမာဏနှင့် ပြင်းအားကို မှန်းဆနိုင်ပြီး တုံ့ပြန်ဖြေရှင်းရန် စတင်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ရုပ်ပုံနှင့်ဗီဒီယိုဆိုင်ရာ တင်ဆက်ချက်များသည် စာသားချည်းသာ ရေးသားဖြန့်ဝေချက်များထက် ပိုမိုပျံ့နှံ့မှုအားကောင်းကာ ချေဖျက်ရှင်းလင်းရန် ပိုမိုခက်ခဲလေ့ ရှိပါသည်။

### ခွဲခြားသိရှိရန်လည်းအရေးကြီး

သတင်းအချက်အလက် အမှားများအကြားတွင် မည်သည်ကအမှန်ဖြစ်သည်ကို ခွဲခြားသိရှိနိုင်ရန် အရေးကြီးပါသည်။ သို့ရာတွင် မှန်သောအချက်အလက်များ (အမှန်အနည်းငယ်ပါသော အချက်အလက်များ)တွင် မည်သည်တို့သည် အများပြည်သူအကျိုးစီးပွားကို ဆောင်ရွက်ရန်ထက် ဖျက်လိုဖျက်ဆီးလုပ်ရန်ရည်ရွယ်ချက်နှင့် ဖန်တီးထားသော သတင်းများဖြစ်ကြောင်း ခွဲခြားသိရှိရန်လည်းအရေးကြီးပါသည်။ အဆိုပါ မသမာသတင်းဖြန့်ဝေခြင်းများသည် အများပြည်သူအကျိုးစီးပွားအတွက် လျော်ကန်သင့်မြတ်ခြင်းမရှိဘဲ တစ်ဦးတစ်ယောက်၏ ကိုယ်ရေးလွတ်လပ်လုံခြုံခွင့်ကို ချိုးဖောက်သော သတင်းများဖြစ်ကြသည်။

ဝါဒဖြန့်ရန်အတွက်လည်း လုပ်ကြံသတင်းများကို အသုံးပြုကြပါသည်။ အဆိုပါအမျိုးအစားတွင် သတင်းအချက်အလက်ပေးရန်သက်သက်မဟုတ်ဘဲ စိတ်ခံစားချက်များကို ပိုမိုဦးတည်ပစ်မှတ်ထားသောကြောင့် တရားလွန်စီမံပြုလုပ်ဖန်တီးထားသော လုပ်ကြံသတင်းများ ဖြစ်နေလေ့ရှိသည်။

သတင်းမှားနှင့်လုပ်ကြံသတင်းအမျိုးအစားများ အကြောင်းကိုသိနားလည်လျှင် ဆိုရှယ်မီဒီယာပေါ်မှသတင်းအချက်အလက်များ ရယူကြည့်ရှုရာတွင် ပိုမိုအမြော်အမြင်ရှိရှိဖြင့် သတိထားတတ်သူများ ဖြစ်လာစေပါမည်။ သတင်းပညာဗဟုသုတကို အသုံးပြု၍ MIL၏ အနှစ်သာရ Think before You Share အတိုင်း မသေချာသည့်သတင်းများကို ဖြန့်ဝေခြင်းမလုပ်ခင် စဉ်းစားသင့်ကြပါသည်။

သို့ပါသောကြောင့် MIL ကိုယ်ခံအားကောင်းလျှင် သတင်းမှား၊ လုပ်ကြံသတင်းများနှင့် မသမာသောသတင်းဖြန့်ဝေခြင်းများကို ကြံ့ကြံ့ခံ၊ ခုခံနိုင်ကြမည်ဖြစ်ကြောင်း သတင်းဗဟုသုတများ ဝေမျှလိုက်ရပါသည်။ ။

**ကိုးကား- သတင်းအတတ်ပညာ၊ သတင်းတုနှင့် လုပ်ကြံသတင်းများ၊ ယူနက်စကို**

> ■ မည်သည့်သတင်းအမျိုးအစားအဖြစ် ကွဲပြားချက်များ မည်သို့ပင်ရှိနေစေကာမူ လူ့အဖွဲ့အစည်းအပေါ် ဆိုးကျိုးသက်ရောက်မှုများမှာ တူညီနေနိုင်။
>
> ■ သာဓကအနေဖြင့် ဒီမိုကရေစီနည်းလမ်းများ၏ ခိုင်ကျည်တည်တံ့မှုကို ခြိမ်းခြောက်လာခြင်း၊ ကျန်းမာရေးဆိုင်ရာ စနစ်တကျကုသမှုများကို လိုက်နာရန် သွေဖည်လာခြင်းတို့ဖြစ်။

# နိုဝင်ဘာ ၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅၉၈ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၉-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၈-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉၂၃၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်(၅၉၈)ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၉-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၈၃၀) ခု | (၁၂၄) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၅၈) ခု | (၂၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၂၉) ခု | (၆) ဦး |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃) ခု | (၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၀၀) ခု | (၃၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၇၇) ခု | (၂၄၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၈၆၃) ခု | (၁၆၆) ဦး |
| စုစုပေါင်း | (၉,၂၃၀) ခု | (၅၉၈) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၉-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၉,၂၃၀) ဦး | (၈၀၄,၁၆၃) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၅၉၈) ဦး | (၆၁,၉၇၅) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၉၀၅) ဦး | (၄၆,၆၆၁) ဦး |
| သေဆုံးလူနာ | (၁၇) ဦး | (၁,၄၃၇) ဦး |

- ယနေ့ သေဆုံးသူ (၁၇) ဦးအနက် ရောဂါအခံရှိသူ (၁၃) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၉၀၅) ဦးတွင်-
  - ပြည်သူ့ဆေးရုံများ - (၂၁၈) ဦး
  - COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) - (၆၈၇) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြု လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၅၈၈) ဦးတွင်-
  - Hotel Quarantine - (၁၄၇) ဦး
  - Facility Quarantine - (၆၇) ဦး
  - Community Based Facility Quarantine - (၃၃၆) ဦး
  - Anosmia Center - (၃၈) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၀၂၈၈၄၈၀ | ၆၄၈၃၄၂၀ | ၂၄၃၇၆၈ |
| ၂။ | အိန္ဒိယ | ၈၅၅၅၁၀၉ | ၇၉၁၇၃၇၃ | ၁၂၆၆၇၁ |
| ၃။ | ဘရာဇီး | ၅၆၆၄၁၁၅ | ၅၀၆၄၃၄၄ | ၁၆၂၃၉၇ |
| ၄။ | ရုရှား | ၁၇၉၆၁၃၂ | ၁၃၃၅၁၄၁ | ၃၀၇၉၃ |
| ၅။ | ပြင်သစ် | ၁၇၈၇၃၂၄ | ၁၂၈၆၁၄ | ၄၀၄၃၉ |
| ၆။ | စပိန် | ၁၃၈၈၄၁၁ | စိစစ်ဆဲ | ၃၈၈၃၃ |
| ၇။ | အာဂျင်တီးနား | ၁၂၄၂၁၈၂ | ၁၀၆၂၉၁၁ | ၃၃၅၆၀ |
| ၈။ | ဗြိတိန် | ၁၁၉၂၀၁၃ | စိစစ်ဆဲ | ၄၉၀၄၄ |
| ၉။ | ကိုလံဘီယာ | ၁၁၄၃၈၈၇ | ၁၀၃၈၀၈၂ | ၃၂၇၉၁ |
| ၁၀။ | မက္ကဆီကို | ၉၆၇၈၂၅ | ၇၁၅၉၇၇ | ၉၅၀၂၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၄၀၅၆၉ | ၃၇၂၂၆၆ | ၁၄၆၈၉ |
| ၂။ | ဖိလစ်ပိုင် | ၃၉၈၄၄၉ | ၃၆၁၇၈၄ | ၇၆၄၇ |
| ၃။ | မြန်မာ | ၆၁၉၇၅ | ၄၆၆၆၁ | ၁၄၃၇ |
| ၄။ | စင်ကာပူ | ၅၈၀၆၄ | ၅၇၉၇၅ | ၂၈ |
| ၅။ | မလေးရှား | ၄၁၁၈၁ | ၂၉၅၇၉ | ၂၉၄ |
| ၆။ | ထိုင်း | ၃၈၄၀ | ၃၆၆၁ | ၆၀ |
| ၇။ | ဗီယက်နမ် | ၁၂၁၅ | ၁၀၈၇ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၉၇ | ၂၈၈ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၈ | ၁၄၄ | ၃ |
| ၁၀။ | လာအို | ၂၄ | ၂၃ | ၀ |

## ဖျားနာကုအခမဲ့ဆေးခန်းသို့ အွန်လိုင်းမှတစ်ဆင့် ကြိုတင်ရက်ချိန်းရယူ၍ လာရောက်ပြသနိုင်

**ရန်ကုန် နိုဝင်ဘာ ၉**

ဖျားနာကုဆေးခန်းများသို့ လာရောက်ပြသရာတွင် အချိန်စောင့်ဆိုင်းမှုကို တစ်ဖက်တစ်လမ်းက လျှော့ချနိုင်မည့် အွန်လိုင်းမှတစ်ဆင့် အချိန်စောင့်ဆိုင်းစရာမလိုဘဲ Eazy Token ကြိုတင်ရက်ချိန်းရယူနိုင်မည့် အစီအစဉ်ကို သာကေတမြို့နယ် လူထုအခြေပြု ဖျားနာကုအခမဲ့ဆေးခန်း၌ နိုဝင်ဘာ ၁၀ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါဆေးခန်းမှ သိရသည်။

"ကျွန်တော်တို့သာကေတမှာ စစမ်းနေပြီ။ မနက်ဖြန်လောက် စလုပ်တော့မယ်။ သာကေတမှာ အဆင်ပြေတယ်ဆိုရင် အခြားဖျားနာကုဆေးခန်းတွေမှာလည်း ဆက်လုပ်သွားဖို့ အစီအစဉ်ရှိပါတယ်"ဟု သာကေတမြို့နယ် ဖျားနာကုဆေးခန်းတာဝန်ခံ ဒေါက်တာမြတ်မိုးလွင်က ပြောသည်။

ယခင်က ဖျားနာကုဆေးခန်းသို့ လာရောက်ပြသရာတွင် လူနာ၏ အမည်၊ အသက်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ် စသည့် အချက်အလက်များကို ဖြည့်ရခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်သည့် ရာဇဝင်၊ အသိပညာပေးမှုနှင့် လိုအပ်ချက်များကို မှာကြားရခြင်းတို့ လုပ်ဆောင်ရသည့်အတွက် လူနာတစ်ဦးနှင့်တစ်ဦးကြား အချိန်စောင့်ဆိုင်းရမှုများရှိရာ ယခုဆောင်ရွက်မည့် အွန်လိုင်းမှတစ်ဆင့် ကြိုတင်ရက်ချိန်းရယူနိုင်မည့် အစီအစဉ်သည် အချိန်စောင့်ဆိုင်းမှုများကို တစ်ဖက်တစ်လမ်းက လျှော့ချနိုင်ပြီး လူနာအရေးအတွက် ပိုမိုကြည့်ရှုနိုင်ခြင်းနှင့် ဆရာဝန်များ၏ အလုပ်ဝန်ကိုလည်း သက်သာစေမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အွန်လိုင်းမှတစ်ဆင့် ကြိုတင်ရက်ချိန်းရယူမှုကို https://eazytoken.org သို့ ဝင်ရောက်၍ အမည်၊ အသက်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ပြသမည့်ဆေးခန်း၊ နေ့ရက် စသည့် သတ်မှတ်အချက်အလက်များကို ဖြည့်သွင်း၍ တိုကင်နံပါတ် ရယူရမည်ဖြစ်ပြီး ယင်းတိုကင်နံပါတ်နှင့်အတူ ရက်ချိန်းအတွင်း ဆေးခန်းသို့ လာရောက်ပြသရမည်ဖြစ်သည်။ အဆိုပါ တိုကင်နံပါတ်ရယူမှုကို အခြားသူများကိုယ်စားလည်း လျှောက်ထားပေးနိုင်ကြောင်း သိရသည်။

အေးမင်းသူ




**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၉-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ**

၁။ (၈-၁၁-၂၀၂၀) ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ (၁၀၂၈) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-


| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | ၈၃ |
| | | မရမ်းကုန်း | ၇၉ |
| | | သင်္ဃန်းကျွန်း | ၇၀ |
| | | သန်လျင် | ၆၀ |
| | | လှိုင် | ၃၉ |
| | | အင်းစိန် | ၃၅ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၃၃ |
| | | ကမာရွတ် | ၂၇ |
| | | မင်္ဂလာဒုံ | ၂၃ |
| | | မြောက်ဥက္ကလာပ | ၂၃ |
| | | တာမွေ | ၂၀ |
| | | ရွှေပြည်သာ | ၁၈ |
| | | ထန်းတပင် | ၁၇ |
| | | ကျောက်တံတား | ၁၇ |
| | | တွံတေး | ၁၇ |
| | | သာကေတ | ၁၆ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၂ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၁ |
| | | ဒလ | ၁၀ |
| | | ကြည့်မြင်တိုင် | ၁၀ |
| | | တောင်ဥက္ကလာပ | ၇ |
| | | ကော့မှူး | ၇ |
| | | မှော်ဘီ | ၆ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၆ |
| | | အလုံ | ၆ |
| | | သုံးခွ | ၆ |
| | | မင်္ဂလာတောင်ညွန့် | ၅ |
| | | စမ်းချောင်း | ၅ |
| | | ဗဟန်း | ၅ |
| | | လမ်းမတော် | ၄ |
| | | ဒေါပုံ | ၄ |
| | | ဗိုလ်တထောင် | ၃ |
| | | လှည်းကူး | ၃ |
| | | ကျောက်တန်း | ၂ |
| | | ရန်ကင်း | ၂ |
| | | တိုက်ကြီး | ၂ |
| | | ဒဂုံ | ၁ |
| | | ပုဇွန်တောင် | ၁ |
| | | လသာ | ၁ |
| | | ပန်းဘဲတန်း | ၁ |
| | | ဆိပ်ကြီးခနောင်တို | ၁ |
| | | စုစုပေါင်း | ၆၉၈ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၄၂ |
| | | မဟာအောင်မြေ | ၁၅ |
| | | အမရပူရ | ၁၃ |
| | | စဉ့်ကိုင် | ၁၂ |
| | | အောင်မြေသာစံ | ၈ |
| | | တောင်သာ | ၄ |
| | | ပြည်ကြီးတံခွန် | ၃ |
| | | ချမ်းမြသာစည် | ၃ |
| | | ပုသိမ်ကြီး | ၃ |
| | | သာစည် | ၂ |
| | | ပျော်ဘွယ် | ၁ |
| | | ရမည်းသင်း | ၁ |
| | | မတ္တရာ | ၁ |
| | | ကျောက်ဆည် | ၁ |
| | | မြင်းခြံ | ၁ |
| | | နွားထိုးကြီး | ၁ |
| | | စုစုပေါင်း | ၁၁၁ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | မအူပင် | ၂၀ |
| | | ညောင်တုန်း | ၁၆ |
| | | ကျိုက်လတ် | ၁၄ |
| | | ဒေးဒရဲ | ၁၂ |
| | | ဇလွန် | ၁၂ |
| | | ဘိုကလေး | ၉ |
| | | ကျုံပျော် | ၆ |
| | | ဝါးခယ်မ | ၆ |
| | | မော်လမြိုင်ကျွန်း | ၅ |
| | | ပုသိမ် | ၂ |
| | | အိမ်မဲ | ၂ |
| | | ဖျာပုံ | ၂ |
| | | လပွတ္တာ | ၂ |
| | | ဟင်္သာတ | ၁ |
| | | သာပေါင်း | ၁ |
| | | ကန်ကြီးထောင့် | ၁ |
| | | စုစုပေါင်း | ၁၁၁ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၁၂ |
| | | သာယာဝတီ | ၉ |
| | | လက်ပံတန်း | ၄ |
| | | ဒေါ | ၂ |
| | | ဖြူး | ၂ |
| | | မင်းလှ | ၂ |
| | | ကျောက်တံတား | ၂ |
| | | တောင်ငူ | ၁ |
| | | ကျောက်ကြီး | ၁ |
| | | ကဝ | ၁ |
| | | ဒိုက်ဦး | ၁ |
| | | စုစုပေါင်း | ၃၇ |
| ၅။ | မကွေးတိုင်းဒေသကြီး | အောင်လံ * | ၁၇ |
| | | စလင်း | ၈ |
| | | မင်းဘူး | ၆ |
| | | မကွေး | ၂ |
| | | သရက် | ၁ |
| | | ဂန့်ဂေါ | ၁ |
| | | တောင်တွင်းကြီး | ၁ |
| | | စုစုပေါင်း | ၃၆ |
| ၆။ | ရခိုင်ပြည်နယ် | စစ်တွေ | ၅ |
| | | ရသေ့တောင် | ၇ |
| | | မောင်တော | ၄ |
| | | မင်းပြား | ၁ |
| | | စုစုပေါင်း | ၁၇ |
| ၇။ | မွန်ပြည်နယ် | ကျိုက်ထို | ၂ |
| | | ဘီးလင်း | ၂ |
| | | ကျိုက်မရော | ၁ |
| | | သထုံ | ၁ |
| | | စုစုပေါင်း | ၆ |
| ၈။ | ရှမ်းပြည်နယ် | တောင်ကြီး | ၁ |
| | | ကလော | ၁ |
| | | သီပေါ | ၁ |
| | | မူဆယ် | ၁ |
| | | စုစုပေါင်း | ၄ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၂ |
| | | တမူး | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၀။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၂ |
| | | မြဝတီ | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၁။ | နေပြည်တော် | လယ်ဝေး | ၁ |
| | | ဇမ္ဗူသီရိ | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၈-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၀၂၈) ဦး |

* မြို့နယ်မှ (၄) ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သဖြင့် အသွားအလာ ကန့်သတ်ထားခြင်းဖြစ်ပါသည်။

မှတ်ချက်။ (၈-၁၁-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၀၂၈) ဦးတွင် အန့်မရှိသူ (၁၆၇) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၉**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများတွင် ပြစ်ဒဏ်ကျခံပြီးသည့် မြန်မာနိုင်ငံသား ၄၅ ဦး အပါအဝင် မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် စုစုပေါင်း မြန်မာနိုင်ငံသား ၁၇၆ ဦးကို ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးက စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ကွာလာလမ်ပူမြို့ မြန်မာသံရုံးအနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ယနေ့ထိ မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် အကြိမ် ၂၀ ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# ရန်ကုန်တက္ကသိုလ်က အပ်နှင်းချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ



ဒေါက်တာသန်းဦး

"ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း
ချီးမြှင့်ထိုက်သူတို့ကို ချီးမြှင့်ခြင်းသည်
မင်္ဂလာတစ်ပါးဖြစ်ပါသည်။"

မင်္ဂလသုတ်

### ဂုဏ်ထူးဆောင်ဘွဲ့

ကမ္ဘာ့တက္ကသိုလ်ကြီးများတွင် **"ဂုဏ်ပြုထိုက်သူတို့အား ဂုဏ်ပြုခြင်း"**ဟူသော မွန်မြတ်သည့် အစဉ်အလာကောင်းတစ်ရပ်ရှိပေရာ ထိုအစဉ်အလာကောင်းနှင့်အညီ ထူးခြား၊ ထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်ကျော်များအား ထိုက်ထိုက်တန်တန် "ဂုဏ်ထူးဆောင်ဘွဲ့များ"ကို ပေးအပ်ချီးမြှင့်ခြင်း ပြုကြလေ့ရှိပါသည်။

မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ်ကြီးသည်လည်း ထို့အတူ "ဂုဏ်ပြုထိုက်သူ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်"များအား ရန်ကုန်တက္ကသိုလ်စတင်တည်ထောင်သည့်ကာလမှစ၍ နှစ်တစ်ရာကာလအတွင်း ထိုက်ထိုက်တန်တန် "ဂုဏ်ထူးဆောင်ဘွဲ့များ"ကို ဆက်ကပ်ခြင်း(ရဟန်းပုဂ္ဂိုလ်)၊ ပေးအပ်ချီးမြှင့်ခြင်း (လူပုဂ္ဂိုလ်)တို့ကို မွန်မြတ်သည့်အစဉ်အလာကောင်းတစ်ရပ်အဖြစ် ဆောင်ရွက်ဖြစ်ခဲ့သည်ကို ကောင်းစွာလေ့လာတွေ့ရှိ မှတ်သားထားမိပါသည်။

မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ်ကြီးသည် "တိုင်းကျိုးပြည်ပြုဆောင်ရွက်မှု"တွင် ထူးခြား၊ ထက်မြက်၊ ထူးချွန်၊ ပြောင်မြောက်ကြသော ရဟန်းပုဂ္ဂိုလ်ကျော်၊ လူပုဂ္ဂိုလ်ကျော်များအား ရွေးချယ်၍ ထိုက်လျောက်စွာ ဆက်ကပ်ခြင်း၊ ပေးအပ်ချီးမြှင့်ခြင်း တည်းဟူသော ကောင်းမြတ်သည့် **"မင်္ဂလာ"**တစ်ပါးကိုလည်း ဆောင်ရွက်ဖြစ်ခဲ့ကြောင်း လေ့လာမှတ်သားထားပါသည်။

ထူးချွန်ပြောင်မြောက်သောပုဂ္ဂိုလ်ကျော်(ထင်ရှားကျော်ကြားသူ)ဟူသည် သက်ဆိုင်ရာပညာရပ်၊ ဘာသာရပ်၌သော်လည်းကောင်း၊ သင်ကြားသင်ယူရေး၊ သုတေသနပြုရေး၊ စီမံခန့်ခွဲရေးစသည့်ကိစ္စရပ်များ၌သော်လည်းကောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး(ယဉ်ကျေးမှု) စသည်တို့၌ သော်လည်းကောင်း စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သူဟု ဆိုလိုရင်းဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်မျိုးတွင် ရံဖန်ရံခါ ပြည်ပမှလာရောက်ကြသော (ချစ်ကြည်ရေး) နိုင်ငံ့ခေါင်းဆောင်များလည်း ပါဝင်နိုင်ပါသည်။ ထိုသူတို့အား ချီးမြှင့်ခြင်းသည် ထိုပုဂ္ဂိုလ်တို့၏ အရည်အသွေးကို ကောင်းစွာအသိအမှတ်ပြုရာလည်း ရောက်ပါသည်။ ပူဇော်ချီးမြှင့်ထိုက်သူကို ပူဇော်ချီးမြှင့်ရာလည်း ရောက်သောကြောင့် မင်္ဂလာရှိပါသည်။

ထိုကဲ့သို့ အသိအမှတ်ပြုခြင်း၊ ပူဇော်ခြင်း၊ ပေးအပ်ခြင်း၊ ချီးမြှင့်ခြင်း အမှုတို့ကိုပြုရာ၌ တက္ကသိုလ်အနေဖြင့် "ဂုဏ်ထူးဆောင်ဘွဲ့" ထိုက်လျောက်စွာပေးခြင်းထက် သာလွန်ကောင်းမွန်သော ချီးမြှင့်ဂုဏ်ပြုမှုမရှိနိုင်ပေ။

တက္ကသိုလ်ဟူသည် အဆင့်မြင့်ပညာရပ်များကို လေ့လာဆည်းပူးရာ၊ ပညာဖြန့်ဖြူးရာ၊ သုတေသနပြုရာဌာန၊ တစ်နည်းအားဖြင့် "ပညာ"တည်းဟူသော မီးရှူးတန်ဆောင် ထွန်းပြောင်ရာဌာန၊ နိုင်ငံတော်၏ ပညာဂုဏ်ဆောင်ရာဌာနဖြစ်သည့်အလျောက် ရွှေပေးရန်လည်းမသင့်၊ ငွေပေးရန်လည်းမကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့ဆက်ကပ်၊ ပေးအပ်၊ ချီးမြှင့်ခြင်းသည်သာ အဆီလျော်ဆုံး (ဆီလျော်အပ်စပ်)သင့်မြတ်ဆုံး ဖြစ်ပါသည်။

**တက္ကသိုလ်ဟူသည် အဆင့်မြင့်ပညာရပ်များကို လေ့လာဆည်းပူးရာ၊ ပညာဖြန့်ဖြူးရာ၊ သုတေသနပြုရာဌာန၊ တစ်နည်းအားဖြင့် "ပညာ" တည်းဟူသော မီးရှူးတန်ဆောင်ထွန်းပြောင်ရာဌာန၊ နိုင်ငံတော်၏ ပညာဂုဏ်ဆောင်ရာဌာနဖြစ်သည့်အလျောက် ရွှေပေးရန်လည်း မသင့်၊ ငွေပေးရန်လည်းမကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့ ဆက်ကပ်၊ ပေးအပ်၊ ချီးမြှင့်ခြင်းသည်သာ အဆီလျော်ဆုံး (ဆီလျော်အပ်စပ်) သင့်မြတ်ဆုံးဖြစ်။**



ရန်ကုန်တက္ကသိုလ် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်သည့် အခမ်းအနားတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထိုသို့ ဆက်ကပ်၊ ပေးအပ်၊ ချီးမြှင့်ခြင်းဖြင့် ဆက်ကပ်ပေးအပ်ချီးမြှင့်သော တက္ကသိုလ်သည်လည်း တင့်တယ်၊ အချီးမြှင့်ခံပုဂ္ဂိုလ်အဖို့လည်း ကျက်သရေတိုးပွား၊ မြင်ရ၊ ကြားရသူအပေါင်း (နိုင်ငံသားအပေါင်း)တို့အဖို့လည်း ဝမ်းမြောက်ဝမ်းသာ မုဒိတာအမှန်ပင်ဖြစ်ကြရပါသည်။

### ဥပဒေပြဋ္ဌာန်းချက်

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေပုဒ်မ ၂၇ တွင် "ပညာရေးကိစ္စအတွက် တာဝန်ထမ်းဆောင်ရာတွင် ထင်ရှားကျော်ဇောသော ပုဂ္ဂိုလ်များအား သို့တည်းမဟုတ် ထူးကဲသော ရာထူးဌာနန္တရ သို့တည်းမဟုတ် စွမ်းရည်တို့ကြောင့် ဂုဏ်ထူးဆောင်ဘွဲ့ရသင့်ရထိုက်သော ပုဂ္ဂိုလ်အား အဓိပတိသည် ဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းနိုင်သည်။" ဟူ၍ အတိအလင်း ပြဋ္ဌာန်းချက်ပါရှိထားပါသည်။

### ဂုဏ်ထူးဆောင်ဘွဲ့အပ်နှင်းချီးမြှင့်ခြင်း

ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ဘွဲ့အပ်နှင်းချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ အပိုင်းနှစ်ပိုင်းခွဲ၍ ဆွေးနွေးတင်ပြပါမည် -

(က) ပထမပိုင်းမှာ ဂုဏ်ထူးဆောင်ဘွဲ့ စတင်အပ်နှင်းသည့် ၁၉၂၁ ခုနှစ်မှအစပြု၍ ရန်ကုန်တက္ကသိုလ်ဥပဒေကို နိုင်ငံတော် တော်လှန်ရေးကောင်စီက ၁၉၆၂ ခုနှစ်တွင် ရုပ်သိမ်းခြင်းခံရသည်။ ၁၉၆၂ ခုနှစ်အထိ နှစ်ပေါင်းလေးဆယ်ကျော်ကာလအတွင်း ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖော်ပြသွားပါမည်။

(ခ) ဒုတိယပိုင်းမှာ အဆိုပါ ၁၉၆၂ ခုနှစ်မှ နှစ်တစ်ရာပြည့် ၂၀၂၀ ပြည့်နှစ်အထိ နှစ်ပေါင်း၅၈ နှစ်ကာလအတွင်း ဂုဏ်ထူးဆောင်ဘွဲ့များ ဆက်လက်အပ်နှင်းချီးမြှင့်ခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဖော်ပြသွားပါမည်။

### ပထမပိုင်းကာလ(၁၉၂၁မှ ၁၉၆၁ အထိ)

၁၉၂၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသည့် ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးဘွဲ့နှင်းသဘင်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ လယ်တီဆရာတော် ဦးဉာဏ(ရဟန်းပုဂ္ဂိုလ်)အား ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့(Doctor of Letters)ဒီလစ်ဘွဲ့ကို ဆက်ကပ်ချီးမြှင့်ပါသည်။ ထိုဘွဲ့နှင်းသဘင်တွင်ပင် လူပုဂ္ဂိုလ်တစ်ဦးဖြစ်သူ အရှေ့တိုင်းပညာရပ်များပါမောက္ခ၊ နောင်တွင် ရှေးဟောင်းဌာနညွှန်ကြားရေးဝန်ဖြစ်လာသည့် ချားလ်စ်ဒူရိုင်ဇယ်လ်(Chas Duroiselle)အား ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာ(M.A)ဘွဲ့ကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ရဟန်းပုဂ္ဂိုလ်ကျော်တစ်ဦးနှင့် လူပုဂ္ဂိုလ်ကျော်တစ်ဦး ထိုနှစ်ဦးကို ရန်ကုန်တက္ကသိုလ်က ပွဲဦးထွက် ပထမဆုံးအကြိမ် ဂုဏ်ထူးဆောင်ဘွဲ့များ(ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့နှင့် ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့)တို့ကို ထိုက်ထိုက်တန်တန် ဆက်ကပ်၊ ပေးအပ်ချီးမြှင့်လိုက်ခြင်းဖြစ်၍ များစွာနှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ မုဒိတာဖြစ်ခဲ့ကြရပါသည်။

၁၉၂၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဥပဒေပြုကောင်စီသို့ တာဝန်ယူတင်သွင်းခဲ့သူ ပညာမင်းကြီး( Director of Public Instruction– D.P.I)ဆာမာခ်ဟန်တာ(Sir Mark Hunter) အား ဝိဇ္ဇာပညာရှင်ဖြစ်သည်နှင့်အညီ ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ (ဒီလစ်ဘွဲ့)ကိုလည်းကောင်း၊ ထိုစဉ်က ပထမဦးဆုံး ယူနီဗာစီတီကောလိပ်ကျောင်းအုပ်ကြီးဖြစ်သူ မက်သျူးဟန်တာ (Mathew Hunter) သိပ္ပံပညာရှင်ဖြစ်သည်နှင့်အညီ ဂုဏ်ထူးဆောင် ဒီအက်စီ(Doctor of Science)ဘွဲ့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ထိုစဉ်ကာလက ပညာမင်းကြီး Hunter နှင့် တက္ကသိုလ်ကျောင်းအုပ်ကြီး Hunter နှစ်ဦး ရှိပါသည်။ ထိုနှစ်ဦးစလုံးကို ရန်ကုန်တက္ကသိုလ်၏ အကျိုးပြုပုဂ္ဂိုလ်နှစ်ဦးအဖြစ် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခြင်း ဖြစ်ပါသည်။

၁၉၂၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၏ အဓိပတိဖြစ်ခဲ့သည့် ဆာရယ်ဂျီနယ် ဟင်နရီကရက်ဒေါက်အား ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့(Doctor of Laws)(အယ်လ်အယ်လ်ဒီ)ကို ပေးအပ်ချီးမြှင့်သည်။ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းပညာရပ်များဆိုင်ရာကောလိပ်မှ မဟာဌာနမှူး ချားလ်စ်အော်တိုဘလဒင်အား ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ (ဒီလစ်)ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း မှတ်တမ်းမှတ်ရာများအရ သိရှိမှတ်သားရပါသည်။

၁၉၂၅ ခုနှစ်တွင် တရားသူကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်သူ ဦးမြင့်သိန်း၏ ကိုယ်ရေးမှတ်တမ်းအရ ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ဥပဒေဝိဇ္ဇာဘွဲ့(Bachelor of Laws)ကို ချီးမြှင့်ခံရသည်ဟု ဖော်ပြထားကြောင်း တွေ့ရှိသည်။ ဤမှတ်တမ်းအရ ဂုဏ်ထူးဆောင်ဥပဒေဝိဇ္ဇာဘွဲ့ကိုလည်း ရန်ကုန်တက္ကသိုလ်က ချီးမြှင့်ခဲ့ကြောင်း သိရှိမှတ်သားရပါသည်။

၁၉၂၇ ခုနှစ် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်တွင် ထူးထူးခြားခြားဆောင်ရွက်မှုများရှိခဲ့သည်ကို တွေ့ရှိရပါသည်။ ဂုဏ်ထူးဆောင်ဘွဲ့များကို လူပုဂ္ဂိုလ်လေးဦးအား ချီးမြှင့်ခြင်းဖြစ်ပါသည်။ ပထမပုဂ္ဂိုလ်မှာ ရန်ကုန်တက္ကသိုလ်၏ ဒုတိယအဓိပတိဖြစ်သူ ဆာရောဘတ်ဆစ်ဒနီဂျိုင်းလ်စ်(Sir Robert Sidney Giles) ဖြစ်ပါသည်။ ဒုတိယပုဂ္ဂိုလ်မှာ ဘီအိုစီရေနံကုမ္ပဏီ ဒါရိုက်တာ ဆာဂျွန်ကာဂင်လ်(Sir John Cargill) ဖြစ်ပါသည်။ ထိုသူက ဘီအိုစီအင်ဂျင်နီယာကောလိပ် အဆောက်အအုံကို ဆောက်လုပ်ရန် ငွေစတာလင် ပေါင်တစ်သိန်းလှူပါသည်။

တတိယပုဂ္ဂိုလ်မှာ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် ဆောက်လုပ်ရန် ကျပ်နှစ်သိန်းအလှူရှင် ရာဂျာရာမာနာသာရက်ဒီယာ(Raja Ramana Tha Reddiar)ဖြစ်ပါသည်။ စတုတ္ထပုဂ္ဂိုလ်မှာတက္ကသိုလ်ကျောင်းသားများသမဂ္ဂအဆောက်အအုံနှင့် ရန်ကုန်တက္ကသိုလ် လှေလှော်အသင်း တိုက်ဆောက်လုပ်ရန် ကျပ်နှစ်သိန်း အလှူရှင် မြေပိုင်ရှင် ဦးညိုဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်လေးဦးအား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ အယ်လ်အယ်လ်ဒီ (Doctor of Laws) ဘွဲ့များကို ပေးအပ်ချီးမြှင့်ခြင်း ပြုပါသည်။ ရန်ကုန်တက္ကသိုလ်အကျိုးပြုအဆောက်အအုံများ ဆောက်လုပ်နိုင်ရန် ပညာအလှူဒါနပြုကြသူများအား ထိုက်ထိုက်တန်တန် ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း လေ့လာတွေ့ရှိ မှတ်သားမိပါသည်။

၁၉၂၈ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ကျင်းပသောဘွဲ့နှင်းသဘင်တွင် ရန်ကုန်တက္ကသိုလ်အဓိပတိအဖြစ် ဆောင်ရွက်ခဲ့သူ ဆာစပင်ဆာဟာကုတ်ဘတ္တလာ(Sir Spencer Harcourt Buter)ကို ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ကို အပ်နှင်းချီးမြှင့်ပါသည်။

၁၉၃၂ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ကျင်းပသောဘွဲ့နှင်းသဘင်တွင် တက္ကသိုလ် ဒုတိယအဓိပတိဖြစ်ခဲ့သူ ဆာဘင်ဂျင်မင်ဟားဗတ်ဘီးလ်အား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ ချီးမြှင့်သည်။

သာသနာပိုင်ဆရာတော် ဦးဝိသုဒ္ဓနှင့် ခရစ်ယာန်ဘုန်းကြီးရောဘတ်ကာလီဒေးတို့အား ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ချီးမြှင့်သည်။ ထို့အပြင် မြန်မာစာညွှန့်ပေါင်းကျမ်းပြုစုသူ ပညာရှင် ဦးကျော်ဒွန်း၊ အဂ္ဂမဟာပဏ္ဍိတ ဦးမောင်ကြီး၊ ပုဂံယဉ်ကျေးမှုပညာရှင် ဦးတင် (ပုဂံ)နှင့် မစ္စစ်လက်စလီမိုင်း(Mrs. Leslie Milne)တို့အား ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့များချီးမြှင့်ကြောင်း လေ့လာမှတ်သားရပါသည်။ ဤဘွဲ့နှင်းသဘင် ချီးမြှင့်ရာ၌ သာသနာပိုင်ရဟန်းပုဂ္ဂိုလ်တစ်ပါးနှင့် ခရစ်ယာန်ဘုန်းကြီးတစ်ပါးတို့အပြင် အမျိုးသမီးတစ်ဦးလည်း ပါဝင်လာကြောင်း တွေ့ရပါသည်။

၁၉၃၄ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသည့် ဘွဲ့နှင်းသဘင်တွင် ယူနီဗာစီတီကောလိပ် ဓာတုဗေဒ ကထိက ဦးဘအား ဂုဏ်ထူးဆောင် မဟာသိပ္ပံ(M.Sc)ဘွဲ့ အပ်နှင်းချီးမြှင့်သည်။

၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင်ကျင်းပသည့် ဘွဲ့နှင်းသဘင်၌ တက္ကသိုလ် ဒုတိယအဓိပတိ ဦးဆက်အား ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ပေးအပ်ချီးမြှင့်သည်။ ထို့အပြင် ဂျပ်ဆင်ကောလိပ်ကျောင်းအုပ်ကြီး ခရစ်ယာန်ဘုန်းကြီး ဝေါလစ် စိန့်ဂျွန်အား ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ပေးအပ်ချီးမြှင့်သည်။ ထိုဘွဲ့နှင်းသဘင်တွင်ပင် မြန်မာစာပေပညာရှင် ဆရာကြီးဦးပွားအား ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာ(M.A)ဘွဲ့ ပေးအပ်ချီးမြှင့်ကြောင်း တွေ့ရှိမှတ်သားရသည်။

ဒုတိယကမ္ဘာစစ်မီးကြီး မြန်မာနိုင်ငံသို့ ကူးလောင်လာပါသည်။ စစ်ပြီးကာလ ၁၉၄၅ ခုနှစ် လောက်မှစ၍ ရန်ကုန်တက္ကသိုလ် ပြန်လည်ဖွင့်လှစ်သော်လည်း တက္ကသိုလ်ဘွဲ့နှင်းသဘင်များ မကျင်းပနိုင်သေးပါ။

၁၉၄၇ ခုနှစ်တွင် ဥပဒေမဟာဌာနမှူး ပါမောက္ခ ဒေါက်တာဘဟန်၏ ကိုယ်ရေးမှတ်တမ်းတွင် ၎င်းအား ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ (Doctor of Laws) ချီးမြှင့်သည်ဟု ဖော်ပြထားသည်ကို တွေ့ရပါသည်။

၁၉၅၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် စစ်ကြီးအပြီးကာလ ပထမဆုံးပုံမှန်ဘွဲ့နှင်းသဘင် အခမ်းအနားကို ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပခဲ့ပါသည်။ ယင်းဘွဲ့နှင်းသဘင်၌ အင်ဂျင်နီယာ မဟာဌာနမှူး ဒေးဗစ်ပဲဒရင်းဒေးဗီးစ်(David pendril– Davies) အား အဝေးရောက် ဂုဏ်ထူးဆောင်မဟာသိပ္ပံ(M.Sc) ဘွဲ့ကို အပ်နှင်းချီးမြှင့်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

စာမျက်နှာ ၁၉ သို့ ❖

❖ စာမျက်နှာ ၁၈ မှ

၁၉၅၁ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပုံမှန်ကျင်းပသည့်ဘွဲ့နှင်းသဘင်တွင် အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးလင်းအား ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့(M.A)နှင့် ဆရာမကြီးဒေါ်ခင်သိန်းအား ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့(B.A)ပေးအပ်ချီးမြှင့်ပါသည်။ ဒေါ်ခင်သိန်းသည် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသည့် ဒုတိယအမျိုးသမီးတစ်ဦးဖြစ်လာပါသည်။

၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၏အထူးဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ၍ အဂ္ဂမဟာသရေစည်သူ ဆာဘဦး(နိုင်ငံတော်သမ္မတ)နှင့် သတိုးသီရိသုဓမ္မဦးမြ(အထက်လွှတ်တော်)ဥက္ကဋ္ဌတို့အား ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ပေးအပ်ချီးမြှင့်သည်။

၁၉၅၂ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသည့် ပုံမှန်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် တရားဝန်ကြီး ဦးဧမောင်(ဥပဒေပညာကထိကနှင့် တက္ကသိုလ်ဒုတိယအဓိပတိတာဝန်များထမ်းဆောင်ခဲ့သူ) နှင့် ဒေါက်တာထင်အောင် (ပါမောက္ခချုပ် ဒုတိယအဓိပတိတာဝန်များထမ်းဆောင်ခဲ့သူ)ထိုနှစ်ဦးအား ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ အယ်လ်အယ်လ်ဒီ (Doctor of Laws)ဘွဲ့ အပ်နှင်းချီးမြှင့်ခဲ့ကြောင်း တွေ့ရှိမှတ်သားရပါသည်။

ယူနီဗာစီတီကျောင်းအုပ်ကြီး မြန်မာထဲက တက္ကသိုလ်ကျောင်းအုပ်ကြီးဖြစ်ခဲ့သူ ပါဠိနှင့် မြန်မာစာပါမောက္ခတာဝန်များထမ်းဆောင်ခဲ့သူ ဆရာကြီး ဦးဖေမောင်တင်အား ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ချီးမြှင့်ခံရကြောင်း၊ ထို့ပြင် တက္ကသိုလ်ဆရာအတတ်သင်ကောလိပ်ကျောင်းအုပ်ကြီး ပါမောက္ခ ပညာရေးမဟာဌာနမှူး တာဝန်များကိုထမ်းဆောင်ခဲ့သူ ဆရာကြီးဦးဘအားလည်း ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ ချီးမြှင့်ခံရကြောင်း ၎င်းတို့၏ ကိုယ်ရေးမှတ်တမ်းများတွင် ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။



ရန်ကုန်တက္ကသိုလ် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို အပ်နှင်းချီးမြှင့်ခံရသည့် ပုဂ္ဂိုလ် ခုနစ်ဦး။

၁၉၅၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ကျင်းပသည့် ပုံမှန်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်း (မဟာဝိဇ္ဇာ)အား ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ အပ်နှင်းချီးမြှင့်ခဲ့သည်။

၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပသည့် ပုံမှန်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် တရားရေးဝန်ကြီး ဦးဘိုကြီး (တက္ကသိုလ်ဒုတိယအဓိပတိတာဝန်ထမ်းဆောင်ခဲ့သူ)အား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ကို အပ်နှင်းချီးမြှင့်သည်။ စိုက်ပျိုးရေးသိပ္ပံပညာမဟာဌာနမှူးဟောင်း ဦးလှအုန်းအားလည်း ဂုဏ်ထူးဆောင်မဟာသိပ္ပံ(M.Sc)ဘွဲ့ကို အပ်နှင်းချီးမြှင့်သည်။ အဆိုပါ ဘွဲ့နှင်းသဘင်တွင်ပင် ချီးမြှောက်သည့် ကာယဗလ ဖခင်ကြီး ဦးဇော်ဝိတ်နှင့် ဂီတမိခင်ကြီး ဒေါ်စောမြကြည်တို့နှစ်ဦးအားလည်း ဂုဏ်ထူးဆောင် ဝိဇ္ဇာ(B.A)ဘွဲ့များ အပ်နှင်းချီးမြှင့်ခဲ့ပါသည်။ (ကာယပညာနှင့် ဂီတပညာတို့၌ ထူးချွန်ပြောင်မြောက်ကြသူများအား အမှတ်တရ ထိုက်ထိုက်တန်တန် ချီးမြှင့်လိုက်ခြင်းဖြစ်ပါသည်။)

၁၉၅၅ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၏ အထူးဘွဲ့နှင်းသဘင် အခမ်းအနားဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ယူဂိုဆလားဗီးယားနိုင်ငံ သမ္မတ မာရှယ်တီးတိုး အား ဂုဏ်ထူးဆောင်ဥပဒေပါရဂူ (Doctor of Laws) ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း မှတ်သားရပါသည်။

၁၉၅၆ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပသည့် ပုံမှန်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အီသီယိုဘုရင် ဟိုင်လီ ဆေးလက်စီ(Haile Selassie)နှင့် ကမ္ဘောဒီးယားဘုရင် နိုရိုဒုံသီဟာနုတို့အား အဝေးရောက် ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းဘွဲ့နှင်းသဘင်တွင်ပင် ဆာမြဘူး (တက္ကသိုလ် ဒုတိယ အဓိပတိတာဝန်ထမ်းဆောင်ခဲ့သူ)နှင့် ဦးကျော်မြင့် (ဥပဒေပညာ၊ မဟာဌာနမှူး၊ ပါမောက္ခ) တို့အား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ကို လည်းကောင်း၊ မစ္စတာဘဆန်တာ ကူမာ ဟယ်လ်ဒါ (Mr.Brsanta Kumar Haldar)အား ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ ဒီလစ်ဘွဲ့ကိုလည်းကောင်း ချီးမြှင့်ကြောင်း တွေ့ရှိရသည်။

၁၉၅၇ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပသော ပုံမှန်ဘွဲ့နှင်းသဘင်တွင် ဆာအာသာ အဂ္ဂါ(ဥပဒေပညာပါမောက္ခ၊ ရန်ကုန်တက္ကသိုလ် လေ့လျှော်အသင်းကို စတင်တည်ထောင်ခဲ့သူ) အား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ကို အပ်နှင်းခဲ့သည်။ ၁၉၅၇ ခုနှစ် ဘွဲ့နှင်းသဘင်မှတ်တမ်းများတွင် မတွေ့ရသော်လည်း ၎င်းတို့၏ ကိုယ်ရေးမှတ်တမ်းများအရ မြန်မာစာပေပညာရှင် ဦးဘိုလတ်နှင့် ယဉ်ကျေးမှုညွှန်ကြားရေးဝန် ဦးသာမြတ်တို့အား ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့ (M.A)ဘွဲ့၊ တရားဝန်ကြီးဦးသိန်းမောင်အား ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့တို့ကို ရန်ကုန်တက္ကသိုလ်က ချီးမြှင့်သည်ဟု ဖော်ပြပါရှိပါသည်။

၁၉၅၈ ခုနှစ်တွင် ဦးမြင့်(ဥပဒေပညာမဟာဌာနမှူး၊ ပါမောက္ခ)အား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ကို ရန်ကုန်တက္ကသိုလ်ကချီးမြှင့်သည်ဟု ကိုယ်ရေးမှတ်တမ်းအရ သိရှိရသည်။

၁၉၅၈ ခုနှစ်တွင် ဗီယက်နမ်သမ္မတ ဟိုချီမင်းအား ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ချီးမြှင့်သည်ဟုဆိုသည်။

၁၉၆၀ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် အစ္စရေးဝန်ကြီးချုပ် ဒေးဗစ်ဘင်ဂူရီယန်အား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ကို အပ်နှင်းချီးမြှင့်ခဲ့သည်။

## ဒုတိယပိုင်းကာလ(၁၉၆၂ မှ ၂၀၂၀ အထိ)

နိုင်ငံတော် တော်လှန်ရေးကောင်စီအစိုးရသည်၁၉၆၂ ခုနှစ်တွင် "၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေ"ကို ရုပ်သိမ်းခဲ့သည်။ "၁၉၆၄ ခုနှစ် မြန်မာနိုင်ငံတက္ကသိုလ်ပညာရေး ဥပဒေ" ကို ပြဋ္ဌာန်းလိုက်သည်။ ၁၉၆၅ ခုနှစ် မြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးနည်းဥပဒေများကိုလည်း ဆက်လက်ပြဋ္ဌာန်းပါသည်။ ၁၉၇၃ ခုနှစ်တွင်နိုင်ငံတော် တော်လှန်ရေးကောင်စီက ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေကို ရုပ်သိမ်းပြန်သည်။ "၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ် ပညာရေးဥပဒေ" ကို ထပ်မံပြဋ္ဌာန်းထားပါသည်။ ယင်းဥပဒေ အခန်း (၄)တွင် တက္ကသိုလ်လုပ်ငန်းတာဝန်များအနေဖြင့် အောက်ပါအတိုင်း လုပ်ငန်းတာဝန်တစ်ရပ် ပြဋ္ဌာန်းထားသည်ကို တွေ့မြင်မှတ်သားရသည်။

ပုဒ်မ၇။ ။ (င)တက္ကသိုလ်ဘွဲ့များ၊ ဒီပလိုမာလက်မှတ်များ၊ တက္ကသိုလ်စာမေးပွဲ အောင်လက်မှတ်များနှင့် တက္ကသိုလ်ဆိုင်ရာ အခြားပညာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းချီးမြှင့်သည်။

ဤ ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေသည် လက်ရှိတည်ဆဲဥပဒေတစ်ရပ်ဖြစ်ပါသည်။ ဤတည်ဆဲဥပဒေအရ ဒုတိယပိုင်းကာလတစ်လျှောက် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ အပ်နှင်းချီးမြှင့်နေခြင်းတို့ကို ဆက်လက်ဆွေးနွေးတင်ပြသွားပါမည်။

၁၉၆၁ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း ၃၈ နှစ်ကြာကာလမှာ ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ခြင်း ပြုလုပ်သည်ကို မတွေ့ရှိရပါ။ ၂၀၀၀ ပြည့်နှစ်မှစ၍ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (ရန်ကုန်တက္ကသိုလ်)ပညာရေးအဖွဲ့သည် ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းချီးမြှင့်ခြင်းကို ပြန်လည်ဆောင်ရွက်လာကြောင်း လေ့လာတွေ့ရှိရပါသည်။ ဖော်ပြပါ ပညာရေးအဖွဲ့က "ဂုဏ်ထူးဆောင်ဘွဲ့များ" ချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ –

(က) တိုင်းကျိုးပြည်ပြု ဆောင်ရွက်မှုတွင် ထူးထူးခြားခြား စွမ်းစွမ်းတမံ ထင်ထင်ရှားရှားဆောင်ရွက်သူ ဖြစ်ခြင်း၊

(ခ) အများပြည်သူတို့အား အသိဉာဏ်တိုးပွားအောင် ပညာပေးရေးသားပြုစုရာ၌ အထူးကျော်ကြား ထင်ရှားသူဖြစ်ခြင်း၊

(ဂ) လူမှုရေးလုပ်ငန်းများ(ပညာရေး၊ ယဉ်ကျေးမှုတို့အပါအဝင်)နှင့်စပ်လျဉ်း၍ လူငယ်များ၏ စာရိတ္တမြင့်မားရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ တတ်မြောက်ရေးတို့အတွက် ပြုစုပျိုးထောင်ဆောင်ရွက်ရာတွင် အထူးအောင်မြင်ကျော်ကြားသူဖြစ်ခြင်း၊

(ဃ) မြန်မာနိုင်ငံ၏ သမိုင်းရှေးဟောင်းသုတေသနနှင့် အနုပညာရပ်စသည်တို့ကိုဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြန့်ပွားအောင်ဆောင်ရွက်ခြင်း စသည့် အရည်အချင်းများရှိသည့် ထက်မြက်ထူးချွန်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ချီးမြှင့်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၂၀၀၀ ပြည့်နှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ပညာရေးအဖွဲ့က အထူးဘွဲ့နှင်းသဘင် အခမ်းအနားတစ်ရပ်ကျင်းပ၍ ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ (ဒီလစ်ဘွဲ့)ကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ ဆရာတော်နှင့် အလင်္ကာကျော်စွာ မဟာသဒ္ဓမ္မဇောတိက ဆရာကြီး ဦးသုခတို့အား အပ်နှင်းချီးမြှင့်ခြင်းပြုခဲ့ပါသည်။

၂၀၀၂ ခုနှစ် အောက်တိုဘာလ ၁၉ ရက် စနေနေ့ နံနက်ပိုင်းတွင် ကျင်းပသည့် ရန်ကုန်တက္ကသိုလ်၏ (၁၀၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ရန်ကုန်ပညာရေးအဖွဲ့မှ ပါမောက္ခများဖြစ်ကြသော သမိုင်းပါမောက္ခ ဦးကျော်ဝင်း၊ မြန်မာစာပါမောက္ခ ဦးခင်အေး၊ ဒဿနိကဗေဒပါမောက္ခ ဒေါ်တင်တင်ထွန်းနှင့် သင်္ချာပါမောက္ခ ဒေါ်ကြည်ကြည်အောင်တို့အား ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့များကို အပ်နှင်းချီးမြှင့်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက် စနေနေ့တွင်ကျင်းပသည့် ရန်ကုန်တက္ကသိုလ် (၁၀၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြား)ဆရာတော် ဘဒ္ဒန္တမာရာဘိဝံသနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယနှင့် ဂုဏ်ထူးဆောင် ပါမောက္ခဆရာတော် စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဘဒ္ဒန္တဉာဏိဿရတို့နှစ်ပါးအား ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ကို ဆက်ကပ်အပ်နှင်းချီးမြှင့်ခဲ့ပါသည်။

၂၀၀၃ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင်ကျင်းပသော ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်၌ ဥပဒေပါမောက္ခ ဒေါ်သန်းနွဲ့နှင့် သတ္တဗေဒပါမောက္ခ ဒေါ်တင်နွယ်တို့ကို ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့များ အပ်နှင်းချီးမြှင့်ခဲ့သည်။

၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျင်းပသော ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်၌ စိတ်ပညာပါမောက္ခ ဒေါ်ခင်အေးဝင်းကို ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ အပ်နှင်းချီးမြှင့်ခဲ့သည်။

၂၀၀၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျင်းပသော ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်၌ အရှေ့တိုင်းပညာပါမောက္ခ ဒေါ်ခင်သိန်းကို ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့အပ်နှင်းချီးမြှင့်ခဲ့သည်။

၂၀၁၂ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ကျင်းပသော ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်၌ မြန်မာစာအဖွဲ့ဝင် ဦးစံလွင်ကို ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ အပ်နှင်းချီးမြှင့်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၈ ရက် ကြာသပတေးနေ့တွင် ရန်ကုန်တက္ကသိုလ် အထူးဘွဲ့နှင်းသဘင်အခမ်းအနားတစ်ရပ်ကျင်းပ၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြစ်သော–

(၁) ဦးသန်းဦး မြန်မာနိုင်ငံပညာရေးဖောင်ဒေးရှင်းအဖွဲ့ဝင်၊

(၂) ဦးစိုင်းအောင်ထွန်း မြန်မာ့သမိုင်းအဖွဲ့ဝင်၊

(၃) ဒေါ်ရီရီမြင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အဖွဲ့ဝင်၊

(၄) ဒေါ်ကြည်ကြည်လှ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊

(၅) ဦးစိန်မင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊

(၆) ဦးညို မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အဖွဲ့ဝင်၊

(၇) ဒေါ်နော်ဂျူးဖော ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ/ဌာနမှူး

တို့အား ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့တို့ကို အပ်နှင်းချီးမြှင့်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အချုပ်အားဖြင့် ကမ္ဘာ့တက္ကသိုလ်ကြီးများနည်းတူ ရန်ကုန်တက္ကသိုလ်သည် ကြီးမားလှသော ပညာရေးအစဉ်အလာ၊ သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုအစဉ်အလာတို့အရ ၁၉၂၁ ခုနှစ်မှအစပြု၍ ၂၀၂၀ ပြည့်နှစ်မတိုင်မီ ကာလအတွင်း အထက်တွင်ဖော်ပြခဲ့သော ဗုဒ္ဓဘာသာ ရဟန်းတော်ငါးပါး၊ ခရစ်ယာန်ဘုန်းတော်ကြီးနှစ်ပါး၊ နိုင်ငံခြားခေါင်းဆောင်ကြီးငါးဦးနှင့် လူပုဂ္ဂိုလ် ၅၉ ဦး စုစုပေါင်း ၇၁ ဦးတို့အား ဂုဏ်ထူးဆောင်ဘွဲ့ အမျိုးမျိုးတို့ကို ပုံမှန်ကျင်းပသော ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်၌ လည်းကောင်း၊ အထူးဘွဲ့နှင်းသဘင် ခေါ်ယူကျင်းပသော အခမ်းအနား၌လည်းကောင်း ထိုက်ထိုက်တန်တန် ဆက်ကပ်ခြင်း၊ အဝေးရောက်အပ်နှင်းခြင်း၊ ပေးအပ်ချီးမြှင့် ဂုဏ်ပြုခြင်းတို့ကို ဆောင်ရွက်ဖြစ်ခဲ့ကြောင်း ရရှိနိုင်သမျှသော အထောက်အထားများ အရ ယခုကဲ့သို့ ဆွေးနွေးတင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ဤကောင်းမြတ်လှသော အစဉ်အလာမင်္ဂလာတစ်ပါးကို အမြဲတစေ ရှင်သန်နေစေရန် ရန်ကုန်တက္ကသိုလ် ရာပြည့်ကာလမှစ၍ ရှေ့ဆက်လက်ထိန်းသိမ်းကြိုးပမ်း ဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသတည်း။ ။

## ဆောင်းပါးရှင် ဆရာကြီး ဒေါက်တာသန်းဦး၏ ကိုယ်ရေးအကျဉ်း

| | |
|---|---|
| ၁၉၅၀ | ရန်ကုန်တက္ကသိုလ် ဘီအေ(အီးဒီ)ဘွဲ့ |
| ၁၉၅၄ | ကျောင်းအုပ်ကြီး၊ အထက၊ ပုတီးကုန်း၊ ပြည်ခရိုင် |
| ၁၉၆၀ | ဘီအီးဒီဘွဲ့ မဟာသရေစည်သူ ဒေါက်တာဦးဘ၏ ပထမရွှေတံဆိပ်ဆုကို ဝန်ကြီးချုပ် ဦးနုက ချီးမြှင့်ခဲ့ |
| ၁၉၆၀ | ကျောင်းအုပ်ကြီး၊ အထက၊ အုတ်ဖို၊ သာယာဝတီ ခရိုင် |
| ၁၉၆၃ | အမ်အီးဒီဘွဲ့(အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီ တက္ကသိုလ်) |
| ၁၉၆၃ | လက်ထောက်အုပ်ချုပ်ရေးမှူး၊ ပညာမင်းကြီးရုံး |
| ၁၉၆၄–၁၉၆၅ | ကျောင်းအုပ်ကြီး၊ ပုသိမ်ဆရာအတတ်သင်ကျောင်း |
| ၁၉၆၆–၁၉၇၇ | လက်ထောက်သုတေသနအရာရှိမှ ဥက္ကဋ္ဌ ရာထူးအထိထမ်းဆောင် (မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့/ဦးစီးဌာန) |
| ၁၉၇၇–၁၉၈၅ | ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန |
| ၁၉၉၉ | မြန်မာနိုင်ငံ ပညာရေးဌာန သမိုင်းစာအုပ်ဖြင့် (အမျိုးသားစာပေဆုရ) |
| ၁၉၉၉–၂၀၁၃ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ |
| ၁၉၉၉–ယနေ့အထိ | ဥက္ကဋ္ဌ၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ |
| ၁၉၉၉–ယနေ့အထိ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာန |
| ၂၀၁၅–ဇန်နဝါရီ | ရန်ကုန်တက္ကသိုလ် Doctor of Letters (Honoris Causa)ဘွဲ့ |
| ၂၀၁၅–မေ | အမေရိကန်နိုင်ငံ၊ ဟာဝိုင်ရီတက္ကသိုလ် Doctor of Humane Letters,(Honoris Causa)ဘွဲ့ |
| ၂၀၁၅–ဇွန် | နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် |
| ၂၀၁၈ | ပခုက္ကူ ဦးအုံးဖေတစ်သက်တာစာပေဆုရ |

# နိုင်ငံတစ်ဝန်းရှိ မဲရုံအသီးသီး၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးမှုမြင်ကွင်း

နိုဝင်ဘာ ၈ ရက်က ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် နိုင်ငံတစ်ဝန်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ မဲရုံအသီးသီး၌ မဲဆန္ဒရှင်များက ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဆန္ဒမဲများ ပေးခဲ့ကြသည်။


ကျောက်တံတားမြို့နယ်
ဓာတ်ပုံ-စိုးမြင့်အောင်


တပ်ကုန်းမြို့
ဓာတ်ပုံ-တင်စိုးလွင်(ပြန်/ဆက်)


ညောင်ဦးမြို့နယ်
ဓာတ်ပုံ-ကိုထိန် (ပြန်/ဆက်)


ကွတ်ခိုင်မြို့နယ်
ဓာတ်ပုံ-ကိုမိုင်း(ပြန်/ဆက်)


ပုလဲမြို့နယ်
ဓာတ်ပုံ-မြင့်သိန်းစိုး(ပြန်/ဆက်)


သာကေတမြို့နယ်
ဓာတ်ပုံ-မြင့်မောင်


လားရှိုးမြို့
ဓာတ်ပုံ-ဇာဏီအောင်(လားရှိုး)


ကံမမြို့နယ်
ဓာတ်ပုံ-ကျော်ဇေယျဝင်း(ကံမ)

# ပြည်ကြီးတံခွန်မြို့နယ်၌ ရွေးကောက်ပွဲရလဒ်များထုတ်ပြန်ကြေညာနိုင်ရန် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ အသိအမှတ်ပြုလက်မှတ်ရေးထိုး

**ပြည်ကြီးတံခွန် နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး၏ ရလဒ်များ ထုတ်ပြန်ကြေညာနိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ အသိအမှတ်ပြု လက်မှတ်ရေးထိုးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိအမှတ်ပြုလက်မှတ်ရေးထိုးပွဲတွင် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်သန်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမင်းစိုးနိုင်က ရွေးကောက်ပွဲရလဒ်များ အသိအမှတ်ပြုလက်မှတ်ရေးထိုးနိုင်ရေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီမှ တာဝန်ရှိသူများနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ရွေးကောက်ပွဲရလဒ်များအား အသိအမှတ်ပြု လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ယမန်နေ့တွင် ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် နိုင်ငံရေးပါတီ ခြောက်ခုမှ ကိုယ်စားလှယ်ခြောက်ဦး၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အတွက် နိုင်ငံရေးပါတီငါးခုမှ ကိုယ်စားလှယ်ငါးဦး၊ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ်(၁)တွင် နိုင်ငံရေးပါတီခြောက်ခုမှ ကိုယ်စားလှယ်ခြောက်ဦး၊ တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)တွင် နိုင်ငံရေးပါတီ ခြောက်ခုမှ ကိုယ်စားလှယ်ခြောက်ဦးနှင့် ရှမ်းတိုင်းရင်းသား လူမျိုးမဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လေးဦး စုစုပေါင်း ကိုယ်စားလှယ် ၂၇ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)





# ဇီးကုန်းမြို့နယ်၌ ရွေးကောက်ပွဲရလဒ်များထုတ်ပြန်ကြေညာနိုင်ရေး လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသော မဲစာရင်းအား အတည်ပြုလက်မှတ်ရေးထိုး

**ဇီးကုန်း နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ယမန်နေ့က ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ၌ ရွေးကောက်ပွဲ ရလဒ်ထုတ်ပြန်နိုင်ရေးအတွက် လွှတ်တော်အသီးသီးတွင် အရွေးခံလွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီရရှိသည့် ခိုင်လုံမဲများ ပြုစုထားသော ပုံစံ(၁၉)နှင့် ပုံစံ(၁၉-က) စာရင်းများကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်မှတ်ရေးထိုး အတည်ပြုခဲ့ကြသည်။

လက်မှတ်ရေးထိုးရာတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်နှစ်ဦး၊ လွှတ်တော် ကိုယ်စားလှယ်လောင်း (သို့မဟုတ်) ရွေးကောက်ပွဲ ကိုယ်စားလှယ်များနှင့် အသိသက်သေများ စုစုပေါင်း ၁၂ဦး က ရွေးကောက်ပွဲမဲရလဒ်များကို အတည်ပြုလက်မှတ်ရေးထိုး ခဲ့ကြသည်။

**ပြောကြား**

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်မိုးဦးက ပုံစံ(၁၉)သည် လွှတ်တော်သုံးရပ်ဖြစ်သော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များဖြစ်ပြီး ပုံစံ(၁၉-က)သည် တိုင်းရင်းသားလူမျိုးလွှတ်တော်အတွက် ဖြစ်ကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသော ခိုင်လုံမဲများကို ထုတ်ပြန်ကြေညာနိုင်ရေးအတွက် အတည်ပြုလက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

တင့်ဆွေ(ပြန်/ဆက်)

# ကျိုက်မရောမြို့နယ်၌ ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာနိုင်ရေး လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသော မဲစာရင်းအား အတည်ပြုလက်မှတ်ရေးထိုး

**ကျိုက်မရော နိုဝင်ဘာ ၉**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ယမန်နေ့က ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ၌ ရွေးကောက်ပွဲရလဒ် ထုတ်ပြန်နိုင်ရေးအတွက် လွှတ်တော်အသီးသီးတွင် အရွေးခံလွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ခိုင်လုံမဲများပြုစုထားသော ပုံစံ(၁၉)နှင့် ပုံစံ(၁၉ - က)စာရင်းများကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သက်ဆိုင်ရာတာဝန်ရှိသူများက လက်မှတ်ရေးထိုး အတည်ပြုခဲ့ကြသည်။

ထိုသို့လက်မှတ်ရေးထိုးရာတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်နှစ်ဦး၊ လွှတ်တော်ကိုယ်စားလှယ်လောင်း(သို့မဟုတ်) ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အသိသက်သေများစုစုပေါင်း၁၂ဦးတို့က ရွေးကောက်ပွဲမဲရလဒ်များကို အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ချိုချို(ပြန်/ဆက်)



# မက်မန်းမြို့နယ်၌ ပြည်သူများ လုံခြုံစိတ်ချစွာ ဆန္ဒမဲများ စနစ်တကျပေး

**မက်မန်း နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းမြို့နယ်တွင် ယမန်နေ့ နံနက် ၆ နာရီမှစတင်ပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့သည်။

ထိုသို့ကျင်းပရာ မက်မန်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာပေါင်း ၉၇ ရွာနှင့် ရပ်ကွက်နှစ်ရပ်ကွက်တွင် မဲရုံပေါင်း ၄၃ ရုံတို့၌ မဲဆန္ဒရှင် စုစုပေါင်း ၁၁၆၀၈ ဦး ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

မဲရုံအမှတ်(၁)၊ မဲရုံအမှတ်(၂)နှင့် ကွန်ဟောင်းကျေးရွာတို့တွင် ဆန္ဒမဲပေးရန် လာရောက်ကြသည့် ပြည်သူများအား နှာခေါင်းစည်းများဖြန့်ဝေပေးခြင်း၊ ကိုယ်အပူချိန် တိုင်းတာခြင်း၊ ရေမလိုလက်သန့်ဆေးရည်များဖျန်းပေးကာ လက်ဆေးစေခြင်းနှင့် လူစုလူဝေးမဖြစ်စေရန် စနစ်တကျ ခြောက်ပေခွာတန်းစီစေပြီး မဲရုံသို့ ဝင်ရောက်မဲပေးစေခဲ့ကြောင်း သိရသည်။

မက်မန်း(ပြန်/ဆက်)

# ဘားအံမြို့နယ်၌ ရွေးကောက်ပွဲမဲရလဒ်အဖြေများ ထုတ်ပြန်ကြေညာနိုင်ရန် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ အသိအမှတ်ပြုလက်မှတ်ရေးထိုး



**ဘားအံ နိုဝင်ဘာ ၉**

ဘားအံမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲရလဒ်အဖြေများ ထုတ်ပြန်ကြေညာနိုင်ရန် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အသိအမှတ်ပြုလက်မှတ်ရေးထိုးခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက ဘားအံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

**လက်မှတ်ရေးထိုး**

မဲရုံပိတ်သိမ်းချိန်မှစ၍ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲလက်မှတ်များကို ရေတွက်ခဲ့ရာ ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရေတွက်ပြီးစီး၍ ထုတ်ပြန်ကြေညာနိုင်ရန် နိုင်ငံရေးပါတီ ကိုယ်စားလှယ်များအား အသိအမှတ်ပြုလက်မှတ်ရေးထိုးစေပြီး ဘားအံမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသောင်းထွန်း၊ အတွင်းရေးမှူး ဦးစောထက်လင်းဦး၊ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တက်ရောက်၍ အသိသက်သေပြု လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# ဟသ်ာတမြို့နယ်၌ ဆန္ဒမဲလက်မှတ်များနှင့် ပုံစံ(၁၆)စာရင်းများ လာရောက်အပ်နှံ

**ဟသ်ာတ နိုဝင်ဘာ ၉**

ဟသ်ာတမြို့နယ်အတွင်း သက်ဆိုင်ရာမဲဆန္ဒနယ်များရှိ မဲရုံများမှ မဲဆန္ဒရှင် ပြည်သူများ၏ ဆန္ဒမဲလက်မှတ်များနှင့် ပုံစံ(၁၆)စာရင်းများကို ယနေ့ နံနက် ၅ နာရီအထိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုသို့ လာရောက်အပ်နှံရာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မဲလက်မှတ်ထည့်ထားသည့်အိတ်များကို ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်ခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက လက်ခံစစ်ဆေးရယူခဲ့ကြောင်း သိရသည်။ ကျော်ကျော်(ပြန်/ဆက်)



# ချင်းရွှေဟော်မြို့၌ အများပြည်သူများ ငြိမ်းချမ်းစွာ ဆန္ဒမဲပေး

**ချင်းရွှေဟော် နိုဝင်ဘာ ၉**
ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့၌ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ယမန်နေ့ နံနက် ၆ နာရီမှစတင်၍ မဲရုံများဖွင့်လှစ်ပြီး အများပြည်သူများက ငြိမ်းချမ်းစွာ ဆန္ဒမဲများ ပေးခဲ့ကြသည်။



ဆန္ဒမဲပေးရာတွင် မဲရုံအသီးသီး၏ မဲရုံတာဝန်ရှိသူများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ မဲဆန္ဒရှင်ပြည်သူများအား ကိုယ်ပူချိန်တိုင်းခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်သန့်စင်စေခြင်း၊ နှာခေါင်းစည်းများဖြန့်ဝေပေးခြင်းနှင့် မဲဆန္ဒရှင်ပြည်သူများ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာဖြင့် ဆန္ဒမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ချင်းရွှေဟော်မြို့၌ မဲရုံသုံးရုံရှိပြီး မဲဆန္ဒရှင်စာရင်းများအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမှတ်-၁ ရပ်ကွက်တွင် ၄၆၃ ဦး၊ အမှတ် -၂ ရပ်ကွက်တွင် ၉၂၁ ဦး၊ အမှတ်-၃ ရပ်ကွက်တွင် ၆၇၈ ဦးရှိပြီး စုစုပေါင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၀၆၂ ဦးရှိကြောင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

# ပဲခူးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေး

**ပဲခူး နိုဝင်ဘာ ၉**
ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယမန်နေ့နံနက် ၆ နာရီမှစတင်ကာ တစ်ပြည်လုံးအတိုင်းအတာဖြင့် ကျင်းပခဲ့ရာ ပဲခူးမြို့နယ်အတွင်းရှိ မဲရုံအသီးသီးတွင်လည်း ပြည်သူများ ဆန္ဒမဲများပေးခဲ့ကြောင်း သိရသည်။

ပဲခူးမြို့၌ ဆန္ဒမဲပေးခွင့်ရှိသော ပြည်သူများသည် နံနက် ၅ နာရီမှစ၍ မိမိတို့သက်ဆိုင်ရာ မဲဆန္ဒနယ် မဲရုံများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ဆန္ဒမဲများ ပေးခဲ့ကြသည်။

ပဲခူးမြို့နယ်တွင် မဲရုံပေါင်း ၂၀၆ ရုံရှိပြီး ဆန္ဒမဲပေးခွင့်ရှိသူ ၃၉၆၇၁၁ ဦးနှင့် တိုင်းရင်းသားဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၁၆၃၉ ဦး၊ မသန်စွမ်းဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၇၁၁ ဦးရှိပြီး ပါတီ ကိုးခု၊ ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ် ၃၄ ဦး ရှိကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**



# ထားဝယ်မြို့နယ်၌ ပြည်သူများ ဆန္ဒမဲပေး



**ထားဝယ် နိုဝင်ဘာ ၉**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ယမန်နေ့က ကျင်းပခဲ့ရာ ပြည်သူများက အေးချမ်းစွာ ဆန္ဒမဲများ ပေးခဲ့ကြသည်။

ထားဝယ်မြို့နယ်အတွင်းမှ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီလိုက်နာ၍ တစ်ဦးနှင့်တစ်ဦး ခြောက်ပေကွာဖြင့် တန်းစီစောင့်ဆိုင်းစေပြီး နှာခေါင်းစည်းများဖြန့်ဝေပေးခြင်း၊ မဲရုံအဝင်တွင်လည်း အပူချိန်တိုင်းခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးစေခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

ထားဝယ်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၄၃ အုပ်စု၌မဲရုံပေါင်း ၁၀၄ ရုံ ဖွင့်လှစ်ထားရှိရာ တာဝန်ထမ်းဆောင်သည့် မဲရုံဝန်ထမ်း ၁၇၇၂ ဦး၊ မဲဆန္ဒရှင်ဦးရေ ၁၃၄၇၂၀ ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# Myanmar Tradenet 2.0 စနစ် အသုံးပြု၍ ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ်များ လျှောက်ထားနိုင်

**ရန်ကုန် နိုဝင်ဘာ ၉**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် လက်ရှိဆောင်ရွက်လျက်ရှိသော ကုန်သွယ်မှုနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များအား အဆင့်မြှင့်တင်ထားသည့် Myanmar Tradenet 2.0 စနစ်ကိုအသုံးပြု၍ ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ်များ လျှောက်ထားနိုင်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ သိရသည်။

**လျှောက်ထားနိုင်**

အဆိုပါ Myanmar Tradenet 2.0 တွင် ပို့ကုန်သွင်းကုန်ဆိုင်ရာ ဝန်ဆောင်မှုများကို အွန်လိုင်းမှတစ်ဆင့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းတို့ ပြုလုပ်နိုင်မည်ဖြစ်သည်။ ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ်များ လျှောက်ထားနိုင်ရန်အတွက် ပထမဦးစွာ Tradenet 2.0 အသင်းဝင်ဖြစ်ရန်လိုအပ်ကာ အသင်းဝင်ဖြစ်ပြီးပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်း(ပသက) လျှောက်ထားနိုင်မည်ဖြစ်၍ ပသကရရှိပြီးပါက ပို့ကုန်သွင်းကုန်လိုင်စင် ပါမစ်များအား ဆက်လက်လျှောက်ထားနိုင်ကြမည်ဖြစ်သည်။

ကုန်သွယ်မှုနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များအား အဆင့်မြှင့်တင်ထားသည့် Myanmar Tradenet 2.0 စနစ်တွင် ဆောင်ရွက်နိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်နှင့် ဆက်စပ်ကတ်များ၊ ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ်၊ လိုင်စင်အတွက်လိုအပ်သည့် ထောက်ခံချက်ပေးသည့် အစိုးရဌာနများ၊ အဖွဲ့အစည်းများမှ စနစ်အတွင်းဝင်ရောက်အသုံးပြုနိုင်ခြင်း၊ ကုန်သွယ်မှုဆက်စပ်ဌာနများနှင့် အီလက်ထရွန်နစ်ဒေတာ အပြန်အလှန်ချိတ်ဆက်ပေးပို့နိုင်ခြင်း၊ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်(CO)Form များ ထုတ်ပေးခြင်း စသည့်လုပ်ငန်းရပ်များအား အွန်လိုင်းမှ လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ သိရသည်။

**ကျင်းပ**

Myanmar Tradenet 2.0 စနစ်အား နိုဝင်ဘာ ၁ ရက်မှစတင်၍ အဆင့်လိုက်လွှင့်တင်လျက်ရှိရာ စနစ်အသုံးပြုမှုနှင့်ပတ်သက်၍ ကုန်သည်လုပ်ငန်းရှင်များထံ ဒုတိယအကြိမ် အသိပညာပေးရှင်းလင်းခြင်းကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက Virtual Online စနစ်ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

**စိုးမြင့်အောင်**

# လောင်းလုံးမြို့နယ်၌ ပြည်သူများ ဆန္ဒမဲပေး

**လောင်းလုံး နိုဝင်ဘာ ၉**
လောင်းလုံးမြို့နယ်၌ ယမန်နေ့က ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ မဲရုံအသီးသီးတွင် နံနက် ၆ နာရီမှစတင်၍ ပြည်သူများ ဆန္ဒမဲအေးချမ်းစွာ လာရောက်ပေးခဲ့ကြသည်။

မဲရုံအသီးသီးသို့ လာရောက်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင် ပြည်သူများအား ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆန္ဒမဲပေးနိုင်ရန် မဲရုံတာဝန်ရှိသူများက အဖျားတိုင်းခြင်း၊ ရေမလိုလက်သန့်ဆေးရည်များဖြင့် လက်သန့်စင်စေခြင်း၊ နှာခေါင်းစည်းများ ဝေငှခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေကွာဖြင့် နေရာချပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့ရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

လောင်းလုံးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူ ၁၂၇၅၇၄ ဦး၊ မဲရုံပေါင်း ၁၁၂ ရုံရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**သိန်းသိန်း (ပြန်/ဆက်)**



# ဈေးချိုနေ့ပွဲ

## ဆူးငှက်

ကောင်းကင်တစ်ခုလုံး မိုးသားတိမ်လိပ်တွေနဲ့ ပိတ်ဖုံးနေတယ်။ ဂျိုးဂျိုးဂျိမ့်ဂျိမ့် မိုးခြိမ်းသံတွေလည်း ကောင်းကင်ကနေရာအနှံ့...။ နေရောင်က ဘယ့်နှယ်လုပ်ဖြန့်ကြက်နိုင်မှာလဲ...။ မှောင်မည်းလုလု...။ မိုးတွေမည်း မိုးတွေ ထစ်ချုန်းနေသလောက် မိုးကတော့ ဝုန်းဒိုင်းကြဲ သဲသဲမဲမဲ မရွာသေးပါဘူး။ ခပ်ဖွဲဖွဲလေးတော့ ကျနေပါ သေးတယ်။ မနက်မလင်းခင်ကတည်းက ရွာနေတဲ့မိုးကြောင့် မန္တလေးဟာ ထုံးစံအတိုင်း ဘာအလုပ်မှ မလုပ်တော့ဘူးပေါ့။ ကတ္တရာလမ်းပေါ်မှာ မသွားမဖြစ်လူတွေ၊ စက်ဘီးတွေ၊ ဆိုက်ကားတွေ၊ မြင်းလှည်းတွေပဲရှိတယ်။ ကျွန်တော်တို့ အမှတ်(၁)အထက်တန်းကျောင်းကလည်း အတန်းပိုင်ဆရာမ ဒေါ်ခင်မြမြအေးက မိုးရွာပြီး ကျောင်းသားမစုံတော့ အတန်းဆင်းပေးလိုက်ပါပြီ။ ဒါကြောင့် ထမင်းစားကျောင်းမှာ ကျွန်တော်တို့လည်း မိုးဖွဲဖွဲမှာ အိမ်ပြန်ကြရပါတော့တယ်။

**တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့**

သူငယ်ချင်းတွေက မစိုးရိမ်ရုပ်ရှင်ရုံမှာ ရုပ်ရှင်ဝင်ကြည့်ရအောင်လို့ အဖော်ညှိတယ်။ တချို့က ရေနီမြောင်းသွားပြီး ရေချိုးကြရအောင်တဲ့။ တချို့က နန်းတွင်းသွားရေကူးကြမယ်ပြောတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ သူတို့ပြောတဲ့နေရာ တစ်နေရာကိုမှ စိတ်မဝင်စားဘူး။ ကျွန်တော်သွားချင်တဲ့နေရာက တစ်နေရာ။ ဘယ်သူလိုက်လိုက် မလိုက်လိုက် ကျွန်တော်ကတော့ အဲဒီနေရာပဲသွားမယ်။ တကယ်ဆို မနက်ကတည်းက ကျွန်တော်ကျောင်းသွားချင်လှတာ မဟုတ်ဘူး။ ဆရာမကို ကြောက်လို့ သာ သွားရတာ။ အခုလို ကျောင်းဆင်းပေးလိုက်တော့ ပျော်လိုက်တာမပြောပါနဲ့တော့။ ဒီကနေ့ တန်ဆောင်မုန်းလဆန်း ၇ရက်နေ့ မဟုတ်လား။

ဈေးချိုထဲမှာ ဒီနေ့ ကထိန်တွေ အများကြီးရှိတယ်။ အေရုံ၊ ဘီရုံ၊ ရွှေဆိုင်တန်း၊ ပန်းတန်း၊ တောင်မလွယ်၊ ဂျီရုံနဲ့ မုန့်စုံတန်းမှာ ကထိန်တွေရှိတယ်။ မိုးအေးအေးမှာ ဈေးချိုရုံတွေထဲကထိန်မှာ ကပြကြမယ့်အငြိမ့်တွေကို သိပ်ကြည့်ချင်ပါတယ်။ ဘယ်ရုံ၊ ဘယ်အတန်းမှာ ဘယ်သူ့အငြိမ့်ရှိမလဲ မသိဘူး။ ဒါကြောင့် ဘီလမ်းအတိုင်း ခပ်သွက်သွက်လျှောက်ပြီး ခန်းမ(၂)အောက်ကနေ တောင်ဘက်ကိုအပြေးအလွှားဝင်လိုက်ပါတယ်။ စီရုံဘေးက အုန်းထမင်းဆိုင်တွေနားရောက်တော့ အေရုံထဲမှာ'မြို့မ' ရှိသတဲ့။ ဒါကြောင့် အေရုံဘက် သုတ်ခြေတင်ရတာပေါ့။

**မန်းမြို့တွင် နတ်နန်းသဖွယ်**

ဈေးချို အေရုံဆိုတာ ဆန်နဲ့ ကောက်ပဲသီးနှံရောင်းတဲ့ရုံကြီးပါ။ မြောက်ဘက်တန်း အနောက်ဘက်ဆုံးမှာ ရှိပါတယ်။ အခြားရုံတွေနဲ့ မတူတာက ရုံကြီးတစ်ရုံလုံး ဆိုင်ခန်းအကန့်တွေ ခုံတွေမရှိဘူး။ Hall ပုံစံ ရုံကြီးပါပဲ။ ပဲအိတ်တွေ၊ ဆန်အိတ်တွေ၊ အထပ်လိုက်စီထားတာတွေပဲရှိတယ်။ ရုံထဲဝင်လိုက်တော့ 'မြို့မ'တူရိယာအသင်းက တီးမှုတ်တောင်နေပါပြီ။ ပရိသတ်ကလည်း အများကြီး မဟုတ်ဘူး။ ခပ်ငြိမ့်ငြိမ့်လေး တီးမှုတ်နေတာက ရုံကြီးထဲမှာဆိုတော့ ဟည်းလို့ပေါ့။ ပရိသတ်ကြား တိုးဝင်ကြည့်လိုက်တော့ အဆိုတော်တစ်ယောက်က 'ဘုတ်တလုတ်ကန်'ဆိုတဲ့ သီချင်းကို သီဆိုနေပါတယ်။

ရှေးရှေးတုန်း ခေတ်ကရယ်<br>
မန်းမြို့တွင်<br>
နတ်နန်းသဖွယ်...<br>
ထင်ယောင်မြင်သေး<br>
ဘုရင်သွေး<br>
ပျော်ကြတယ်...တဲ့။

သီဆိုသံက အသံခပ်ပါးပါးလေး။ ဒါပေမယ့် အဆိုကပါးနပ်လှပါတယ်။ ကိုယ်ဟန်နွဲ့နွဲ့။ အဝတ်အစားက ခပ်ယဉ်ယဉ်။ တစ်ပတ်လျှိုဆံထုံးလေးနဲ့။ ထူးခြားတာက မျက်လုံးလေး မှေးစင်းနေခြင်းပါ။ သူ..သူ့ကို မြင်ဖူးတယ်။ မြင်ဖူးတယ်။ ဘယ်သူပါလိမ့်...ဘယ်သူပါလိမ့်။ ဒီအသံနဲ့ ဘုတ်တလုတ်ကန်၊ ဒီမျက်ဝန်း မှေး စင်း...။ အား...ဒါဆိုရင် သူဟာ အဆိုတော် 'ထား' ပဲပေါ့။ ဟုတ်တယ်။ 'ထား'ပါပဲ။

**သီသံ ဆိုသံ တီးသံ မှုတ်သံတွေ**

အဲဒီတုန်းက အဆိုတော်ထားတို့ မိသားစုက မန္တလေး စိန်ပန်းရပ်ထဲမှာနေကြပါတယ်။

မိုးကခပ်ဖွဲဖွဲလေးရွာနေပြီ။ ဒါပေမယ့် ဝုန်းဒိုင်းကြဲ မဟုတ်သေးဘူး။ အသံမထွက်ဘဲ ရွာနေတဲ့မိုး။ ဒါကြောင့် အေရုံထဲက မြို့မတီးဝိုင်းရဲ့ သီသံ ဆိုသံ တီးသံ မှုတ်သံတွေကို အနှောင့်အယှက်မဖြစ်ပါဘူး။ အနှောင့်အယှက် မဖြစ်ရုံမက အေးအေးဆေးဆေး သက်သက်သာသာပါပဲ။ အဆိုပိုဒ်မှာ မြို့မဦးငြိမ်းလေးရဲ့ တယောလေးက နွဲ့နွဲ့လေး အပီလိုက်ပေးပါတယ်။

"...ထိုအချိန်ဝယ် လတပေါင်းမို့<br>
ညှာညောင်း ပြောင်းတယ်<br>
ဟောင်းရွက်ညှာကြွေသံ<br>
ပဥ္စသိမောင် စောင်းသံညှင်းသလို<br>
ဘဝင်အေး ပိုမို<br>
နဝင်တေး ချိုချို၊ ရွှေနန်းတော်တွင်း ကြာမျိုး သင်းတယ်။<br>
ဘုတ်တလုတ်ခေါ် ကန်တော်တွင်းမယ်<br>
အပေါင်းအဖော်များရယ်<br>
နုနုပြုံးပြုံး သနားစဖွယ်<br>
စုစုရုံးရုံး များရယ်<br>
တူတူပုန်းတမ်း ကစားကြပါသတဲ့ကွယ်..." တဲ့။

အဲဒီနေ့က အဆိုတော်'ထား'ကလည်း သီချင်း အများကြီးဆိုသွားတယ်။ သန်းမြတ်စိုးကလည်း လူမိုက်နှင့်ငွေတို့၊ ပြည်တော်ဝင်တို့၊ တောင်ပြုန်းတို့ သီချင်းတွေ ဆိုသွားတယ်။

**အပြိုင်အဆိုင် အငြိမ့်ခံကြတဲ့ပွဲ**

ကျွန်တော်တော့ အခုလို ကထိန်ပွဲရာသီရောက်ရင် ဈေးချိုထဲက ကထိန်တွေကို သိပ်သတိရတာပဲ။ တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့ရယ်၊ လဆန်း ၁၃ ရက်နေ့ရယ်ဆို အစည်ဆုံးပါပဲ။ ဟိုရုံက သည်ရုံ၊ ဟိုအတန်းက သည်အတန်း ကူးကူးပြီး ပွဲကြည့်ကြရုံပါပဲ။ ဈေးချိုလို ထိပ်တန်းနေရာမှာ နေ့လယ်ပွဲ တစ်ချိန်တည်း 'က'ကြရတော့ အဝတ်အစားကအစ ခိုလို့မရဘူး။ အားကြိုးမာန်တက် 'က'ကြရတာပေါ့။ ဈေးချိုမှာ ပြောစမှတ် ဖြစ်ကျန်ရစ်တာ ကထိန်ပွဲတွေပါ။ အရောင်းအဝယ်သမား မြို့မျက်နှာဖုံး ရှာနေပြည်ထိုင်များဆိုတော့ အလှူအတန်းကလည်း ရက်ရောကြတယ်။ ကထိန်တွေမှာ အပြိုင်အဆိုင် လှူကြတန်းကြပါတယ်။ ဒါကြောင့် ဈေးချိုကထိန်ဆိုတာ အကြီးအကျယ်လှူကြတန်းကြတဲ့ ပွဲပါ။ အပြိုင်အဆိုင် အငြိမ့်ခံကြတဲ့ ပွဲပါ။

ဈေးရောင်းရင်း...လာသမျှလူညှော့်ခံရင်း၊ ရုံထဲမှာ လှူဖွယ်ဥ_တ်မကြီးကို ခင်းကျင်းပြီး ဆိုင်ပေါ်ကနေ အငြိမ့်ကြည့်ကြရတဲ့ နေ့ခင်းပွဲဆိုတာ မြန်မာပြည်မှာဒီတစ်ပွဲတည်းရှိမှာပါ။ ရုံထဲမှာ ရောင်းချကြတဲ့ဈေးသည်တွေနဲ့ အငြိမ့်မင်းသမီးတွေနဲ့ လူရွှင်တော်တွေဆိုတာ အသိအကျွမ်းတွေချည်းဆိုတော့ စင်ပေါ်ကနေ စကြ၊ ပြောင်ကြ၊ နောက်ကြနဲ့ ပျော်စရာကြီးပါ။ မန္တလေးရဲ့ နာမည်ကြီးအငြိမ့်တွေဖြစ်တဲ့ သစ်လွင်တို့၊ ရတနာပုံတို့၊ လမင်းတရာတို့၊ ရွှေရတနာတို့၊ အောင်မြေအေးတို့၊ မြို့တော်တို့ကို တစ်ရက်တည်း တစ်နေရာတည်း ဟိုစင် သည်စင် ကူးပြီးကြည့်ရပါတယ်။

**ရွှေဆိုင်တန်း ကထိန်**

နောက်ပိုင်းနှစ်တွေရောက်တော့ မန္တလေးသိန်းဇော် နာမည်ကြီးလာတဲ့အခါ ရွှေဆိုင်တန်းကထိန်ဆိုရင်နှစ်တိုင်းလာပြီး ကပြလေ့ရှိတယ်။ မန္တလေးသိန်းဇော် နာမည်ကြီးတာနဲ့ တစ်ချိန်တည်း မန္တလေးShell တီးဝိုင်းက အမြဲပါတယ်။ အဲဒီနေ့ဆိုရင် အလယ်ပေါက်ကြီးတစ်ခုလုံး တစ်ညှပ်ပိတ်ဆို့သွားတော့တာပေါ့။ ဒီလိုပါပဲ သစ်သီးတန်းကထိန်အတွက် ဈေးရုံအရှေ့ဘက်မှာ Shell ပါတယ်ဆိုရင် သစ်သီးတန်း၊ ထိုးမုန့်တန်းမှာ လူတွေ ပိတ်ဆို့သွားလိုက်တာ သံဖြူတန်းကြီးအထိ ရောက်ရော...။ အဲဒီနောက်ပိုင်း ဈေးချိုကထိန်တွေမှာ မန္တလေးအငြိမ့်တွေ၊ မြို့မလို တီးဝိုင်းတွေအပြင် ခေတ်ပေါ် စတီရီယိုဝိုင်းတွေပါ နေရာယူလာပါပြီ။ ၁၉၈၀နဲ့ ၈၇ အကြားကာလတွေပေါ့။ စတီရီယိုဝိုင်းတွေက နောက်ပိုင်းမှာ ရန်ကုန်က နာမည်ကျော် အဆိုတော်တွေ၊ ရုပ်ရှင်မင်းသမီးတွေလည်း ပါဝင်လာကြပါတယ်။

**စစ်ကိုင်းတောင်ရိုးက ချောင်တွေမှာပဲ လှူကြတာ**

ရှေးကတော့ ဈေးချိုကထိန်တွေဟာ မန္တလေးမှာ ခင်းကျင်းပြီး ဧရာဝတီမြစ်အနောက်ဘက် စစ်ကိုင်းတောင်ရိုးက ချောင်တွေမှာပဲ လှူကြတာပါ။ စစ်ကိုင်းတောင်ရိုး ရှင်ဖြူရှင်လှဘုရားကြီး အထက်မှာ'ဈေးချိုချောင်' ဆိုတာရှိပါတယ်။ ဈေးချို ကထိန်တွေကစုပြီး အဆောက်အအုံတွေ လှူတန်းထားကြတာပေါ့။ စစ်ကိုင်းမှာရှိတဲ့ ဘုန်းကြီးကျောင်းတိုင်း၊ ချောင်တိုင်းမှာ ဈေးချိုကထိန်တစ်ခုခုက လှူထားတဲ့ ကျောင်းတစ်ကျောင်းကတော့ အနည်းဆုံး ရှိတတ်ပါတယ်။

ဈေးကွက်စီးပွားရေးမတိုင်ခင်ခေတ်က ယိုးဒယား (ထိုင်း) ပစ္စည်းရောင်းဝယ်ရေးအတွက် မော်လမြိုင်ဘက်ကို အရောက်အပေါက်များတဲ့ ဈေးချိုရုံတချို့ကတော့ မော်လမြိုင်နဲ့ မြန်မာပြည် အောက်ပိုင်းမြို့တွေက ဘုန်းကြီးကျောင်းတွေကို ကထိန်ခင်းကြတာမျိုးလည်း ရှိလာကြပါတယ်။ နောက်ပိုင်း ရောက်တော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို ဒေသန္တရဗဟုသုတအတွက် ဘုရားဖူးခရီးထွက်ရင်း ကထိန်ခင်းကြတဲ့ဓလေ့က ဈေးချိုမှာ လွှမ်းမိုးသွားပါတယ်။ ဒါကြောင့် အင်းလေး၊ စက်စဲ၊ ကျိုက်ထီးရိုး၊ ငပလီ၊ အင်းတော်ကြီးစတဲ့ နေရာတွေ သာမက မြန်မာပြည်အစွန်အဖျားကမြို့တွေဆီကျော်ပြီး မဲဆောက်၊ ချင်းမိုင်အထိ ဈေးချိုကထိန်တွေ ပျံ့နှံ့သွားပါလေရော။

**'ရိုးရာ'ကို ကြိုက်နှစ်သက်သူတွေ**

၁၉၉၀ နောက်ပိုင်း ဈေးရုံ ရုံဟောင်းကြီးတွေ ဖျက်ပြီး အခု အဆင့်မြင့်ရုံသစ်ကြီး တည်ဆောက်ပြီးတဲ့အခါ ဈေးချိုကထိန်တွေရဲ့အနေအထားက အများကြီးပြောင်းလဲသွားပါတယ်။ အရင်လို ရုံထဲမှာ အငြိမ့်ကပွဲကလို့မရတော့ပါဘူး။ ဈေးချိုသူ၊ ဈေးချိုသားဆိုတာကလည်း ပြောင်းလဲကုန်ကြတော့ 'ရိုးရာ'ကိုကြိုက်နှစ်သက်သူတွေ ပါးလျားကုန်တယ်။ ပေါ်ပင်အသစ်အဆန်းကိုပဲ မက်မောသူများလာတယ်။ အငြိမ့်မကြည့်ချင်ကြတော့ဘူး။ မြို့မနားမထောင်ချင်တော့ဘူး။ နာမည်ကြီး စတီရီယိုအဆိုတော်တွေ မဟုတ်တောင်မှ မန္တလေးရဲ့ စားသောက်ဆိုင်ကြီးတွေက မြို့ကျော်၊ ရပ်ကျော် ကာရာအိုကေမလေးတွေလောက်တော့ အနည်းဆုံးပါမှ ဘဝင်ကျကြတော့တယ်။

လွန်ခဲ့တဲ့ ၂၀၁၀ ပြည့်နှစ် ဝန်းကျင်ကဆိုရင် ဈေးချိုကထိန်မှာ ရုံကြီးထဲ ဝင်တိုးလို့မရတော့ ဘီလမ်းပေါ်၊ ၈၄ လမ်းပေါ်၊ အလယ်ပေါက်နေရာ ၂၇ လမ်းပေါ်မှာ စင်တွေထိုးပြီး စတီရီယိုဝိုင်းတွေက တီးခတ် အော်ဟစ်ပေါက်ကွဲကြတာပေါ့။ နာမည်ကျော်ကာရာအိုကေ အဆိုတော်လေးတွေလည်း စကပ်လေးတွေ၊ ဘောင်းဘီတို၊ ဘောင်းဘီရှည်တွေနဲ့ အပြိုင်အဆိုင်ဟစ်ကြတာ လမ်းတွေ ပိတ်ဆို့ကုန်ပါလေရော။ လက်ဟောင်း မန္တလေးသားကြီးတွေက အစွဲကြီးကြီးနဲ့ သမားရိုးကျကို မလွန်ဆန်နိုင်ဘဲ 'မြို့မ'ကို ငှားရမ်းလေတော့ မြို့မရှေ့မှာ ပရိသတ်ရောက်မလာလို့ ကထိန်အကျိုးဆောင် ကော်မတီက ကားတစ်စီးနဲ့ ချက်ချင်းပဲ ကာရာအိုကေအဆိုတော်တွေကို တစ်ဆိုင်တက်ဆင်း ရှာရပါလေရော။ ဒါပေမယ့် အဲဒီနေ့က မန္တလေးမှာ ဘယ်ကာရာအိုကေအဆိုတော်မှ မအားတော့ပါဘူးတဲ့။



ရှေးဈေးချို

**အခုလို ကထိန်ပွဲရာသီရောက်ရင် ဈေးချိုထဲက ကထိန်တွေကို သိပ်သတိရတာပဲ။ ကထိန်တွေမှာ အပြိုင်အဆိုင် လှူကြတန်းကြ . . .**

**ဈေးချိုနေ့ပွဲတွေကို လွမ်းဆွတ်လှပါတယ်**

တန်ဆောင်မုန်း မိုးစွေစွေမှာ အရင်ရှေးတုန်းကလို အေရုံထဲက မြို့မမှာ တယောလေးတအိအိနဲ့

'မြင်စမ်းချင်တယ်<br>
တံတားငယ်များရယ် အသွယ်သွယ်<br>
ကျောက်လိုဏ်ခေါင်းလေးတွေ ပေါ်တယ်၊<br>
ကြည်နူးစေမယ်<br>
ပန်းစပယ်နန်းလယ်မှာကွယ်<br>
မွှေးထုံသင်းတဲ့ အခါတွင်းမယ်<br>
ကြည်နူးစေမယ်<br>
မြင်စမ်းချင်တယ်<br>
နတ်တို့ ဖန်တယ် ကြာမျိုးစုံသင်းတယ်<br>
ဘုတ်တလုတ်ခေါ် ကန်တော်တွင်းမယ်<br>
အပေါင်းအဖော်များရယ်...'

ဆိုတဲ့ သီချင်းလေးနဲ့ ဈေးချိုနေ့ပွဲတွေကို လွမ်းဆွတ်လှပါတယ်လို့ ပြောရင် အခုဈေးချိုတော် ကံ့ကော်ရုံ၊ နှင်းဆီရုံ၊ မြတ်လေးရုံ၊ စံပယ်ရုံတဲ့ ရုံတွေက ဈေးချိုသူ ဈေးချိုသားလေးတွေက နှာခေါင်းရှုံ့ကြတော့မှာ သေချာပါတယ်။

ကျွန်တော်တို့က 'ထား'နဲ့ ရင်ခုန်တဲ့ ခေတ်။ ။

# ဟားခါးမြို့သို့ ဝင်၊ ထွက်သွားလာသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား နှာခေါင်းနှင့်အာခေါင်တို့ဖတ် ရယူစစ်ဆေးမှု စုစုပေါင်း ၁၂၀၉ ဦးအထိ စစ်ဆေးပေးပြီးဖြစ်



ဟားခါး နိုဝင်ဘာ ၉

ချင်းပြည်နယ် ဟားခါးမြို့သို့ ဝင်၊ ထွက်သွားလာသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား နှာခေါင်းနှင့် အာခေါင်တို့ဖတ်နမူနာ စစ်ဆေးခြင်းကို အောက်တိုဘာ ၉ ရက်မှ စတင်၍ နိုဝင်ဘာ ၈ ရက်အထိ မော်တော်ယာဉ် ၇၆၃ စီးမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် စုစုပေါင်း ၁၂၀၉ ဦးအထိ စစ်ဆေးခဲ့ကြောင်း ချင်းပြည်နယ် ပို့ဆောင်ရေး စီမံကိန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်လွင်ထံမှ သိရှိရသည်။

ယင်းသို့ နှာခေါင်းနှင့် အာခေါင်တို့ဖတ်နမူနာစစ်ဆေးခြင်းဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ တွေ့ရှိသူ သုံးဦးရှိခဲ့ကြောင်း၊ နမူနာစစ်ဆေးခြင်းကို ခရီးသွားပြည်သူများအနေဖြင့် ကြည်ဖြူစွာ စစ်ဆေးမှုခံယူနိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် ဟားခါးမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းအဖွဲ့များက အနီးကပ်စောင့်ကြည့်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဟားခါးမြို့သို့ ဝင်၊ ထွက်သွားလာသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား နှာခေါင်းနှင့် အာခေါင်တို့ဖတ်နမူနာ စစ်ဆေးပြီး ရောဂါပိုးမရှိသူများကိုသာ ဝင်၊ ထွက်သွားလာခွင့် ပြုမည်ဖြစ်ကြောင်း၊ စစ်ဆေးပြီး ရောဂါပိုးရှိခဲ့လျှင် ဟားခါး ပြည်သူ့ဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ဆေးကုသမှုခံယူ စေမည်ဖြစ်ကြောင်း၊ ဟားခါးမြို့ အဝင်စစ်ဆေးရေးဂိတ်တွင် နံနက်ပိုင်း ၉ နာရီမှ ၁၁ နာရီအထိ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ အချိန် နှစ်ပိုင်းခွဲ၍ ဆက်လက်စစ်ဆေးသွားမည်ဖြစ်သည်။

**အောင်ခွီရှိန်း**
**(ပြန်/ဆက်)**

# ရေးမြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည်

နေပြည်တော် နိုဝင်ဘာ ၉

မွန်ပြည်နယ် ရေးမြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကျောက်ခင်းလမ်း လေးမိုင်၊ ကတ္တရာလမ်း နှစ်မိုင်နှစ်ဖာလုံ၊ အာစီတံတား ပေ ၁၅၀ တစ်စင်း၊ ပေ ၁၂၀ တစ်စင်း၊ ပေ ၁၀၀ တစ်စင်း၊ Box Culvert လေးစင်း၊ ကွန်ကရစ်ရေပြွန်နှစ်စင်း၊ လမ်းပြုပြင်ထိန်းသိမ်း ခြင်းလုပ်ငန်းလေးခု၊ ပေ (၁၂၀x၃၀) အာစီနှစ်ထပ် ကျောင်းဆောင်သစ် တစ်ဆောင်၊ ပညာရေးဝန်ထမ်းနေအိမ် လေးလုံး၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး နှစ်ထပ်အဆောက်အအုံတစ်လုံးတို့ကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၂၅၂ ဒသမ ၆၆၁ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများစတင်ဆောင်ရွက်နိုင်ရေးအတွက် ရေးမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီလွင်နှင့် တာဝန်ရှိသူများသည် ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ငွေကြယ်**

# ကရင်ပြည်နယ်၌ ဆောင်းရာသီစိုက်ပျိုးစရိတ် ချေးငွေ စတင်ထုတ်ပေးလျက်ရှိ

ဘားအံ နိုဝင်ဘာ ၉

နိုင်ငံအတွင်း စာနပ်ရိက္ခာဖူလုံစေရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု အထောက်အကူဖြစ်စေရေးအတွက် ဆောင်းရာသီစိုက်ပျိုးစရိတ် ချေးငွေများအား နှမ်းစပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ဆောင်းသီးနှံများအား တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် လည်းကောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များက ယနေ့မှစ၍ ထုတ်ပေးလျက်ရှိသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဘားအံခရိုင်ဘဏ်ခွဲမှ ၂၀၂၀ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများအား တောင်သူများထံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ထုတ်ချေးပေးလျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုအား ပြည်နယ်မန်နေဂျာက စစ်ဆေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# နေပြည်တော်၌ ၂၀၂၀ ပြည့်နှစ် ဆောင်းရာသီချေးငွေ စတင်ထုတ်ချေး



နေပြည်တော် နိုဝင်ဘာ ၉

နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပျဉ်းမနားမြို့နယ် ဘဏ်ခွဲ၌ ၂၀၂၀ ပြည့်နှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်အတွက် ကျေးရွာအုပ်စု ရှစ်အုပ်စုရှိ တောင်သူ ၁၁၈၃ ဦးသို့ စိုက်ပျိုးဧက ၅၂၅၇ ဧကအတွက် ငွေကျပ် ၅၂၅ ဒသမ ၇၀ သန်းအား ယနေ့မှ စတင်ထုတ်ချေးနေပြီဖြစ်ကြောင်းနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် Computerized System ကို အသုံးပြုပြီး ၂၀၂၀ ဆောင်းရာသီချေးငွေမှစတင်၍ Saving Passbook အသစ်များဖြင့် လဲလှယ်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

○ လာမည့်နှစ်မှ

စတင်လေ့ကျင့်ရန် စီစဉ်ခဲ့သော်လည်း ကပ်ရောဂါ အခြေအနေကြောင့် လေ့ကျင့်နိုင်ခြင်းမရှိသလို ကစားသမားများအတွက် ပြည်တွင်းပြိုင်ပွဲဖြစ်သည့် အမျိုးသမီးလိဂ်ပြိုင်ပွဲကိုလည်း ကိုဗစ်-၁၉ ရောဂါကြောင့် ကျင်းပနိုင်ခြင်းမရှိခဲ့ပေ။ မြန်မာအမျိုးသမီးအသင်းသည် လာမည့်နှစ်တွင် နိုင်ငံတကာပြိုင်ပွဲများစွာ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲနှင့် ပြည်တွင်းခြေစမ်းပွဲ စုစုပေါင်းပွဲ ၅၀ ဝန်းကျင်ကစားရန် စီစဉ်ထားသည်။

မြန်မာအမျိုးသမီးအသင်းသည် လာမည့်နှစ်တွင် အာရှဖလားခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲတို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ကျင်းပဖြစ်ပါကလည်း ပြိုင်ပွဲသုံးခုအထိ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲကို စက်တင်ဘာ ၁၃ ရက်မှ ၂၅ ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကို နိုဝင်ဘာ တတိယပတ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းအနေဖြင့် နှစ်ကုန်ပိုင်းတွင် ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**

# ရန်ကုန်တိုင်းဒေသကြီးရှိ ကိုဗစ်-၁၉ တုံ့ပြန်ကာကွယ်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန် ပွင့်ဖြူမြို့နယ်မှ ကြက်ခြေနီစေတနာ့ဝန်ထမ်းခြောက်ဦး စေလွှတ်

ပွင့်ဖြူ နိုဝင်ဘာ ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာ့ဝန်ထမ်း ခြောက်ဦးသည် ရန်ကုန်တိုင်းဒေသကြီးရှိ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ယနေ့တွင် ပွင့်ဖြူမြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သွားရောက်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကြက်ခြေနီအသင်းခွဲမှ တပ်ဖွဲ့မှူး ဦးဇော်ဝင်းခိုင်ထံမှ သိရသည်။

နိုင်ငံတစ်ဝန်းရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက် ပြန့်ပွားမှုကင်းဝေးစေရန်နှင့် ကာကွယ်ထိန်းချုပ်မှုများ ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ တာဝန်ပေးချက်အရ မကွေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ယနေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။



"ရန်ကုန်တိုင်းဒေသကြီးကို သွားရောက်တဲ့အခါမှာ မကွေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက ဦးဆောင်ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တွေမှာ စာရင်းကောက်ယူထားတဲ့ ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်က ကြက်ခြေနီစေတနာ့ဝန်ထမ်း ခြောက်ဦး အပါအဝင် ကြက်ခြေနီစေတနာ့ဝန်ထမ်း စုစုပေါင်း ၃၉ ဦး စေလွှတ်မှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းတွေကို ယနေ့မှ စပြီး လေးပတ်တိတိ တာဝန်ထမ်းဆောင်သွားကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်အနေနဲ့ ကြက်ခြေနီ စေတနာ့ဝန်ထမ်း ခြောက်ယောက်ကို အစစအရာရာ အဆင်ပြေစေရေး အတွက် မြို့နယ်ကြက်ခြေနီအသင်းခွဲနဲ့ မြို့နယ်အတွင်းမှာ ရှိတဲ့ ရပ်/ကျေး ကြက်ခြေနီအသင်းခွဲငယ်များက ဝိုင်းဝန်းပြီးတော့ ထောက်ပံ့ငွေနဲ့ စားသောက်ဖွယ်ရာ ပစ္စည်းများကို ကူညီထောက်ပံ့ပေးပါတယ်။ ဒါ့အပြင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုကလည်း တစ်ဦးကို ငွေကျပ် နှစ်သိန်းစီ ထောက်ပံ့ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ် ကြက်ခြေနီအသင်းခွဲမှ အသင်းဝင်တစ်ဦးဖြစ်သူ ကိုအေးမြတ်မင်းက ပြောပြသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ကိုယ်ကျင့်တရားကောင်းမွန်ရေးနှင့် စိတ်ကြိုက်ဘာသာရေးဆောင်းပါးများ

စာရေးသူ ဒေါက်တာဗိုလ်သံမဏိ (တောင်တွင်းကြီး) စီစဉ်ရေးသားသည့် ကိုယ်ကျင့်တရားကောင်းမွန်ရေးနှင့် စိတ်ကြိုက် ဘာသာရေးဆောင်းပါးများ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဘုရားစေတီပုထိုးများ တည်ထားကိုးကွယ်ခြင်းအကျိုး၊ လူ့ဘဝတန်ဖိုး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ မြန်မာနိုင်ငံရှိ ထင်ရှားသော ဘုရားစေတီပုထိုးများသမိုင်း၊ နိုင်ငံတော်အစိုးရဘွဲ့ တံဆိပ်တော်ရ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာတို့ဖြင့်ပြည့်ဝသည့် ဆရာတော်ကြီးများ၊ တိပိဋကဓရ ဘွဲ့ရဆရာတော်ကြီးများအကြောင်းနှင့် ဗုဒ္ဓဘာသာဝင်များ ဘာသာရေး ဗဟုသုတများကို ရေးသားထားသည်။

စာအုပ်ကို သုံးလောကစာပေ၊ အမှတ်-၂၁(အေ)၊ မြင့်မိုရ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။




## တကယ်လုပ်လျှင် အဟုတ်ဖြစ်ပါသည်

ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း) စီစဉ်ရေးသားသည့် တကယ်လုပ်လျှင် အဟုတ်ဖြစ်ပါသည်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် ပဋ္ဌာန်းပဥ္စဝါရနှင့် မွေးနံဂုဏ်တော်ပုတီးစိပ်နည်းကို စနစ်တကျ နေ့စဉ်အဓိဋ္ဌာန်ပြု၍ ပူဇော်နည်းဖြစ်သည်။ စာရေးသူသည် ကျေးဇူးတော်အရှင် ဆရာတော်ကြီး မိန့်တော်မူခဲ့သည့်အတိုင်း အဓိဋ္ဌာန်အောင်မြင်ခဲ့သည်များကို စာရှုသူများ စနစ်တကျ ကျင့်ကြံပွားများအားထုတ်နိုင်စေရန် ရည်ရွယ်၍ ထုတ်ဝေရခြင်းဖြစ်သည်။

စာအုပ်ကို ဣစ္ဆိတံစာပေ၊ အမှတ် (2A-514)၊ မုဒိတာအိမ်ရာ (၂)၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄၂၀၁၄၃၈၁၁မှ တန်ဖိုးငွေကျပ် ၁၃၀၀ ဖြင့် ဖြန့်ချိသည်။



## ပုံပြင်ဖတ်စဉ် သဒ္ဒါသင်

စာရေးသူ ဦးသန်းလွင် How& Why မြန်မာဘာသာပြန်ဆိုရေးသားထားသည့် ပုံပြင်ဖတ်စဉ်သဒ္ဒါသင်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပုံပြင်ဖတ်ခြင်းနှင့်အတူ ပုံပြင်များတွင်ပါဝင်သော ဝါကျတည်ဆောက်ပုံအမျိုးမျိုး၊ အသုံးအနှုန်းများနှင့် ဝေါဟာရများကို သဒ္ဒါသင်နည်းဖြင့် ဖွင့်ဆိုရှင်းပြထားပြီး ယနေ့ခေတ်လူငယ်များအတွက် အထူးလိုအပ်သော Phrase နှင့် Clause များအကြောင်း၊ Principle အမျိုးမျိုးတို့ကို သိရှိနိုင်စေရန်အတွက် Grammar ရှင်းလင်းချက်များကို အလျဉ်းသင့်သလို ပုံပြင်များအဆုံးတွင် ထည့်သွင်းရေးသားထားသည်။

စာအုပ်ကို ထက်ထက်အောင်စာပေ၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၀၉၅၃၈၈ နှင့် ၀၉ ၄၄၉၀၀၁၈၂၂ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။



## ဘကြီးအောင်ညာတယ်နှင့် ဂီတစာဆို စန္ဒရားကိုလှမိုး

စာရေးသူ အောင်သျှံဝိုင်း(ကျိုက်မရော) စီစဉ်ရေးသားသည့် ဘကြီးအောင်ညာတယ်နှင့် ဂီတစာဆို စန္ဒရားကိုလှမိုးစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဂီတစာဆို စန္ဒရားကိုလှမိုး ဘဝကန့်လန့်ကာအဖွင့်၊ လှိုင်းကြက်ခွပ် နိုင်ငံရေးနှင့် ကျောင်းသားလေးဂေါ်ရာ၊ နိုင်ငံရေးလှိုင်းတံပိုးအောက်က ဂေါ်ရာ၊ စစ်မီးတောက်မီးလျှံထဲက ပြည်သူ့ရဲဘော် ဆက်သားလေး ဂေါ်ရာ၊ ဇာတိမြေပြန်ရောက် မောင်လှမိုး၊ ဂီတဝါသနာအတွက် ကျားကုတ်ကျားခဲ မောင်လှမိုး၊ နှောင်းသစ္စာ၊ ပန်းသစ္စာများနှင့် မှတ်တိုင်စိုက်ပြီ၊ ဖူးစာရှင်ညီမလေးနှင့် ဘကြီးအောင်ညာတယ်ဂယက် စသည့်အကြောင်းအရာများကို ရေးသားထားသည်။

စာအုပ်ကို ၇၇၇၇ စာပေ၊ အမှတ်(၅)၊ ၃၈-လမ်း ဈေးရုံ ပလာဇာ၊ ၃၈-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၇၇၇၁၃၃၁၇ နှင့် ၀၉ ၂၅၀၂၆၅၉၂၅ တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။

# Stay at Home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

(ယမန်နေ့မှအဆက်)

### ၂၂-၁၀-၂၀၂၀ ရက်နေ့မှ ၂-၁၁-၂၀၂၀ ရက်နေ့အထိ လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ % ဆက်လက်ခွင့်ပြုထုတ်ပေးခဲ့သည့် စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများစာရင်း

| | | | | |
|---|---|---|---|---|
| ၁၅၅၂ | 13041.38.3.2.117 | MH Power Myanmar Co.Ltd | ၁၄ | ၁,၄၆၈,၀၀၀ |
| ၁၅၅၃ | 13041.38.4.2.59 | Myanmar DRk | ၁၃ | ၈၄၀,၀၀၀ |
| ၁၅၅၄ | 13041.38.7.2.38 | MMIT Consulting Co.,Ltd | ၁၄ | ၁,၃၄၀,၀၀၀ |
| ၁၅၅၅ | 13041.38.8.2.34 | SATAKE Coperation | ၈ | ၉၆၀,၀၀၀ |
| ၁၅၅၆ | 7001.39.1.2.91 | Hotel Marina II | ၃ | ၆၀,၀၀၀ |
| ၁၅၅၇ | 7001.39.1.2.92 | M.G,S သစ်အချောထည်စက်ရုံ | ၂ | ၄၀,၀၀၀ |
| ၁၅၅၈ | 7001.39.1.2.207 | ပင်လုံဆေးလိပ် | ၅ | ၁၀၀,၀၀၀ |
| ၁၅၅၉ | 7001.39.1.2.248 | ချင်စုအထပ်သားစက်ရုံ | ၄၃ | ၂,၆၁၀,၄၀၀ |
| ၁၅၆၀ | 7001.39.1.2.283 | ဆုစ်စတားအထည်ချုပ်စက်ရုံ | ၁,၄၂၄ | ၈၅,၄၂၄,၄၀၀ |
| ၁၅၆၁ | 7001.39.2.2.112 | ကျော်သိန်းသံဆိုင် | ၅ | ၁၀၀,၀၀၀ |
| ၁၅၆၂ | 7001.39.3.2.143 | Three Red Star Oak Sat | ၇ | ၃၀၈,၀၀၀ |
| ၁၅၆၃ | 7001.39.4.2.18 | MRTW ECHO Inspection Center (ညောင်အင်း) | ၆၁ | ၃,၅၁၃,၆၀၀ |
| ၁၅၆၄ | 7001.39.5.2.30 | My Port Co., Ltd. | ၉၀၅ | ၆၈,၃၉၂,၅၀၇ |
| ၁၅၆၅ | 7001.39.5.2.39 | ဟွမ်းဟွမ်းကြက်စာ ထုတ်လုပ်ရေး | ၂၃ | ၁,၃၂၄,၈၀၀ |
| ၁၅၆၆ | 7001.39.6.2.23 | ရွှေသံလွင်ဟိုင်းဝေး(သပြေကန်) | ၅၄ | ၅,၇၀၀,၀၀၀ |
| ၁၅၆၇ | 7001.39.6.2.31 | Yong Cheng Co;Ltd | ၁၉၉ | ၁၀,၉၃၆,၅၈၃ |
| ၁၅၆၈ | 7001.39.7.2.21 | ရေတိုင်ကီနှင့် ရစ်ဘီးလုပ်ငန်း | ၁၂ | ၅၅၂,၀၀၀ |
| ၁၅၆၉ | 10006.37.1.2.17 | ဦးထိန်ဝင်း-ယက္ကန်း | ၇ | ၁၄၀,၀၀၀ |
| ၁၅၇၀ | 10006.37.1.2.31 | S.K Wood Industries | ၆၃ | ၅,၀၉၇,၂၀၀ |
| ၁၅၇၁ | 10006.37.1.2.34 | သိန်းသန်းအောင်-ပန်းပု | ၄ | ၁၂၀,၀၀၀ |
| ၁၅၇၂ | 10006.37.1.2.82 | ဒေါ်အိကြိမ်လုပ်ငန်း(ခ) ကြိမ်နန်းတော် | ၃ | ၅၆,၀၀၀ |
| ၁၅၇၃ | 10006.37.1.2.84 | win & win Coltd | ၅၉ | ၂,၅၈၇,၂၀၀ |
| ၁၅၇၄ | 10006.37.1.2.164 | သိန်းညို-ချိတ်ယက္ကန်း | ၂၄ | ၉၆၀,၀၀၀ |
| ၁၅၇၅ | 10006.37.1.2.189 | နေတောင်-ဆပ်ပြာစက် | ၅ | ၁၀၀,၀၀၀ |
| ၁၅၇၆ | 10006.37.1.2.194 | ပလောင်ညွှန့်အထည်စက် | ၃ | ၆၈,၀၀၀ |
| ၁၅၇၇ | 10006.37.2.2.112 | ရတနာအောင်ကွန်ကရစ် | ၃ | ၇၂,၀၀၀ |
| ၁၅၇၈ | 10006.37.2.2.149 | ချမ်းစံသာရောင်းဝယ်ရေး | ၅ | ၁၆၀,၀၀၀ |
| ၁၅၇၉ | 10006.37.3.2.105 | အားသစ်မာန်ကုမ္ပဏီ | ၃၁ | ၁,၈၃၅,၂၀၀ |
| ၁၅၈၀ | 10006.37.4.2.18 | ဦးသန်းအေး+ဒေါ်ငွေသန်း ထွန်စက်နှင့် ထွန်ထယ်အပို ပစ္စည်းရောင်းဝယ်ရေး | ၇ | ၂၅၂,၀၀၀ |
| ၁၅၈၁ | 10006.37.5.2.10 | သိန်းထိုက်မင်း-သစ်အချောထည် | ၂၃ | ၁,၃၀၉,၄၄၀ |
| ၁၅၈၂ | 10006.37.7.2.19 | AK Yong Fu | ၅ | ၁၆၀,၀၀၀ |
| ၁၅၈၃ | 10006.37.7.2.29 | ရွှေတိုင်ရတနာကုမ္ပဏီ | ၅ | ၄၀၈,၀၀၀ |
| ၁၅၈၄ | 10006.37.8.2.7 | သဇင်နွယ်(အထည်ဆိုင်) | ၅ | ၁၄၀,၀၀၀ |
| ၁၅၈၅ | 10006.37.8.2.8 | ဟန် Net game & Training | ၅ | ၁၄၀,၀၀၀ |
| ၁၅၈၆ | 10006.37.8.2.10 | မြကမ္ဘာစိုး စက်ယက္ကန်း | ၅ | ၁၄၀,၀၀၀ |
| ၁၅၈၇ | 10006.37.8.2.11 | မကျော့ ပိုးထည်ဆိုင် | ၅ | ၁၄၀,၀၀၀ |
| ၁၅၈၈ | 10006.37.8.2.12 | ရွှေဇမ္ဗူ အထည်ဆိုင် | ၅ | ၁၄၀,၀၀၀ |
| ၁၅၈၉ | 10006.37.8.2.14 | ပန်သစ္စာပိုးထည်နှင့်ဖဲပိုးချည် ရောင်းဝယ်ရေး | ၅ | ၁၄၀,၀၀၀ |
| ၁၅၉၀ | 10006.37.8.2.19 | တော်ဝင်နန်းထိုက်အထည်ဆိုင် | ၅ | ၁၄၀,၀၀၀ |
| ၁၅၉၁ | 10006.37.8.2.20 | CONQUEROR မိတ္တူနှင့်ဒီဇိုင်း | ၅ | ၁၄၀,၀၀၀ |
| ၁၅၉၂ | 10006.37.8.2.28 | စန်းသော်တာအထည်ဆိုင် | ၇ | ၁၉၆,၀၀၀ |
| ၁၅၉၃ | 11001.31.4.2.46 | SCG Myanmar Concrete and Aggregate Co;ltd | ၁၁ | ၉၃၄,၃၄၈ |
| ၁၅၉၄ | 11001.31.5.2.9 | Success World Co,Ltd | ၃၅ | ၂,၅၀၀,၀၀၀ |
| ၁၅၉၅ | 11009.33.4.2.3 | မြို့နယ်သမဝါယမအသင်းစု (ဘီးလင်း) | ၂ | ၁၀၃,၆၈၀ |
| ၁၅၉၆ | 11009.33.5.2.23 | Success World Co.Ltd (ဘီးလင်း) | ၁၁ | ၆၇၆,၀၀၀ |
| ၁၅၉၇ | 17001.31.2.2.101 | NSYC | ၁၉၄ | ၁၃,၁၄၂,၉၀၀ |
| ၁၅၉၈ | 13008.313.6.2.80 | Heng Run Garment | ၅၀၈ | ၂၉,၃၂၉,၉၂၀ |
| ၁၅၉၉ | 17001.31.4.2.100 | He Shan | ၇၈၅ | ၄၃,၉၃၇,၅၂၀ |
| ၁၆၀၀ | 17001.31.5.2.29 | Huabo စက်ချုပ်သင်တန်း | ၉ | ၅၁၈,၄၀၀ |
| ၁၆၀၁ | 17001.31.8.2.11 | Myanmar All Rich Garment Co.,Ltd. | ၄၉၄ | ၁၆,၃၉၂,၀၀၀ |
| ၁၆၀၂ | 7001.39.1.2.282 | မြန်စတားအထည်ချုပ်စက်ရုံ | ၁,၆၈၅ | ၁၀၁,၆၃၄,၅၈၀ |
| ၁၆၀၃ | 7001.39.3.2.146 | Karisma Apparel Myanmar Garment Co., Ltd. | ၅,၅၅၈ | ၃၁၁,၄၃၀,၃၆၀ |
| ၁၆၀၄ | 7001.39.8.2.4 | Tianjin Golden Mountain Trade | ၆၃၄ | ၂၈,၆၁၈,၀၂၀ |
| ၁၆၀၅ | 13008.313.1.2.11 | Korea Link Industrial Co., Ltd | ၆၁၇ | ၄၀,၇၀၅,၉၅၄ |
| ၁၆၀၆ | 13008.313.1.2.31 | Roo Hsing Garment Co.,Ltd | ၁,၀၀၄ | ၅၉,၈၅၆,၈၀၀ |
| ၁၆၀၇ | 13008.313.1.2.137 | Lat War | ၁,၁၁၇ | ၆၂,၇၈၃,၈၄၀ |
| ၁၆၀၈ | 13008.313.1.2.360 | ဒဂုံဝင်း အထည်ချုပ် | ၄၄၄ | ၂၅,၅၇၄,၄၀၀ |
| ၁၆၀၉ | 13008.313.2.2.125 | Myanmar York Fashion Co.,Ltd | ၂,၇၃၄ | ၁၄၀,၈၀၁,၂၈၀ |
| ၁၆၁၀ | 13008.313.4.2.7 | Sioen Myanmar Co., Ltd | ၉၉၇ | ၇၁,၂၄၆,၅၈၇ |
| ၁၆၁၁ | 13008.313.4.2.41 | Pretty Fashion | ၆၆၀ | ၃၉,၂၁၁,၂၀၀ |
| ၁၆၁၂ | 13008.313.5.2.6 | Sinoproud Garment | ၈၅၃ | ၄၇,၄၈၉,၂၈၀ |
| | | စုစုပေါင်း | ၂၆၁,၉၁၂ | ၁၅,၉၇၇,၀၃၃,၃၉၃.၀၅ |




## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## သမဝါယမဦးစီးဌာန
## သမဝါယမကောလိပ် (ဖောင်ကြီး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း


၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ လှည်းကူးမြို့နယ်၊ သမဝါယမကောလိပ် (ဖောင်ကြီး)အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားပိုင်ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- (က) ဝန်ထမ်းအိမ်ရာ RC (၄)ခန်းတွဲ (၂)ထပ် (၁၁၆'x၄၄'x၂၂') (၁) လုံးတည်းတည်ဆောက်ခြင်း (အပြင်ရေ/ မီး + အတွင်းရေ/ မီး+ မိလ္လာ+ Chain Link ခြံစည်းရိုး)
- (ခ) အရာရှိလုံးချင်းအိမ်ရာ RC (၁) ထပ် (၃၅'x၄၅'x၁၂') (၂) လုံးတည်ဆောက်ခြင်း (အပြင်ရေ/ မီး + အတွင်းရေ/ မီး+ မိလ္လာ+ Chain Link ခြံစည်းရိုး)
- (ဂ) တင်ဒါစတင်ရောင်းချမည့်နေ့ရက် - ၁၁-၁၁-၂၀၂၀
- (ဃ) တင်ဒါပိတ်မည့်ရက်၊ အချိန် - ၁၀-၁၂-၂၀၂၀ (၁၆:၀၀) နာရီ
- (င) တင်ဒါလျှောက်လွှာထုတ်ယူမည့်နေရာ - သမဝါယမကောလိပ် (ဖောင်ကြီး)၊ လှည်းကူး မြို့နယ်၊
- (စ) တင်ဒါတင်သွင်းရမည့်နေရာ - စီမံရေးရာဌာန၊ သမဝါယမကောလိပ် (ဖောင်ကြီး)၊ လှည်းကူးမြို့နယ်၊

၂။ သတ်မှတ်ချိန်ထက်နောက်ကျတင်သွင်းသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက **ရုံးချိန်အတွင်း သမဝါယမကောလိပ်(ဖောင်ကြီး) ဖုန်း-၀၁-၈၆၂၆၂၇၄ နှင့် ၀၁-၈၆၂၆၀၇၄ တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။**

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**သမဝါယမကောလိပ်(ဖောင်ကြီး)**







## လမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
## တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့်ကျန်ရှိသော လမ်းလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန်/နေရာ | -၁၇-၁၁-၂၀၂၀ရက်မှ ၁-၁၂-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အမှတ် (၅၅/၄)၊ ချင်းတွင်းလမ်း၊ ကမာရွတ် |
| တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်/အချိန်/နေရာ | - ၁-၁၂-၂၀၂၀ ရက်မှ ၁၀-၁၂-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အမှတ် (၅၅/၄)၊ ချင်းတွင်းလမ်း၊ ကမာရွတ်၊ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် | - ထပ်မံကြေညာပါမည်။ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | -ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အမှတ်(၅၅/၄)၊ ချင်းတွင်းလမ်း၊ ကမာရွတ်မြို့နယ် |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
**ဖုန်း-၀၁-၇၅၃၂၈၀၄**




## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်
## အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုး[၅/ဒပယ(နိုင်)၀၀၈၅၆၂]ကိုင်ဆောင်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ သကမ-၈၊ မြေကွက်အမှတ် (၈/၄၇၃/က)ဟုခေါ်တွင်သော မြေရိယာအကျယ်အဝန်း (အလျားပေ ၂၀xအနံပေ ၆၀)ရှိ မြေကွက်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးကြည်မြင့်(Q/RGN.၀၁၁၃၈၂) ကိုင်ဆောင်သူမှ (၆-၂-၁၉၉၀) ရက်စွဲပါ ရွေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်အမှတ်စဉ်(၇၃၃၁)ဖြင့် တရားဝင်အမည်ပေါက်အဖြစ်မှတ်သားတည်ရှိပြီး ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၇၃/က)၊ အောင်သုခလမ်း၊ (၈)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သော နေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၂၀)ဗလွှာ(အေ)တွင် နေထိုင်သူ ဦးစောအေး[၁၂/သဃက(နိုင်)၀၀၆၉၃၅]ကိုင်ဆောင်သူက တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး အပေါင်အနှံအရှုပ်အရှင်းကင်းရှင်း၍ ရောင်းချလိုကြောင်း ဝန်ခံကတိပြု ပြောဆိုလာသဖြင့် ကျွန်ုပ်မိတ်ဆွေက ယင်းမြေကွက်နှင့်နေအိမ်(၁)လုံး အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ဦးစောအေး[၁၂/သဃက(နိုင်)၀၀၆၉၃၅]ထံမှ စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အထက်အရောင်းအဝယ်ပါကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

| | |
|---|---|
| **ဦးအောင်နိုင်စိုး(LL.B)** | **ဒေါ်ဇင်ဇင်နိုင်(LL.B) D.B.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၉၈၈၂)(၂၉-၄-၂၀၁၄)** | **(စဉ်-၁၄၀၉၂)(၁၆-၁-၂၀၁၈)** |

**အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊ ၁/ထူပါရုံရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၇၂၉၃၃၄၄၊ ၀၉-၇၉၈၀၉၃၂၉၉**

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေစက်အလှူဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့်

**အသက်(၁၀၁)နှစ်**

**(တိုင်းရင်းမေ၏ မိခင်ကြီး)**

ရန်ကုန်မြို့နေ (ဦးသိန်းဟန်-ဒေါ်အေးကြွယ်)တို့၏ သမီး၊ [ဦးအေးဖေ (တိုင်းရင်းမေဂျာနယ်နှင့် မြသဇင်ဆန်စက်)]၏ ချစ်လှစွာသောဇနီး၊ (ဦးသာနှင်း-ဒေါ်ခင်မြင့်)၊ (ဦးစိန်ရင်)တို့၏ ညီမ၊ (ဦးခင်ညို-ဒေါ်ညိုညို)တို့၏ အစ်မ၊ ဒေါ်ပြုံးပြုံးအေး၊ ဦးဆန်းဝင်း-ဒေါ်ဆွေဆွေအေး၊ Dr.ဝင်းနိုင်-ဒေါ်ဝေဝေအေး၊ Dr.နွယ်နွယ်အေး၊ ဦးမျိုးဝေ-ဒေါ်မွန်မွန်အေး၊ ဦးဝင်းအေးဖေ-ဒေါ်နီနီအေး၊ ဦးလင်းအေးဖေ-(ဒေါ်ညွန့်ညွန့်ဝေ)တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ ဒေါ်ခင်မြတ်မွန်နှင့် တူ/တူမ ခုနစ်ယောက်တို့၏ ချစ်လှစွာသော အဒေါ်၊ မြေး ၁၃ ယောက်၊ မြစ် ၁၂ ယောက် တို့၏ ချစ်လှစွာသော ဘွားဘွားကြီး သည် ၇-၁၁-၂၀၂၀ (စနေနေ့) ည ၁၀:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၂၀ (သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ပါမောက္ခဒေါက်တာအောင်ကျော်

**(ဦးနှောက်နှင့် အာရုံကြော) ခွဲစိတ်ကုဆရာဝန်ကြီး(ငြိမ်း)**

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

**အသက်(၉၀)**

ရန်ကုန်မြို့နေ (ဦးသန်းဖေ-ဒေါ်စောရင်)တို့၏ သား၊ (ဦးဟိန်တင်-ဒေါ်သိန်းနု)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၁၄၂)၊ အနော်ရထာလမ်း၊ (၃၅)နှင့် (၃၆)လမ်းကြား၊ ကျောက်တံတားမြို့နယ်နေ ဒေါက်တာခင်သန်းတင် (သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး)၏ ခင်ပွန်း၊ (ကိုမင်းသန်းကျော်)၊ ဒေါက်တာမျိုးသန်းကျော်၊ ဒေါက်တာခိုင်သန်းကျော်-ဒေါက်တာချောခိုင်ခိုင်မေသွင်တို့၏ ကျေးဇူးရှင်ဖခင်သည် ၇-၁၁-၂၀၂၀ (စနေနေ့) ည ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါက်တာမြင့်မြတ်အောင် (ပါရဂူဘွဲ့ E.Ph.E)

**အသက် (၅၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၁)၊ အခန်း(၆/ခ) နေ (ဦးမြတ်သာထွန်း-ဒေါ်မြသန်း)တို့၏ သမီး၊ ဦးကျော်သန်းထွန်း-ဒေါ်ခင်စန်းရီ၊ ဒေါ်ညွန့်ယဉ်မေ၊ ဦးနေဝင်း-ဒေါ်အေးအေးငြိမ်းတို့၏ ညီမ၊ (ဦးကျော်သက်ထွန်း)၊ ဦးမျိုးဇော်ဦး-ဒေါ်တင်တင်ဗိုလ်၊ ဒေါ်စုစုထွန်းတို့၏ အစ်မ၊ ဦးမြတ်သန်းတင့်၊ ဦးဉာဏ်လင်းအောင်-ဒေါ်နှင်းနှင်းအေး၊ ဦးသက်အောင်စျာန်တို့၏ အဒေါ်၊ မအေးအေးအောင်၊ မအိအိအောင်တို့၏ အဘွားသည် ၈-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၅၀ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၂၀ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစန်းမြင့်(အတွင်းရေးမှူး)

**လူမှုကူညီရေးအသင်း(ရန်ကုန်)**

**ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြေကွဲခြင်း**

**အသက်(၇၃)နှစ်**

လူမှုကူညီရေးအသင်း(ရန်ကုန်)၏ အတွင်းရေးမှူးဦးစန်းမြင့်[ယခင် နာရေးကူညီမှုအသင်း(ရန်ကုန်)၏အတွင်းရေးမှူးဟောင်း]သည် ၈-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားခြင်းကို လူမှုကူညီရေးအသင်း(ရန်ကုန်)အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ၊ အသင်းသားနှင့် ဝန်ထမ်းအားလုံးက မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**လူမှုကူညီရေးအသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်မိမိ**

**အသက်(၉၄)နှစ်**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဦးသန့်ဇော်(ညွှန်ကြားရေးမှူးချုပ်)နှင့် ဒေါ်ဆွေဆွေရည် (မျက်စိအထူးကုဆရာဝန်ကြီး)တို့၏ မိခင်ကြီးဖြစ်သူ ဒေါ်ခင်မိမိ အသက်(၉၄)နှစ်သည် ၉-၁၁-၂၀၂၀(တနင်္လာနေ့) နံနက် ၆:၃၀ နာရီတွင် ရန်ကုန်မြို့၊ အာယုဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊**
**အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်မိမိ**

**အသက်(၉၄)နှစ်**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဦးသန့်ဇော် (ညွှန်ကြားရေးမှူးချုပ်)-ဒေါ်ဆွေဆွေရည် (မျက်စိအထူးကုဆရာဝန်ကြီး)တို့၏ မိခင်ကြီး ဒေါ်ခင်မိမိ အသက်(၉၄)နှစ်သည် ၉-၁၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၃၀ နာရီတွင် ရန်ကုန်မြို့၊ အာယုဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊**
**တားဆီးကာကွယ်ရေးနှင့်စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလင်းမြင့် အသက် (၇၀)**

**[ဘူမိဗေဒအရာရှိချုပ်(ငြိမ်း)**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း]**

မြန်မာနိုင်ငံရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် အသင်းစာရင်းစစ် ဦးထူးထူးအောင်၏ဖခင် ဦးလင်းမြင့်[ဘူမိဗေဒ အရာရှိချုပ်(ငြိမ်း)မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း]သည် ၈-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလင်းမြင့်**

**အသက်(၇၀)**

မြန်မာနိုင်ငံတွင် ရေနံဘူမိဗေဒပညာရပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးကြိုးပမ်းဆောင်ရွက်နေသော ဆရာဦးလင်းမြင့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရေနံဘူမိဗေဒပညာရှင်များအသင်း) [ဘူမိဗေဒအရာရှိချုပ် (ငြိမ်း)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း] ၈-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) တွင် ကွယ်လွန်အနိစ္စ ရောက်သည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ ဆရာ၏ ကျေးဇူးတရားများအား အစဉ်အမြဲ သတိရနေမည်ဖြစ်ပါသည်။

ဆရာကောင်းရာသုဂတိသို့ရောက်ရှိပါစေ။ **ဘူမိဗေဒမိသားစု**
**ရန်ကုန်တက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလင်းမြင့်** အသက်(၇၀)

Guiding Star Group Limited (GSG)၏ ဥက္ကဋ္ဌ ဖြစ်သော ဦးလင်းမြင့်သည် ၈-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် (၁၁:၀၀) နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**GSG ကုမ္ပဏီ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သီသီတင် (၆၈)နှစ်**

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**

**မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန**

မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနမှ ဒေါ်သီသီတင် ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)သည် ၂-၁၁-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပြီး ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန**
**ဝန်ထမ်းဟောင်းများ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဖေယျဝတီစာသင်တိုက်၊ ဂန္ဓကုရုကျောင်း (တိုက်အုပ်ဆရာတော်)**

**ဘဒ္ဒန္တဝရုတ္တမ (ခ) ဝါယာမ**

**သိက္ခာတော် (၇၂) ဝါ၊ သက်တော် (၉၂) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ ဖေယျဝတီစာသင်တိုက်၊ ဂန္ဓကုရုကျောင်း (တိုက်အုပ်ဆရာတော်) ထားဝယ်ရဟန်းတော်များအသင်း၏သြဝါဒစရိယဆရာတော်သည် (၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်) ၈-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၆:၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်) ၁၀-၁၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိစျာပန ပူဇော်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူတပည့်ဒါယကာ၊ ဒါယိကာမများ

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

## ဒေါ်ညွန့်ညွန့်ဝင်း(ခ)ဘီလေး (စီသာရာ ဘီဘီ)

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ကန်တော်လေးတောင်ပိုင်းရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် (၁၄၇)၊ ပထမထပ်နေ (ဦးအောင်သန်း-ဟာဂျီမဒေါ်ရန်)တို့၏ အမွှာသမီးအငယ်၊ (ဦးမောင်မောင်အေး)-ဒေါ်ခင်စိန်၊ (ဦးလှမြင့်)-ဒေါ်မြင့်မြင့်တို့၏ ညီမ၊ ဒေါ်ညွန့်ညွန့်ဝေ(ခ)ဘီကြီး (တရားရုံးချုပ်-ငြိမ်း)၏ အမွှာညီမအငယ်၊ ဦးသန်းထွန်း-ဒေါ်ကြည်ကြည်ဝင်း(ခ)ဘိုမ၏ အစ်မသည် ၁-၁၁-၂၀၂၀ ရက် ည ၈:၀၄နာရီ တွင် အလ္လာဟ်အရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂-၁၁-၂၀၂၀ ရက် နံနက် ၁၀:၄၅ နာရီတွင် ဒဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဆရာကြီး ဦးခင်အောင်ကြည်

**အသက်(၈၉)နှစ်**

**ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်စက်မှုတက္ကသိုလ်**

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး ဖြစ်ထွန်းတိုးတက်မှုများတွင် ဦးဆောင်ခဲ့သူတစ်ဦးဖြစ်သည့် ဆရာကြီး ဦးခင်အောင်ကြည်၊ပါမောက္ခချုပ်(ငြိမ်း)၊ရန်ကုန်စက်မှုတက္ကသိုလ် ကွယ်လွန်သွားသည့်အတွက် ဆရာကြီး၏ မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဗဟိုကော်မတီဝင်များ**
**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း ဒါယကာကြီး**

**ဦးဆယ်မောင် (ကျောက်ပန်းတောင်း)**

**အသက်(၈၇)နှစ်**

မိဘဂုဏ်ရည်မိသားစုအဖွဲ့မှ ဦးမျိုးလွင်၏ဖခင်ကြီး ဦးဆယ်မောင်သည် ၉-၁၁-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မိဘဂုဏ်ရည်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးလင်းမြင့်**

**ဘူမိဗေဒအရာရှိချုပ် (ငြိမ်း)**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

**အသက်(၇၀)**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဘူမိဗေဒအရာရှိချုပ်(ငြိမ်း) ဦးလင်းမြင့် အသက်(၇၀)သည် ၈-၁၁-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရှာဖွေရေးနှင့်ဖွံ့ဖြိုးရေးဌာန မိသားစု**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလင်းမြင့်**

**အသက်(၇၀)**

Asia Guiding Star Services Company Limited (AGS)၏ ဥက္ကဋ္ဌဖြစ်သော ဦးလင်းမြင့်သည် ၈-၁၁-၂၀၂၀ (တနင်္ဂနွေနေ့)၊ နံနက် (၁၁:၀၀)နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**AGSကုမ္ပဏီဝန်ထမ်းများ**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၀၆ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်)

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၁) | ဒေါ်ချိုချို | ၇/အတန(နိုင်)၀၇၁၄၅၀ | အုတ်တွင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၂) | ဒေါ်ခင်မို့မို့အောင် | ၁၂/တတန(နိုင်)၁၈၁၄၀၀ | လသာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၃) | ဒေါက်တာဦးထွန်းလင်းမော် | ၁၄/ဘကလ(နိုင်)၀၁၃၃၆၉ | ကြံခင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၀၇ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၁) | ဦးကျော်ဇေယျ | ၇/အတန(နိုင်)၀၈၁၆၆၄ | အုတ်တွင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးငွေးလွင် | ၇/ဖမန(နိုင်)၀၀၅၂၁၈ | အုတ်တွင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၃) | ဒေါ်ယဉ်ယဉ်မြင့် | ၁၂/လသန(နိုင်)၀၁၆၈၇၆ | လသာ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဒေါ်အေးမြမြမျိုး | ၁၃/တကန(နိုင်)၁၄၃၃၄၁ | လသာ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၅) | ဒေါ်အိသူဇာလွင် | ၁၄/ကခန(နိုင်)၀၀၀၉၂၃ | ကြံခင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးစိုးမြင့် | ၁၄/ကခန(နိုင်)၀၆၉၅၅၇ | ကြံခင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၉
စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

## လာမည့်နှစ်တွင် ကျင်းပမည့်ပြိုင်ပွဲများအတွက် မြန်မာအမျိုးသမီးအသင်း ပြင်ဆင်

ရန်ကုန် နိုဝင်ဘာ ၉
မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် လာမည့်နှစ်တွင် ယှဉ်ပြိုင်ရမည့် အာရှနှင့် အရှေ့တောင်အာရှအဆင့်ပြိုင်ပွဲများအတွက် ပြင်ဆင်မှုများပြုလုပ်မည်ဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါအပေါ်မူတည်၍ ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် လာမည့်နှစ်တွင် ပြိုင်ပွဲနှစ်ခုမှသုံးခုအထိ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နှစ်ကုန်ပိုင်း သို့မဟုတ် နှစ်ဆန်းပိုင်းတွင် စတင်လေ့ကျင့်နိုင်ရန် မျှော်မှန်းထားသည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း နည်းပြချုပ်အပြောင်းအလဲပြုလုပ်ထားပြီး နှစ်လယ်ပိုင်းတွင် ဦးတင်မြင့်အောင်ကို ယာယီနည်းပြချုပ်အဖြစ်မှ အမြဲတမ်းနည်းပြချုပ်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်လယ်ပိုင်းကတည်းက

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ○



၂၀၁၉ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းနှင့်ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်စဉ်။

## ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အမေး၊ အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၉
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

နိုဝင်ဘာ ၁၀ ရက် ညနေတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့်ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင် ခေတ္တညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဒေါက်တာသန်းဝင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်နှင့် ကူးစက်ရောဂါဗေဒသုတေသနဌာနခွဲ၊ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)၊ တာဝန်ခံ၊ National COVID-19 Call Centre၊ ဒုတိယညွှန်ကြားရေးမှူး၊ ဌာနခွဲမှူး ဒေါက်တာမျိုးမျိုးမွန်တို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ
ယနေ့ဖတ်စရာ

**လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူထားကြောင်း အသိပေးကြေညာခြင်း**

စာမျက်နှာ » ၃

**၂၀၂၀ အထွေထွေရွေးကောက်ပွဲသည် တရားမျှတ၍ ပြည့်စုံမှန်ကန်သည့် ရွေးကောက်ပွဲဖြစ်ပြီး အားလုံးကနေ အသိအမှတ်ပြုမည်ဟု ထင်မြင်ပါကြောင်း ဂျပန်နိုင်ငံအစိုးရ၏ အထွေထွေရွေးကောက်ပွဲလေ့လာရေးအဖွဲ့ခေါင်းဆောင် မစ္စတာရိုဟေးဆာဆာကာဝါ ပြောကြား**

စာမျက်နှာ » ၉

**Pfizer နှင့် BioNTech ထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးက ၉၀ ရာခိုင်နှုန်းကျော် ကာကွယ်နိုင်**

စာမျက်နှာ » ၁၁

**သတင်းအသိ သတိရှိကြပါစို့**

စာမျက်နှာ » ၁၅